


www.burmeseclassic.com
စိတ်ကြိုက်စာပေ
မောင်ခေတ္တ
( လယ်ဝေး )
ကြောက်စရာမိန်းမသား
BURMESE CLASSIC .com
2010
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၆၀၀၀၂၆၀၁၁၁
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၆၀၀၀၈၂၀၂၁၁
**အုပ်ရေ** - ၅၀၀ အုပ်
**တန်ဖိုး** - ၅၀၀ ကျပ်
**ထုတ်ဝေသည့်ခုနှစ်** - ၂၀၁၁ ခုနှစ်၊ မတ်လ
**အဖုံးဒီဇိုင်း** - သန့်ဇော်သစ်
**အတွင်းဖလင်** - A-7 Group. (Asia Plaza)
**ကွန်ပျူတာစာစီ** - A-7 Group (Asia Plaza)
**စီစဉ်သူ** - မျိုးညွန့် (စိတ်ကြိုက်စာပေ)
**ထုတ်ဝေသူ** - ဦးချစ်ညွန့် (၀၄၀၀၄)၊
ဇင်ရတနာစာပေ၊
၂၀၅က/၄-လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**စာအုပ်ချုပ်** - ပန်းဝေဝေ

၂၉၄.၃
ဆန္ဒ/မောင် (လယ်ဝေး)
ကြောက်စရာမိန်းမသား/ မောင်ဆန္ဒ(လယ်ဝေး)- ရန်ကုန်။
ဇင်ရတနာစာပေ၊ ၂၀၁၀။
၁၉၅-စာ ၊ ၁၀.၅× ၁၆.၅စင်တီ။
(၁) ကြောက်စရာမိန်းမသား

BURMESE CLASSIC .com

## မာတိကာ

၁။ အငြိုးကြီးသည့် မိန်းမသား ၁
၂။ စွပ်စွဲဝံ့သည့် မိန်းမသား ၂၁
၃။ အကြံပက်စက်သည့် မိန်းမသား ၃၅
၄။ ရန်ငြိုးဖွဲ့သည့် မိန်းမသား ၄၇
၅။ သဒ္ဓါစိတ်နည်းသည့် မိန်းမသား ၇၁
၆။ တွေဝေမိုက်မဲသည့် မိန်းမသား ၈၁
၇။ ရမ္မက်ကြီးသည့် မိန်းမသား ၉၁
၈။ ရက်စက်လွန်းသည့် မိန်းမသား ၁၀၉
၉။ ကာမဂုဏ်ကြီးသည့် မိန်းမသား ၁၂၃
၁၀။ စိတ်ထားယုတ်ညံ့သည့် မိန်းမသား ၁၄၈
၁၁။ သာသနာဖျက်သည့် မိန်းမသား ၁၆
၁၂။ ယုတ်မာဖောက်ပြား မိန်းမသား ၁၇၆
၁၃။ လော်လီဖောက်ပြား မိန်းမသား ၁၈၇

www.burmeseclassic.com

www.burmeseclassic.com

## စကားဦး

ကမ္ဘာကြီး ထာဝစဉ် ရှင်သန်နေရေးသည် အမျိုးသမီးလက်ထဲတွင် တည်နေသည်။ အမျိုးသမီးတို့သည် ကမ္ဘာကြီး တည်တံ့အောင် ထိန်းသိမ်းကြမည်။ လူသားတို့ကို မွေးထုတ်ပေးနိုင်သည်။

ကမ္ဘာကြီး အစဉ်လှပနေရေးသည် အမျိုးသမီးတို့လက်ထဲတွင် တည်နေသည်။ အမျိုးသမီးတို့သည် ကမ္ဘာကြီးလှပအောင် တည်ဆောက်မည့် လူသားတို့ကို ထိန်းကျောင်းပေးနိုင်သည်။

သို့ဖြစ်ရာ ကမ္ဘာကြီးသည် မိခင်အမျိုးသမီးကောင်းတို့၏ လက်ထဲတွင် တည်နေသည်။

မိခင်အမျိုးသမီးသည် ကမ္ဘာကြီးကို တည်တံ့လှပအောင် ဖန်တီးခြင်းနှင့် ဖျက်ဆီးခြင်း လက်နက်နှစ်မျိုး ပိုင်ဆိုင်ထားသည့် အမျိုးသမီးတို့တွင် ဖျက်ဆီးနိုင်သည့်အားက ပို၍သာသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မာတုဂါမတို့ကို အဆင့်သုံးဆင့် ခွဲထားသည်။ ပထမ၊ ဒုတိယ၊ တတိယအဆင့်ဟူ၍ဖြစ်သည်။ ပထမအဆင့်က ယုတ်ညံ့သော အဆင့်၊ ဒုတိယအဆင့်က အလတ်စားအဆင့်၊ တတိယအဆင့်က အမြတ်စားအဆင့်ဖြစ်သည်။

ယုတ်ညံ့သောအဆင့်ရှိသော အမျိုးသမီးများသည် ငါးဝအာရုံ ကာမဂုဏ်ဖြင့် ယောကျ်ားတို့ကို ဖြားယောင်းလျက် ကာမတဏှာဖြင့် သိမ်းသွင်း၏။ မာယာဖြင့် နှံ့ထဲဆွဲပို့သည်။ ဤသို့ဖြင့် ယောကျ်ားတို့ကို ပျက်စီးအောင်ပြုလုပ်၏။ အမှုကိစ္စ ထိန်းသိမ်းစောင့်ရှောက်သည့် အမြတ်စား မိန်းမသားသည် သားသမီးဟူသော မျိုးဆက်ကို မွေးဖွားပေးသည်။ ပညာရှိသော သားသမီးကောင်းကို မွေးဖွားပေး၏။ ထိုသားသမီးတို့ကို မိခင်မေတ္တာဖြင့် စောင့်ရှောက်၏။ ပညာသင်ပေးသည်။ ပြုပြင်ပေးသည်။ ထိန်းသိမ်းပေးသည်။ ဤသို့ဖြင့် အနန္တဂိုဏ်းဝင် မိခင်တစ်ဦးအဖြစ် ရပ်တည်သည်။

ဘုရားရှင်သည် အမျိုးသမီးများကို အမျိုးသားများနှင့် တတန်း တစ်စားတည်း ထားသည်။ မမွေဝိနိယ သာသနာတော်၌ ရဟန်းဘဝ ဝင်ရောက်ပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ် မျက်မှောက်ပြုနိုင်ကြောင်း ဟောတော်မူခဲ့သည်။ ဘုရားရှင် လက်ထက်၌ တေဒဂ်ဘွဲ့ရ ဂေါတမီထေရီ၊ ခေမာထေရီစသော တေဒဂ်ထေရီကြီးများပင် ရှိသည်။ ထို့အတူ တေဒဂ်ရ ခုဇ္ဇုတ္တရကဲ့သို့ မိန်းမအမြတ်စားထက် အယုတ်စား၊ အညံ့စားက ပို၍များသည်။ သံသရာဘေးကြောက်လျက် ရဟန်းဘောင်သို့ ကူးပြောင်းခဲ့သော အမျိုး သားကောင်း ယောကျ်ားများကို အမျိုးသမီးတို့သည် နစ်နာအောင်၊ ပျက်စီးအောင် ဖျက်ဆီးနိုင်သည်။ သို့ဖြစ်၍ အမျိုးသမီးများနှင့် မပေါင်းအပ်ကြောင်း ဝေးဝေးက ရှောင်သင့်ကြောင်း ထပ်ပြန်တလဲလဲ ဆုံးမခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်သည် အမျိုးသမီးများကို ယုတ်ညံ့သူဟု အလျဉ်းမသတ်မှတ်ထားသော်လည်း ယုတ်ညံ့သောစိတ်ရှိအောင် ဖန်တီးနိုင်၍ ရှောင်ရှားရန် ဆုံးမသည်။ မိန်းမသည် နံနက်ချိန်တွင် သဝန်တိုကြသည်။ နေ့လယ်တွင် သူတစ်ပါးစည်းစိမ်ကို ငြူစူစိတ်ရှိသည်။ ညဦးအခါ ကာမဂုဏ်စိတ်ဖြင့် နေလေ့ရှိကြောင်း တိကနိပါတ်၊ အနုရုဒ္ဓသုတ်တွင် ဟောပြခဲ့သည်။ ထို့ပြင် မရောင့်ရဲခြင်းလေးပါးရှိရာ "မိန်းမတို့သည် ကာမဂုဏ်၌ မရောင့်ရဲခြင်း" ဟူ၍ ပါရှိသည်။ ထို့ပြင် မိန်းမတို့သည် အစား၌ လျှပ်ပေါ်ခြင်း၊ အဝတ်၌ လော်လီခြင်း၊ ဥစ္စာတပ်မက်မှု၌ လော်လီခြင်း၊ အသွားအလာ၌ လော်လီခြင်းရှိသည်။ မိန်းမတို့သည် မဟုတ်မမှန်ပြောခြင်း၊ လှို့ဝှက်ခြင်း၊ လှည့်ပတ်ခြင်း၊ မိုက်မဲတွေဝေခြင်း၊ လောဘကြီးခြင်း၊ မစင်ကြယ်ခြင်း၊ မသနားခြင်းဟူသော အပြစ်များလည်း ကျူးလွန်တတ်သည်။ ထိုသဘောထားကြောင့် ယုတ်ညံ့သောစိတ်ရှိသူဟု ဘုရားရှင်က သတ်မှတ်သည့် မိန်းမနှင့်ပတ်သက်၍ ရှောင်ရှားရန် ထပ်ပြန်တလဲလဲ ဆုံးမသဖြင့် အရှင်အာနန္ဒာက အဘယ်ကဲ့သို့ဆက်ဆံရမလဲ။ ရဟန်းသည် ဆွမ်းကွမ်းကိစ္စအတွက် မာတုဂါမများနှင့် မဆက်ဆံ၍မရ၊ အကယ်၍ စကားမပြောလျှင် အ,သူဟူ၍ မှတ်ယူရာ၏ဟု လျှောက်မေးခဲ့သည်။ ထိုအခါ ဘုရားရှင်က "မဆက်ဆံ၍ မဖြစ်လျှင် အမိကဲ့သို့လည်းကောင်း၊ နှမကဲ့သို့လည်းကောင်း ဆက်ဆံရန်" ဆုံးမခဲ့သည်။ ဤရွေ့ ဤမျှထိ မိန်းမသားတို့နှင့် ဆက်ဆံရေးကို ကြောင့်ကြခဲ့ခြင်းမှာ ယုတ်ညံ့သည့် စိတ်ရှိသော မိန်းမသားများနှင့် တွေ့မှာ၊ ညွှတ်ကွင်းထဲ ဝင်မိမှာ စိုးရိမ်၍ဖြစ်ပေသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

"ဒီမယ် ပုဏ္ဏားကြီး၊ ဒီလို ရာဂကျန်ခန်းနေသူက
ရှင့်သမီးကို ယူမတဲ့လား။ ကြည့်လေ ဒီခြေရာ၊
ရာဂမကင်းသူက သောင့်ကြောင့်ထိုင်တော့
ခြေဖျားထင်ကျန်တယ်၊ အခု မထင်ဘူး"

"အင်း..."

"ဒေါသကြီးသူဟာ ခြေနင်းရင်
ဖနောင့်ရာထင်တယ်၊ အခု မထင်ဘူး"

"အေး..."

"မောဟကြီးသူက ခြေတရွတ်
ဆွဲလို့ အကြောင်းထင်နေတတ်တယ်၊
အခု မထင်ဘူး"

BURMESE CLASSIC .com

## အငြိုးကြီးသည့် မိန်းမသား

ကျွန်ုပ်မ မာဂဏ္ဍီရဲ့နှလုံးသားကို ဓားနဲ့ နှပ်နှပ်စဉ်းတာမှ ခံသာဦးမယ်။ ကြားရတဲ့စကားက ကျွန်မဘဝတစ်ခုလုံး ဖျက်ဆီးခံလိုက်ရသလို ပါပဲ။

ကြည့်လေ ဘုရားရှင် မိန့်မြွက်တဲ့စကားတဲ့။

"အချင်းပုဏ္ဏား၊ ငါ ဘုရားဟာ မာရ်နတ်ရဲ့သမီးတွေဖြစ်တဲ့ ရာဂ၊ တဏှာ၊ အာရတီတို့နဲ့ ဖြားယောင်းစဉ်ကပင် တစ်ဆံချည်မျှ မဖောက်ပြန်ဘူး။ သင် ဘယ်လောက် အမွှမ်းတင်ပေမယ့် ကျင်ကြီး၊ ကျင်ငယ်၊ မစင် ဘင်ပုပ်နဲ့ မွမ်းထုံနေတဲ့ သင့်သမီးကို အဘယ်မှာ အလိုရှိအံ့နည်း။ သင့်သမီးကို ခြေဖျားနဲ့တောင် မထိလို"

www.burmeseclassic.com

www.burmeseclassic.com



သည်စကားကို ကြားပြန်တော့ ဒေါသစိတ်နဲ့ အသား တဆတ်ဆတ်တုန်သွားတယ်။ ဟုတ်တယ်လေ သည်စကားက မိန်းမသားကို ပြောသင့်တဲ့စကားလား။ အကယ်၍ မလိုလားဘူးဆိုလည်း မလိုဘူးပြောရုံနဲ့ ပြီးပါတယ်။ ယခုတော့ ရက်ရက်စက်စက် ပြောလိုက်တာ နားမချမ်းသာစရာ။ ဒေါသစိတ်နဲ့ မျက်ရည်တောင် ကျခဲ့တယ်။

"အဟင်း... တွေ့ရသေးတာပေါ့ ရှင်ကြီးဂေါတမရယ်၊ မာဂဏ္ဍီဆိုတဲ့ မိန်းမသားဟာ ဘယ်လို မိန်းမမျိုးဆိုတာ သိစေမယ်"

ကျွန်မစိတ်ထဲ အငြိုးအတေးထားပေမယ့် အဖမာဂဏ္ဍီနဲ့ အမိမာဂဏ္ဍီကတော့ ဒေါသဖြစ်ပုံလည်း မပြဘူး၊ အငြိုးအတေးထားဟန်လည်း မရှိဘူး။ ဘုရားရှင်ဟောတဲ့တရားကို မြင်သိသွားဟန်ဖြင့် 'မှန်ပေတယ်... မှန်ပေတယ်'လို့သာ တဖွဖွ ရေရွတ်နေတယ်။

"ဘာ မှန်တာလဲ အဖေ၊ ကိုယ့်သမီး နုနုထွတ်ထွတ်ကို ရစရာမရအောင် ရှုံ့ချ၊ ပြစ်တင်စကားဆိုတာ မှန်တယ်တဲ့လား၊ ဒါဆို သမီးကို စော်ကားရင်တောင် မှန်တယ်လို့ ပြောဦးမှာလား"

ကျွန်မစိတ်ထဲက သည်သို့ ပြောလိုက်ချင်ပေမယ့် ကိုယ့်အပေါ် မေတ္တာစိတ်ကြီးမားတဲ့ မိဘနှစ်ပါးကို အပြစ်မတင်ရက်ဘူး။ သမီးကို ခင်ပွန်းကောင်းနဲ့ ထိမ်းမြားစေလိုတဲ့ မိဘမေတ္တာကို နားလည်လိုက်ပါတယ်။

* * *



ကျွန်မ မိဘနှစ်ပါးဟာ ကုရုတိုင်းမှ နိဂုံးရွာတစ်ရွာတွင် ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေပါ။ သူတို့ဟာ ဗြဟ္မဏတွေ တတ်မြောက်သင်ယူရတဲ့ ဗေဒင်သုံးပုံ ကျွမ်းကျင်သူတွေပါ။ ကိုယ့်ပညာ၊ ကိုယ့်ဂုဏ်ရှိန်၊ ကိုယ့်စည်းစိမ်နဲ့ တင့်တင့်တယ်တယ် နေနိုင်တယ်။ သည်မျှသာ မကဘူး နတ်သမီးတမျှ လှပတဲ့ သမီးချောလေးရှိတဲ့ သမီးရှင်ပီပီ မာန်တက်နေတယ်။ ဟုတ်တယ်လေ ဒီသမီးရဲ့ ကြန်အင်္ဂါဟာ တော်ဝင်နန်းထိုက်ပန်းမကိုင်ရွှေလေး မဟုတ်လား။ သည်သမီးကို အမှီပြုပြီး သူတို့ကြီးပွားနိုင်တယ်ဆိုတာ သိထားတယ်။ ဒါကြောင့်လည်း ခင်ပွန်းကောင်းနဲ့ ထိုက်ထိုက်တန်တန် ပေးစားဖို့ အစဉ်တွေးနေတယ်။

"ဘယ်လိုလဲ ရှင်မ၊ ကျုပ်သမီးအတွက် ခင်ပွန်းကောင်း တွေ့ပြီလား"

မာဂဏ္ဍီပုဏ္ဏားကြီးကမေးတော့ ပုဏ္ဏေးမကြီးက မျက်လုံးလှန်ကြည့်တယ်။ အလိုမကျဟန်နဲ့ နှုတ်ခမ်းရွဲ့ပြီး တစ်ဖက်လှည့်သွားတယ်။

"ဟောဗျာ... ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ၊ ခင်ဗျားသမီးအတွက် ကြင်ယာလောင်း ရှာတွေ့ပြီလားလို့ မေးနေတာ"

"ရှင် လိုချင်တဲ့ သမက်မျိုး ဟောဒီ ဇမ္ဗူဒိပ်ကျွန်းမှာ မရှိနိုင်ဘူးရှင်ရေ့၊ ဘယ့်နှယ်တော်... သမီးကိုလိုချင်လို့ လယ်ပယ် ငါးဆယ်၊ နွား ဆယ်ရှဉ်း၊ မျိုးစပါး အပြည့်အစုံနဲ့ အိမ်လက်ဖွဲ့အဖြစ် တင်တောင်းပါ့မယ် ဆိုတော့လည်း ရှင်က လက်မခံဘူး"

www.burmeseclassic.com

www.burmeseclassic.com



“ငါ့သမီးက ဒီလို လူမျိုးလောက်နဲ့ ပေးစားရမှာလား”

“ဒါဖြင့် သူဌေးသူကြွယ်တွေက ရွှေလမ်းငွေလမ်းခင်းပြီး တောင်းရမ်းတော့ရော တော်က ဘာဖြစ်လို့ ခေါင်းရမ်းတာလဲ”

“ဟ… ငွေရှိတာကလွဲပြီး ဘာအရည်အချင်းမှမရှိတဲ့ အန္ဓဗာလတွေကို ငါက ပေးစားရမှာလား၊ ယောက်ျားတဲ့ ခါးလိမ် နံစောင်း၊ သွားတစ်ချောင်းမှမရှိတဲ့ သူဌေး၊ ချိုကျိုး၊ နားရွက်ပဲ့၊ စွေတဲ့မျက်လုံး၊ ကုန်းတဲ့ခါး၊ ယောက်ျားရုပ်မပေါက်တဲ့ ယောက်ျား၊ ငါ့သမီးနဲ့ ပေးစားရမလားကွ”

“ဒီလောက် ကဂျီကကြောင်များတဲ့ ရှင့်လို ယောက္ခမအတွက် သမက်မရှိဘူး”

အဘွားကြီး မာဂဏ္ဍီက ကက်ကက်လန်အောင် ရန်တွေ့တော့ အဘိုးကြီး မျက်လုံးပြူးသွားတယ်။ ဘယ်တုန်းကမှ သည်ပုံမျိုး မပြောဘူးလို့ အံ့သြနေတယ်။ ဒါပေမယ့် ချက်ချင်း မျက်နှာထားပြောင်းပြီး အမိပွာယ်ပါပါ တစ်ချက်ပြုံးလိုက်တယ်။

“မယ်… မင်း ခင်ဗျားတို့ ယောက်ျားယူတာ ဥစ္စာပေါ၊ ရုပ်ချော၊ အပြောကောင်းတာနဲ့ လင်ကောင်းရပြီ ထင်လား”

“အဟင်းဟင်း… ဟုတ်ပါရဲ့၊ ကျွန်မကလည်း ရှင်လို ဥစ္စာရှိတဲ့ ပုဏ္ဏား၊ အဆင်းရူပကာပြည့်စုံတဲ့ ပုဏ္ဏား၊ စကားအရာ လိမ္မာတဲ့



ပုဏ္ဏားတွေ့တော့ လင်ကောင်းရသဟဲ့လို့ တွေးပြီးအတင်းကောက်ယူခဲ့တာကိုး”

“မင်း ရွဲ့မပြောနဲ့”

အဘိုးကြီးဟာ စကားနှင့် လှန်ပက်လိုက်တဲ့ ပုဏ္ဏေးမကြီးကို ကြည့်ပြီး စကားမပြောနိုင်အောင် ဖြစ်သွားတယ်။ အဘွားကြီးက သည်မျှနဲ့ အခဲမကျေသေးဘူး၊ ပြောခွင့်ကြုံတော့ ခါးထောက်ပြီး ရပ်လိုက်တယ်။

“ဒီမယ် ကျုပ်တို့ မိန်းမသားတွေက မျက်စိမပါဘူး၊ နားမရှိဘူး၊ နှာခေါင်းမသုံးဘူးထင်လား၊ ယောက်ျားဆို ပြီးပြီးရော သဘောနဲ့ ယူတယ်ထင်လား၊ ကိုယ့်စိတ်ကြိုက် ရွေးစတမ်းဆိုရင် ရှင်လိုလူ ကျုပ်အိမ်သား ဖြစ်မလာဘူးမှတ်”

“မင်း ဒီစကားမျိုး မပြောသင့်ဘူး”

“ဟုတ်တယ်၊ မပြောသင့်မှန်း သိတယ်၊ ရှင် ဇီဇာကြောင်နေလို့ စိတ်မရှည်တာနဲ့ ပြောမိတာ၊ ကျုပ်လည်း မအေ၊ သမီးကို လင်ကောင်းပေးစားချင်တယ်၊ ကျုပ်လည်း ရွေးနေတာပဲ၊ ဒါပေမယ့် ရှင့်လိုချင်တဲ့ လူမျိုးနဲ့ စကြဝဠာဖြန့်ပြီး ရှာတောင် မတွေ့နိုင်ဘူး”

“မင်း အကြဲတုံးဉာဏ်တုံးစကား မပြောနဲ့၊ ကျုပ်စိတ်ကြိုက် သမက် မျိုးရအောင် ကျုပ်ကိုယ်တိုင် ရှာပြမယ်”

www.burmeseclassic.com

www.burmeseclassic.com



"အလိုတော်... ရှာပါ... ရှာပါ၊ ဇမ္ဗူတစ်ဝန်းလုံး ရှာနိုင်အောင် မြင်းငှားပေးလိုက်ဦးမယ်"

ကျွန်မအတွက် အဖေနဲ့အမေ စကားများကြတာ ကြားနေရပါတယ်။ သည့်မျှ အလေးအနက်ထားမှန်းသိတော့ ကိုယ့်ဘက်ကလည်း သိတတ်ဖို့ လိုပါတယ်။ မိဘ ရွေးပေးတဲ့ လင်သားကို ကြည်ကြည်ဖြူဖြူ လက်ခံဖို့ စဉ်းစားထားပါတယ်။

တစ်နေ့တော့ ကျွန်မအဖေ ရေးကြီးသုတ်ပျာ ပြန်လာတယ်။ အမေနဲ့ ကျွန်မကို "လာကြစမ်း အမြန်လိုက်ခဲ့ကြစမ်း၊ ငါ့သမက်လောင်း တွေ့ပြီဟေ့"လို့ ဝမ်းသာအားရ ခေါ်တယ်။ ကျွန်မနဲ့အမေလည်း အဖေ့နောက် သွေးရူးသွေးတန်းနဲ့ လိုက်သွားပါတယ်။ ဒါပေမယ့် အဖေ တွေ့ခဲ့တယ်ဆိုတဲ့ သမက်လောင်းက ရှိတော့ဘူး။ အဖေ တော်တော် စိတ်ညစ်သွားတယ်။

"ငါ သေသေချာချာတွေ့ခဲ့ ပြောခဲ့တာပါ၊ သူ့နာမည်က တထာဂတတဲ့၊ တကယ့် ယောကျ်ားပီသတဲ့ ယောကျ်ား၊ အမျိုးသားကောင်းရဲ့ လက္ခဏာနဲ့လည်း ပြည့်စုံတယ်၊ ငါ့သမီးနဲ့လိုက်ဖက်လွန်းလို့ ခဏလေးစောင့်ပါ၊ သမီးကို ချက်ချင်း ခေါ်လာပါ့မယ်၊ ကြန်အင်္ဂါပြည့်စုံတဲ့ သမီးကို သိမ်းပိုက်ပါလို့ ပြောခဲ့တာ"



"အဟင်းဟင်း... ရှင့်သမက်လောင်းက ရှင့်စကား တော်တော်နားထောင်သားပဲ"

အမေက စကားနဲ့ရိလိုက်တော့ ဖခင်ကြီး ဒေါပွသွားတယ်။ ဒါပေမယ့် ပြောစရာဖြစ်နေတော့ အောင့်အည်းသည်းခံပြီး ဟိုနားသည်နား ထပ်ရှာတယ်။ အဖေက တစ်စုံတစ်ခုကိုတွေ့ပြီး ပျော်သွားဟန်နဲ့ ခေါ်တယ်။ ကျွန်မတို့သားအမိကို ခြေရာတစ်ခု ညွှန်ပြတယ်။

"တွေ့လား မင်း မြင်လား၊ အဲဒါ တထာဂတရဲ့ ခြေရာ၊ ခြေရာကြည့်တာနဲ့ ဘယ်လိုယောကျ်ားမျိုးလည်းဆိုတာ အကဲခတ်လို့ရပါတယ်"

ဗေဒင်လက္ခဏာအတတ် ကျွမ်းကျင်တဲ့ ကျွန်မအမေက ကြည့်ပြီး ဟားတိုက်ရယ်ပါလေရော။

"ပုဏ္ဏားကြီး ရှင်က ပညာတတ်တာတော့ မှန်တယ်၊ ဒါပေမယ့် သမက်ရချင်ဇောနဲ့ သမီးအတွက် စိတ်ကူးယဉ်တာကြောင့် အမှန်မမြင်ဘူး၊ ဒီမယ် ဟောဒီ ခြေရာမျိုးက ကာမဂုဏ်၊ စည်းစိမ် မမွေ့လျော်ဘူးရှင့်၊ ရှင် ဘယ်လောက် ပေးစားချင်လည်း ဟိုက လက်ခံမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ... ငါ့သမီးလို ဥစ္စာပေါ ရုပ်ချောသူကို မယူချင်တဲ့လူ ရှိမလား၊ ငါကသာ သဘောတူရင် ယူကိုယူရမယ်"

ကျွန်မ ဖခင်ကြီးဟာ ဒေါသတကြီးနဲ့ ထအော်တယ်။ သူ့စကားကို လက်မခံတဲ့ အမေ့ကိုလည်း ဒေါပွနေတယ်။

"ဒီမယ် ပုဏ္ဏားကြီး၊ ဒီလို ရာဂကုန်ခန်းနေသူက ရှင့်သမီးကို ယူမတဲ့လား၊ ကြည့်လေ ဒီခြေရာ၊ ရာဂမကင်းသူက ဆောင့်ကြောင့်ထိုင်တော့ ခြေဖျားထင်ကျန်တယ်၊ အခု မထင်ဘူး"

"အင်း..."

"ဒေါသကြီးသူဟာ ခြေနင်းရင် ဖနောင့်ရာထင်တယ်၊ အခု မထင်ဘူး"

"အေး..."

"မောဟကြီးသူက ခြေတရွတ်ဆွဲလို့ အကြောင်းထင်နေတတ်တယ်၊ အခု မထင်ဘူး"

"အဲ..."

"ဒီခြေရာဟာ အပြစ်သုံးပါးကင်းတဲ့ခြေရာ၊ ဖဝါးပြင်က တစ်ပြေးတည်းရှိနေတယ်၊ ဒီတော့ ရာဂ၊ ဒေါသ၊ မောဟကင်းသူရဲ့ခြေထောက်၊ ဒီပုဂ္ဂိုလ်မျိုးက ရှင့်သမီးကို ယူမတဲ့လား"



"သဘောတူပြီးသားပါကွာ"

အမေက ကျိုးကြောင်း ပြောပြပေမယ့် အဖေက နားမဝင်ဘူး။ တထာဂတကို တွေ့အောင်ရှာတယ်။ အဲဒီမှာ ပြဿနာပေါ်တော့တာပါပဲ။

* * *

ဘုရားရှင်ကို သမက်လောင်းရွေးထားတဲ့ ကျွန်မအဖေဟာ ဘုရားရှင်ကိုတွေ့တော့ ပျော်သွားတယ်။

"တထာဂတ၊ ကျွန်ုပ် တထာဂတနဲ့ တွေ့တယ်ဆိုတာ ဟောဒီ ပုဏ္ဏေးမကြီး မယုံဘူး၊ ကျွန်ုပ်သမီးကိုလည်း တထာဂတကိုပေးတာ လက်ခံတယ် ဆိုတာလည်း မယုံဘူး၊ ကိုင်း... အခု ပြောပြလိုက်စမ်းပါ"

ကျွန်မအဖေက ဝမ်းသာအားရ စကားတွေဆိုနေပေမယ့် ဘုရားရှင်က တည်ငြိမ်တဲ့စကားနဲ့ တုံ့ပြန်ပါတယ်။

"ပုဏ္ဏားကြီး သင် ဘာကြောင့် ဒီလောက် အားထုတ်နေတာလဲ၊ ရာဂကင်းပြတ်တဲ့ ပုဂ္ဂိုလ်ကို ဒီလို မဆက်ဆံရဘူး"

"ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ တုံ့ပြန်စကားကြောင့် ပုဏ္ဏားကြီး အံ့သြသွားတယ်။ ပုဏ္ဏေးမကြီးကတော့ ကြိုတင် မျှော်လင့်ထားတဲ့ စကားကြားရလို့ ခနဲ့ပြုံးနဲ့ ပြုံးနေတယ်။

"တထာဂတ၊ ဘယ်လိုပြောလိုက်တာလဲ၊ ရာဂကင်းပြတ်တယ်ဆိုတာ ဘာလဲ၊ လောကမှာ အဲဒီပုဂ္ဂိုလ်မျိုး ရှိလား၊ ဒီမယ် တထာဂတ၊ ကျွန်ုပ် သမီးဟာ ဇမ္ဗူရစ် ရွှေစင်လို အဆင်းရှိသူပါ၊ မိန်းမသားတို့ရဲ့ ကောင်းခြင်းငါးဖြာနဲ့လည်း ပြည့်စုံသူပါ၊ သမီးရဲ့ အလှဂုဏ်ကြောင့် တောင်းရမ်းလာသူတွေလည်း အမြောက်အမြားပါ၊ အဲဒီထဲက သင့်ကို ရွေးတာဟာ ယောကျ်ားမြတ် လက္ခဏာရှိလို့ပါ"

"အချင်းပုဏ္ဏား ငါဟာ ကိလေသာ အညစ်အကြေးမှန်သမျှ အမြစ်က ကင်းပြတ်အောင် ဖြတ်ပြီးသူဖြစ်တယ်၊ ငါ့မှာ ကိလေသာ အနိုးအငွေ့ပင် မကျန်အောင် ကင်းစင်နေပြီ ပုဏ္ဏား"

မာဂဏ္ဍီပုဏ္ဏားဟာ ဘုရားရှင်ကိုကြည့်ပြီး ညောင်စေးကပ်ငြိသည့် ငှက်နှယ် အသံမထွက်နိုင်တော့ဘူး။

"အို... တထာဂတ၊ သင်ဟာ အရွယ်ရှိသေးတဲ့ ယောကျ်ားကောင်း မဟုတ်လား၊ စွမ်းအားရှိတဲ့ ယောကျ်ားမှန်ရင် မျိုးဆက်အမွေ ထိန်းသင့်ပါတယ်၊ ဒီလို ထိန်းရင်လည်း ကျွန်ုပ် သမီးဟာ အလျော်ကန်ဆုံးပါ၊ သိမ်းပိုက်ပါတော့ တထာဂတ"



ဒိဋ္ဌိအယူရှိတဲ့ မာဂဏ္ဍီဟာ ဘုရားရှင်ကို သာမန် ပုဂ္ဂိုလ်မှတ်ပြီး သမီးကို ထိုးအပ်နေတယ်။ သည်ပုဏ္ဏားကြီး အမြင်မှန်ရပြီး အနာဂါမ် ဖြစ်မှာကို ဉာဏ်တော်နဲ့သိနေတယ်။ ဒါကြောင့် သည်းခံပြီး နားလည်အောင် တရားပြတယ်။

"ပုဏ္ဏားကြီး ငါဟာ လောကီအာရုံ ငြီးငွေ့ပြီး တောထွက်လာစဉ် မာရ်နတ်ကတော့ မထွက်ဖို့တားတယ်၊ ၇ ရက်ကြာရင် စကြာရတနာ ဆိုက်ပါလိမ့်မယ်ဆိုပြီး စည်းစိမ်ဥစ္စာနဲ့ မျှားတယ်၊ ငါဟာ သစ္စာလေးပါး မြတ်တရားသာ ရှာလိုလို့ တောထွက်တယ်၊ ငါဘုရားဟာ သတ္တဌာန် အဇပါလညောင်ပင်မှာ သီတင်းသုံးစဉ် မာရ်နတ်က သမီး ရတနာတွေနဲ့ မျှားပြန်တယ်၊ လူမတန် နတ်သမီးကညာအလှကိုလည်း ငါ ပယ်ခဲ့တယ်၊ အချင်းပုဏ္ဏား အဲဒီတုန်းကတောင် မတုန်လှုပ်တဲ့ ငါဘုရားကို သင့်သမီးနဲ့ သွေးဆောင်လည်း ဘယ်မှာ တုန်လှုပ်လေမလဲ ပုဏ္ဏား၊ တကယ်တော့ သင့်သမီးလို မိန်းမသားဟာ ၃၂ ပါးသော အခြင်းအရာနဲ့ ဖွဲ့စည်းထားတဲ့ ပိုးမျိုးတို့မှီခိုရာ အကောင်ပုပ်သာ ဖြစ်တယ်၊ အပေါ်ယံအရေပြား အလှဖုံးထားတဲ့ မစင်အိုးနှယ် ရွံ့စဖွယ် ရှိတဲ့ ဒီခန္ဓာကို ငါ ဘယ်မှာ စုံမက်လေမလဲ ပုဏ္ဏားကြီး"

ရုပ်နာမ် ခန္ဓာသင်္ခါရ၏အဖြစ်ကို ရှင်းရှင်းလင်းလင်း သိသာအောင် ဟောကြားတဲ့တရားကို နာလိုက်ရတဲ့အခါမှာ ပုဏ္ဏားဇနီးမောင်နှံဟာ

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကို တစ်ခါတည်း မြင်သွားတယ်။ ပါရမီအခံရှိတဲ့ မာဂဏ္ဍီဇနီးမောင်နှံဟာ ဘုရားရှင်ဟောတဲ့ တရားနာပြီး အနာဂါမ်တည်သွားတော့ စိတ်သန္တာန် ငြိမ်းချမ်းသွားပါတယ်။

ဒါပေမယ့် မငြိမ်းချမ်းတာက ကျွန်မပါ။ အလှအပနှင့် ကျော်ကြားတဲ့ ကျွန်မကို ရှုံ့ချတဲ့ ဘုရားရှင်ကို မထားအပ်တဲ့အငြိုး ထားလိုက်မိပါတယ်။

* * *

ကျွန်မ မာဂဏ္ဍီကို ဘုရားရှင်က ပစ်ပစ်ခါခါပြုပေမယ့် ဘုရင်ဥဒေနကတော့ မိဖုရားအရာ မြှောက်ခဲ့ပါတယ်။ မိန်းမသားတိုင်းလိုလားတောင့်တတဲ့ အမြတ်ဆုံးနေရာ၊ အမြင့်ဆုံး ဂုဏ်ရှိန်၊ အကြီးကျယ်ဆုံး ချမ်းသာမှုရခဲ့တာ ကျွန်မရဲ့ အဆင်းရူပါကြောင့်ပါပဲ။

ဘုရင်ဥဒေနဆိုတာ ကောသမ္ဗီရဲ့အရှင်သခင်ပါ။ သူဟာ ဆောင်းအတတ်နဲ့ခေါ်နိုင်တဲ့ အစွမ်းရှိလို့ အခြားနိုင်ငံတွေက အလေးထားရသူပါ။ သူ့မှာ ကျွန်မအပြင် အခြား မိဖုရားနှစ်ပါး ရှိပါသေးတယ်။ တစ်ပါးက ဘဒ္ဒဝတီ သူဌေးရဲ့သမီး သာမာဝတီရယ်၊ စဏ္ဍပဇ္ဇောတမင်းရဲ့ သမီးတော် ဝါသုလဒတ္တာရယ်၊ ကျွန်မရယ်ပါ။

သာမာဝတီဟာ ဘဒ္ဒဝတီ သူဌေးကြီးရဲ့သမီး၊ သူဌေးကြီးဃောသကရဲ့ မွေးစားသမီးပါ။ ဘဒ္ဒဝတီ သူဌေးလင်မယား ကပ်



ရောဂါနဲ့ ဆုံးပါးချိန်မှာ မိတ်ဆွေ ဃောသကသူဌေးက မွေးစားထားချိန် ဥဒေနမင်းက ကောက်ယူသိမ်း ပိုက်လိုက်တာပါ။

အဲဒီ သာမာဝတီဟာ သူရဲ့ကျွန်မ ခုဇ္ဇုတ္တရာရဲ့ကျေးဇူးကြောင့် ဘုရားရှင်ကို ကြည်ညိုခဲ့သူ၊ ဘုရားရှင်ရဲ့တရားကို တစ်ဆင့် နာယူပြီး သောတာပန် ပုဂ္ဂိုလ်ဖြစ်နေသူပါ။ မွေးစားဖခင်ကိုယ်တိုင်က ဘုရားဒကာ၊ ကျောင်းဒကာ ဖြစ်ရုံမကဘူး၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ကြည်ညိုတော့ သာမာဝတီလည်း ဘုရားကို ကြည်ညိုတာပေါ့။

မှန်တာပြောရရင် မိဖုရားသုံးပါးအနက် ကျွန်မအနေအထားက အနိမ့်ကျဆုံးလို့ ဆိုရမှာပါ။ သာမာဝတီက သူဌေးသမီး၊ ဝါသုလဒတ္တာက ဘုရင့်သမီး၊ ကျွန်မကတော့ တောရွာဇနပုဒ်က ပုဏ္ဏားလင်မယားသမီးပါ၊ ဒီအနေအထားက ကျွန်မကို အလိုလို သိမ်ငယ်စေတဲ့အပြင် မိန်းမသားပီပီ ဝန်တိုစိတ် ဖြစ်ပေါ်စေပါတယ်။ မိဖုရားသုံးပါးရဲ့ အဆင်းရူပကာဟာ တစ်ယောက်နဲ့တစ်ယောက် ကွာခြားမှု မရှိပါဘူး။ တစ်ယောက် တစ်မျိုးစီ အလှဂုဏ်ရှိပါတယ်။ ရှိလို့လည်း ဘုရင်ဥဒေနက မြတ်မြတ်နိုးနိုး တော်ကောက်ခဲ့တာပေါ့။ ဒါပေမယ့် ကျွန်မက မိန်းမသားလေ၊ မိန်းမသားဆိုတာ အဆာကျယ်တဲ့ သဘာဝရှိတယ်။ မိဖုရားချင်းတူတာတောင် အခွင့်အရေး ပိုယူချင်တယ်။ ဘုရင်မင်းမြတ်ရဲ့ ချစ်ခင်မှု၊ အလေးပေးမှု လိုလားတယ်။ ဒီတော့ ကျန် မိဖုရားတွေ

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးမှု ကိုယ့်အနေအထား မြင့်မားလာမှာ တွေးမိတယ်။ ဒီအတွေးစိတ်ရိုင်းနဲ့ အခြား မိဖုရားတွေကို ဖယ်ရှားဖို့စဉ်းစားတော့ သမာဝတီကို တွေ့တယ်။ ဝသုလဒတ္တာမိဖုရားက စဏ္ဍပဇ္ဇောတမင်းရဲ့ သမီးတော်ဖြစ်နေတော့ သူ့ကိုဖယ်ရှားဖို့ဆိုတာ အခက်အခဲရှိပါတယ်။ အဲ... ကျွန်မရဲ့ ဦးတည်ချက်ဟာ သာမာဝတီပေါ် ရောက်သွားတာလည်း ဘုရားရှင် ကြောင့်ပါပဲ။ သာမာဝတီက ဘုရားရှင်ရဲ့ ဥပါသကီ ဖြစ်နေတာကိုး။

အမှန်အတိုင်း ဝန်ခံရရင် ဘုရားရှင်ကြောင့် သမာဝတီကို ပိုမုန်းလာတယ်။ သူ့ရဲ့ ပျက်စီးရာပျက်စီးကြောင်း ကြံဆရတယ်။ ဒီကိစ္စက လွယ်တော့ မလွယ်ပါဘူး။ မိဖုရားတစ်ပါးကို လုပ်ကြံဖို့ဆိုတာ အလွန်မလွယ်တဲ့ကိစ္စပါ။ ဒီကိစ္စအတွက် ဦးရီးစူဠမာဂဏ္ဍီရဲ့ အကူအညီ ရယူရပါတယ်။ ဦးလေးက အမြော်အမြင်ရှိတယ်။ ပရိယာယ် ကောင်းတယ်။ ဒီကိစ္စကို ကိုယ်တိုင်မကြံစည်ဘဲ လုပ်ကြံဖို့ နည်းလမ်း ပေးပါတယ်။

"မောင်တော်မင်းကြီး သာမာဝတီ မိဘုရားဟာ ဖောက်ပြန်တဲ့ သဘောရှိပါတယ်၊ သူဟာ တစ်စုံတစ်ယောက်ကို မျှော်တဲ့သဘော



ရှိတယ်၊ ဒါဟာ မောင်တော်ရဲ့အသက်ဘေး စိုးရိမ်ရပါတယ်။ မောင်တော် မ ရင် သမာဝတီရဲ့အဆောင်တော်ကို စစ်ကြည့်ပါ။

သာမာဝတီ မိဖုရားသည် ဘုရားရှင် ဆွမ်းခံကြွချိန် ဖူးမြော်ရန် အဆောင်တော်နံရံများ ဖောက်ထားသည်ကို အကြောင်းပြလျက် သွေးထိုးလိုက်တယ်။ ဒါပေမယ့် မင်းကြီး မေးတဲ့အခါ အမှန်အတိုင်းဖြေတော့ အပြစ်မတင်ဘူး။ အကြံအစည် ပျက်သွားပါတယ်။

ပထမ အကြံအစည်ပျက်တော့ မာဂဏ္ဍီနဲ့ သူ့ဦးရီးတော်က တစ်မျိုး ကြံပြန်တယ်။ မင်းကြီးလာလျှင် တီးခတ်တဲ့ စောင်းအိမ်ထဲမှာ မြွေဟောက်တစ်ကောင်ဖမ်း အစွယ်ချိုးထည့်ထားတယ်။

"မောင်တော် သာမာဝတီမိဖုရား အဆောင်ကူးရင် သတိထားပါ၊ မိန်းမသားတို့ရဲ့သဘောက သိရန်ခက်ပါတယ်"

မာဂဏ္ဍီက မင်းကြီးကို စိုးရိမ်ဟန်ဖြင့် စကားသွင်းတယ်။ ကိုယ့် အကျိုးအတွက် လျှောက်ထားတော့ ဟုတ်လိမ့်နိုးထင်တတ်တာ ပုထုဇဉ် သဘာဝပါ။ သို့နှင့် သာမာဝတီ အဆောင်သွားတော့ မာဂဏ္ဍီကပဲ စောင်းကိုကိုင်တယ်။ ဒီအခါ မြွေဟောက်တွေ့ပြီး အထိတ်တလန့် အော်ဟစ်လိုက်တယ်။ မာယာများတဲ့ မာဂဏ္ဍီရဲ့ သရုပ်ဆောင်မှု ကောင်းတော့ ဥတေနမင်း အမျက်ထွက်ပြီး သာမာဝတီနဲ့ မောင်းမငါးရာ

www.burmeseclassic.com

www.burmeseclassic.com



ကို လေးနှင့်ကိုယ်တိုင်ပစ်သည်။ ဒီပြဿနာ ဒီလိုကိန်းဆိုက် အောင် စီစဉ်တာ ကျွန်မ မာဂဏ္ဍီပါပဲ။

သာမာဝတီ ရှိသမျှ ကျွန်မရဲ့ ဘဝလမ်းကြောင်း ပိတ်ဆို့နေတယ် မို့လား၊ ပြောရရင် သာမာဝတီသာမကဘူး ဘုရားရှင်ပါ ကောသမ္ဗီ ပြည်က ထွက်ပြေးရအောင် ကျွန်မ ကြံစည်ခဲ့တာပါပဲ။ ကျွန်မလူ တွေကို သွန်သင်ပြီး ဘုရားရှင် ဆွမ်းခံကြွချိန် အယုတ္တ အနတ္တစကားနဲ့ ဆဲရေးဖို့ ကျွန်မ ခိုင်းခဲ့တယ်။ ဒါပေမယ့် ဘုရားရှင်က ပြန်မကြွဘူး။ အဲလို ပြန်မကြွလေလေ ကျွန်မ ဒေါသဖြစ်ရလေပါပဲ။

သာမာဝတီရဲ့ ပျက်စီးရာပျက်စီးကြောင်း ကြံစည်ပေမယ့် အထ မမြောက်ပြန်ပါဘူး။ သာမာဝတီနဲ့ မောင်းမငါးရာကို မြားနဲ့ပစ်ပေမယ့် သူတို့ရဲ့ သီလ တန်ခိုးကြောင့် မြားမခဘူး။ ပစ်သမျှ မြားတွေက သာမာဝတီရဲ့ခြေရင်းမှာသာ လဲလျောင်းကုန်တယ်။ ထူးဆန်းတဲ့သည် အဖြစ်ကို ကျွန်မရော မင်းကြီးပါ အံ့ဩသွားရတယ်။ ဘုရားရှင်ကို ကြည်ညိုကိုးကွယ်လို့ ဒီလို အကျိုးထူးရကြောင်း မင်းကြီးသိတော့ ကျွန်မ မုန်းသူတွေကို မင်းကြီးကိုယ်တိုင် အလေးအမြတ် ထားလာပါ တယ်။ ကျွန်မ ဘယ်လို ခံစားရမယ်ဆိုတာ စဉ်းစားသာကြည့်ပေတော့။

ဘယ်လို ဖျက်ဆီးဖျက်ဆီး မပျက်စီးလေတော့ နောက်ဆုံးမှာ ဦးရီးတော်နဲ့တိုင်ပင်ပြီး သာမာဝတီရဲ့အဆောင်ကို မီးရှို့လိုက်ပါတယ်။



ကျွန်မရဲ့ ငြိုးသူရန်ဘက်လည်း ပျက်စီးတော့တာပါပဲ။ အဲဒီအချိန်မှာ မင်းကြီး တောကစားထွက်နေတော့ ကယ်တင်ချိန်လည်း မရဘူး။

သာမာဝတီနဲ့ မောင်းမငါးရာ ပျက်စီးရခြင်းမှာ သမရိုးကျ မဟုတ် မှန်း မင်းကြီးက ရိပ်စားမိပါတယ်။ ဒီကိစ္စရဲ့လက်သည် အမှန်ကို ဖော်ထုတ်ချင်တော့ ပရိယာယ်စကားဆိုတယ်။

"မိဖုရား သာမာဝတီဟာ ငါ့အသက်ကို အကြိမ်ကြိမ် လုပ်ကြံ တယ်၊ ငါ့အဖြစ်က မြွေပွေး ခါးပိုက်ပိုက်ထားသလို ဘယ်နေ့ အန္တရာယ် ဖြစ်မလဲလို့ စိုးရိမ်နေရတယ်။ ခုတော့ တစ်ဖာတ်သိမ်းသွားပြီ၊ မီးရှို့ သူကိုပဲ ကျေးဇူးတင်ရပေမယ်"

အဲလို မိန့်ကြားတော့ ကျွန်မ အလွန် ဝမ်းသာသွားတယ်။ ကိုယ့် ရန်သူ ဆုံးရှုံးပျက်စီးသွားလို့ ဝမ်းသာတာတစ်ချက်၊ မင်းကြီးအလိုကျ ကြောင်း သိရလို့ ဝမ်းသာတာတစ်ချက်။ အဲဒီမှာ ပရိယာယ်စကားမှန်း မစဉ်းစားဖြစ်တော့ဘဲ "ဒီကိစ္စ ဘုရားနှမအကြံအစည်ပါ၊ မောင်တော်"

လို့ လျှောက်လိုက်ပါတယ်။

ကိုယ့်လည်ပင်းကို ကိုယ်တိုင် ဓားနှင့်လှီးမိမှန်း ကျွန်မ မသိဘူး။ "တရားခံအားလုံး ဖမ်းစေ၊ မြေကျင်းထဲထည့်၊ ကိုယ်တစ်ပိုင်းဖော်ထား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကောက်ရိုးမီးနဲ့တိုက်၊ ကျန်နေတဲ့ ခန္ဓာအစိတ်အပိုင်းကို တစ်စစီဖြစ်အောင် သံထွန်နဲ့ ခုတ်ပိုင်းစေ”လို့ အမိန့်ချမှ ကျွန်မဘဝ ပျက်စီးပြီဆိုတာ သိလိုက်ပါတယ်။

ကျွန်မဟာ မရှိသင့်တဲ့ အလှမာန်တရားကြောင့် ဘုရားရှင်နဲ့ တွေ့တာတောင် တရားမရခဲ့ဘူး။ ကျွန်မမိဘများက ဓမ္မစစ်ကိုတွေ့ပြီး သံသရာကို ကူးမြောက်နိုင်ခဲ့တယ်။ တကယ်လို့ ဘုရားရှင် ဆုံးမချိန်မှာ ဘဝမှန်ကို မြင်မယ်၊ သိမယ်ဆိုရင် စံထားစရာ မိန်းမသားတစ်ယောက် ဖြစ်လာမယ့် ကျွန်မဟာ ဘုရားရှင်ကို မထားအပ်တဲ့ ရန်ငြိုးထားမိလို့ ပျက်စီးရပါပြီ။

ကောသမ္ဘီ ပြည်သားတွေက အလိုရမ္မက်ကြီးတဲ့ ကျွန်မကို ‘ကြောက်စရာကောင်းတဲ့ မိန်းမသားပါလား’လို့ ကောက်ချက်ချကြမှာ အမှန်ပါပဲ။

ကျမ်းကိုး။ ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ သာမာဝတီဝတ္ထုမှ ကောက်နုတ်ရေးဖွဲ့သည်။

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

မိဖုရား သည် အဆောကျယ်၏
ရာဂစိတ် ထက်သန်၏ အရွယ်လွန်
မင်းကြီးနှင့် ပေါင်းသင်းနေရသည်မှာ အာသာဆန္ဒမပြေအောင်

## ဗွေပါစွဲဝှံသည့် မိနီးမသား

အနာထပိဏ်သူဌေးသားနှင့် ဝိသာခါသည် ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံကျောင်း ဆောက်လုပ် လှူဒါန်းသည်မှ စ၍ ဗုဒ္ဓသာသနာသည် သာဝတ္ထိပြည်၌ စည်ကားလာသည်။ ရဟန်းတို့၏ သင်္ကန်းရောင်သည်လည်း တပြောင်ပြောင် တထိန်ထိန်ရှိ၏။ သာဝတ္ထိတွင် လူ ၇ ကုဋေရှိသည့်အနက် ၅ ကုဋေသည် ဗုဒ္ဓဘာသာဝင် သောတာပန် ပုဂ္ဂိုလ်များဖြစ်၏။ ဘုရားရှင်၏ သာသနာတော် ထွန်းကားသည်နှင့်အမျှ တိတ္ထိတို့၏သာသနာ တစ်နေ့တခြား ယုတ်လျော့လာ၏။ ဆွမ်းကွမ်းစသည် လာဘ်လာဘ ဆုတ်ရှားလာသည်။ ထိုအခါ တိတ္ထိဂိုဏ်း ဆရာကြီးများ စုဝေးတိုင်ပင်သည်။ မိမိတို့၏ တန်ခိုးအရှိန်အဝါ မြင့်မား၍ ဘုရားရှင်၏သာသနာတော် ယုတ်လျော့ရေးနည်းလမ်း ရှာကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့ ဒီကိစ္စကို စိဉ္စမာဏဝိကာ စွမ်းဆောင်နိုင်ပါလိမ့်မယ်"

ဂိုဏ်းဆရာတစ်ဦးက ဤသို့ပြောလိုက်ရာ အခြား ဂိုဏ်းဆရာများ ခေါင်းထူထကုန်သည်။ ဂိုဏ်းချုပ်ကြီးက "ငါတို့လို ဆရာကြီးတွေတောင် မစွမ်းနိုင်တာ ပရိဗိုဇ်မငယ်က ဘာများ လုပ်နိုင်မှာလဲ"ဟု မေးသည်။ ထိုအခါ အကြံပြုသည့် ဂိုဏ်းဆရာက အဓိပ္ပာယ်ပါပါ ပြုံးသည်။

"တချို့ကိစ္စတွေမှာ မိန်းမသားတွေက အစွမ်းထက်ပါတယ်"

"အလို... ပြောပါဦး"

"စိဉ္စမာဏဟာ မန်ကျည်းပင်က သန္ဓေဒဇတည်ဖွားသူ၊ အဆင်းရူပကာလည်း ချောမောလို့၊ ဂုဏ်သတင်း ပျံ့သင်းတယ်၊ ခေါင်းဖိုကို ခေါင်းမနဲ့ မှားရတယ်၊ ဆင်ဖြူလိုချင်ရင် ဆင်မကို အသုံးချရမယ်"

"သင်းစကားက ဂေါတမကို မှားယူဖို့လား၊ ရှင်ကြီးဂေါတမတို့သာသနာထဲပါလာလို့ ဘာထူးမှာလဲ၊ သူရောက်လာရင် တို့အပေါ် အုပ်စီးသွားမှာပေါ့"

"သြော်...ဝေ့ပတ်ပြောနေတော့ သဘောမပေါက်ဘူးကိုး၊ ကိလေသာ ကုန်ခန်းသူလို့ ကြွားလုံးထုတ်နေတဲ့ ရဟန်းကြီးကို စိဉ္စမာဏနဲ့ ဖျက်ဆီးပစ်မယ်၊ ဒါဆို စကားနဲ့တရား တခြားစီဖြစ်မယ်၊



ခါးတောင်း ကျိုက်တခြား ဖင်တခြားဖြစ်တော့ ဂေါတမရဲ့တရားကို ဘယ်သူက ယုံတော့မလဲ၊ ဒီတော့ ပရိသတ် လျော့ပါးသွားကရောပေါ့"

"ရွှေ့နိပ်သဟ"

တိတ္ထိဂိုဏ်းဆရာကြီးက သူ့ပေါင်ကို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်ပြီး ဝမ်းသာအားရ ဖြစ်သွားသည်။ တပည့်မ စိဉ္စမာဏဝိကာကို ခေါ်လိုက်ပြီး သိမ်းသွင်းစကား ဆိုသည်။ ပြုရမည့် နည်းလမ်းပေးသည်။ စိဉ္စမာဏက ကောင်းပါပြီဟု ဝန်ခံကတိ ပေးလေ၏။

* * *

"ဟော... ဘယ်ကိုလဲ အရှင်မ"

နေ့လယ်နေ့ခင်းတွင် ကျောင်းသွား၊ ဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာပွားများလျက် ညနေ ရီတရော ပြန်လာသော ပရိသတ်သည် အရှင်မကို နှုတ်ဆက်သည်။ ပရိဗိုဇ်မတစ်ဦးဖြစ်လျက် လှလှပပ ဝတ်စား ဆင်ယင်လာသည့် စိဉ္စမာဏအသွင်က ထူးဆန်းနေသည်။ အချိန်မတော်သည့် ကာလတွင် တစ်ယောက်တည်းလာပုံကလည်း ထူးခြားနေသည်။ အကြောင်းရင်းသိအောင် စူးစမ်းကြသည်။

"သြော်... ဒီကိုပဲ၊ ဇေတဝန်ကျောင်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



စိဉ္စမာဏာ၏ အပြောအဆို အမူအရာက သံသယဖြစ်စရာ အနေအထား။ တစ်ဦးမျက်နှာတစ်ဦး စူးစမ်းဟန်ဖြင့် ကြည့်ကြသော်လည်း ဘာစကားမှမဆိုကြ။ သို့သော် နှလုံးသားတွင် ဆူးတစ်ချောင်း စူးလေပြီ။

နောင်ရက်တွင်လည်း ထိုအချိန်၌ပင် ကျောင်းပေါက်ဝတွင် ဆုံကြပြန်သည်။

"အပေါင်းပါင်း… ရဟန်းကြီး ဂေါတမရဲ့ ဂန္ဓကုဋီမှာ အိပ်စက်ဖို့ပါ"

ဒုတိယဆူးက ပို၍ နက်ရှိုင်းစွာ စူးဝင်သွားပြန်သည်။

"အင်း… ပြောရမှာ ရှက်ပါတယ်၊ ရှင်ကြီးဂေါတမက အတူတူ ဖက်မအိပ်ရရင်တောင် အိပ်စက်မပျော်ဘူးတဲ့လေ၊ အပေါင်းဖော်"

စိဉ္စမာဏဝိကာ၏ စကားမြားချက်တွေက ရိုသတ်၏ရင်ကို ထိမှန်သွားသည်။ ဘုရားရှင်အပေါ် သံသယစိတ် ဖြစ်လာရသည်။

မာယာ ပရိယာယ်ကြွယ်သော စိဉ္စမာဏာသည် ဘုရားရှင်အပေါ် သံသယပွားစေရန် ဖန်တီးခြင်းသာ။ အမှန်က ကျောင်းတော်ထဲ ဝင်သွားပြီး နောက်ပေါက်မှ ထွက်လျက်၊ တိတ္ထိတို့၏ကျောင်း၌ ညဉ့်အိပ်ခြင်းဖြစ်သည်။ နံနက် ဝေလီဝေလင်းတွင် ဆံပင်ဖိုးရိုးဖားရား၊ အဝတ်အစားကပိုကယိုနှင့် ရှက်စနိုးဟန်ပြုလျက် ကျောင်းထဲမှ ပြန်ထွက်သည်။



ဤသို့ ကြိမ်ဖန်များစွာ ပြုမူခြင်းဖြင့် ကြည်ညိုသူတို့အား စိတ်အနှောင့်အယှက် ဖြစ်စေခဲ့သည်။

* * *

မဟုတ်မမှန် လုပ်ကြံ၍ ဘုရား သာသနာတော်ကြီး ဆုတ်ယုတ်အောင် ကြံဆောင်သော စိဉ္စမာဏာသည် ဤသို့ကြံစည်ခြင်းမှာ အတိတ်ကာလ ရန်ငြိုးရန်စကြောင့် ဖြစ်သည်။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းသည် မင်း၏ သားဖြစ်လျက် မဟာပဒုမဟု တွင်သည်။ အဆင်းလှ၏၊ ယောကျ်ားကောင်း ပီသသည်။ ခမည်းတော်မင်းကြီးက အိမ်ရှေ့အရာ ချီးမြှင့်ထားသည်။

ဗြဟ္မဒတ်မင်း၏ တောင်ညာစံ ဒေဝီမိဖုရား နတ်ရွာစံသော် မိဖုရားတစ်ပါးကို မိဖုရားကြီးအရာ ရွေးကောက်တင်မြှောက်သည်။ ထိုမိဖုရားသည် အဆာကျယ်၏၊ ရာဂစိတ် ထက်သန်၏၊ အရွယ်လွန် မင်းကြီးနှင့် ပေါင်းသင်းနေရသည်မှာ အာသာဆန္ဒမပြေအောင် ဖြစ်၏။

တစ်နေ့သော် နယ်ခြားဒေသ ပုန်ကန်မှုဖြစ်ကြ၍ မင်းကြီးက သူပုန်ရန် နှိမ်နင်းရန် ထွက်၏။ သားကို နန်းစောင့်စေပြီး မိထွေးတော်ကို စောင့်ရှောက်ရန် အပ်သည်။ မဟာပဒုမမင်းသားသည် ဖခင်

www.burmeseclassic.com

www.burmeseclassic.com



မှာကြားသည့်အတိုင်း စောင့်ရှောက်၏။ သို့သော် နဂိုကတည်းက မင်းသားအပေါ် တပ်မက်နေသည့် မိဖုရားက မာယာနှင့် သိမ်းသွင်းသည်။ မင်းသားက မလျော်ကန်ကြောင်း ငြင်းဆိုသည်။ နှစ်ကြိမ်သုံးကြိမ် ဖြားယောင်းသော်လည်း အထမမြောက်သော် အရှက်ရလျက် မကောင်းစိတ်နှင့် ကြံသည်။

မင်းကြီးသည် သူပုန်ရန် နှိမ်နင်းပြန်လာသော် မိဖုရားက ပရိယာယ်စကားဖြင့် ဂုံးချောသည်။ မ,ဖက်လိုက်၍ မိုက်ဖက်ပါသော မင်းကြီးက အမတ်ပညာရှိများ တားတဲ့ကြားမှ သားတော်ကို တောင်ပေါ်က ပစ်ချသတ်စေသည်။ သို့သော် မင်းသား၏ သစ္စာ၊ မေတ္တာကြီးမှုကြောင့် နတ်တို့က စောင့်ရှောက်၏။ တောင်ပေါ်က ပစ်ချခံရသော မင်းသားသည် နဂါး၏ပါးပျဉ်းထက် ကျ၏။ နဂါးမင်းက ဆောင်ယူလျက် စည်းစိမ်တစ်ဝက်ပေးကာ စောင့်ရှောက်ထားသည်။ တစ်နှစ်ပြည့်သော် နဂါးမင်းအား ရဟန်းပြုလိုကြောင်း ခွင့်ပန်လျက် လူ့ဌာနေ ပြန်လာ၏။ ဟိမဝန္တာတောတွင် သစ်မြစ်၊ သစ်ဥစားလျက် ဈာန်တရားနှင့်သာ မွေ့လျော်နေ၏။ ထိုအရပ်သို့ မုဆိုးတစ်ယောက် မျက်စိလည်ပြီး ရောက်လာရာမှ အစပြုလျက် မဟာပဒုမ မသေဘဲ အသက်ရှင်နေကြောင်း မင်းကြီး သိရသည်။ မင်းကြီးသည် သားတော်ထံ အရောက်လှမ်းကြွလျက် အသက်မသေရသည့် အကြောင်းရင်းကို



မေး၏။ ထိုအခါကျမှ မင်းကြီးသည် မိဖုရား၏ဖောက်ပြန်မှုကို ပြတ်ပြတ်ထင်ထင် သိရသည်။ သားတော်ထံမှ ပြန်လာသည်နှင့် မိဖုရားကို တောင်ထိပ်မှ ပစ်ချသတ်လိုက်သည်။

ထိုမိဖုရားသည် ယခုအခါ စိဉ္စမာဏဝိကာဖြစ်လျက် မဟာပဒုမ မင်းသားသည် ဘုရားရှင် ဖြစ်လာသည်။ အတိတ်က ရန်ငြိုးကြောင့် စိဉ္စမာဏသည် ဘုရားရှင်ကို ပျက်စီးစေလိုခြင်း ဖြစ်ပေသည်။

* * *

"အို... ရဟန်းကြီးဂေါတမ သင်ကတော့ ပရိသတ်ရဲ့ အကြည်ညိုခံပြီး ဟန်ကျနေတယ်၊ ကျုပ်ကတော့ မီးဖွားဖို့အတွက် စိုးရိမ်ကြောင့်ကြနေရတယ်။

စိဉ္စမာဏသည် တိတ္ထိဆရာကြီးများ အကြံပေးသည့်အတိုင်း နေ့စဉ်ရက်ဆက် ကြံစည်ပြီး ရှစ်လကျော် ကိုးလရောက်သော် အချိန်ကျပြီဟုတွက်လျက် အဆုံးစွန်သော ကြံစည်မှုပြု၏။ ကိုယ်လုံးအနှံ့ နနွင်းလိမ်းသုတ်သည်။ ဗိုက်တွင် ပျဉ်ချပ်၊ ကြိုးသိုင်းလျက် ကိုယ်ဝန်သည် အဖြစ်မြင်အောင် ဖန်တီးသည်။ ထို့နောက် ဘုရားရှင် တရားပလ္လင်ပေါ် တက်ချိန် ရဲဝံ့စွာ ဝင်သွားသည်။

စိဉ္စမာဏသည် ပေါ့သွမ်းယော့ရမ်းသော မိန်းမအသွင်ဖြင့် မ[illegible] မခန့်ရပ်၏။ ပရိသတ်အလယ်မှ ဘုရားရှင်ကို လက်ညှိုးငေါက်ငေါက်

www.burmeseclassic.com

www.burmeseclassic.com



ထိုးလျက် စွပ်စွဲ ပုတ်ခတ်စကားဆိုသည်။ ဘုရားရှင်က အဖြစ်သနစ်စုံကို သိ၏။ မိမိ၏ အတိတ်ဘဝက ပြုမိသော ကံအကြောင်းက ဝဋ်ကြွေး ပေးဆပ်ရလေပြီဟု သဘောပေါက်လိုက်သည်။

ရှေးအခါက ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ ဖြစ်ခဲ့သည်။ အတတ်ပညာလည်းမရှိ။ အပေါင်းအသင်းကလည်း လူကောင်းသူကောင်းမရှိ။ မူးရစ်ရမ်းကား ပရမ်းပတာများသော ဖြစ်သည်။ နှုတ်စောင့်စည်းခြင်း၊ ကိုယ်လက်စောင့်စည်းခြင်းမရှိဘဲ ရမ်းကားနေသူဖြစ်သည်။ တစ်နေ့တွင် ရဟန္တာတစ်ပါး ဆွမ်းခံကြွလာသည်နှင့် ဆုံ၏။ နဂိုကပင် ရိုင်းပျသော အမူအကျင့်ရှိရကား ရဟန္တာအရှင်မြတ်ကို "အကျင့်သီလမရှိသူ၊ ယုတ်မာသည့် ဒုဿီလရှိသူ၊ ကာမဂုဏ် ခံစားနေသည့် ယုတ်မာသူ" ဟု ပုတ်ခတ်သည်။ ဤအကုသိုလ်ကံကြောင့် ငရဲတွင် ကြာရှည်စွာခံရပြီး လူပြည်ရောက်ချိန်၌လည်း သူတစ်ပါး၏ စွပ်စွဲမှုကို ကြိမ်ဖန်များစွာ ခံခဲ့ရသည်။ ထိုမကောင်းမှုကံက ယခုဘဝတွင် ပေးဆပ်ရမည့် အကြောင်းမြင်သဖြင့် ငြိမ်သက်လျက် သည်းခံသည်။

"ဘယ်လိုလဲ ရဟန်းကြီး၊ ခုမှ ရင့်ကျက်တည်ငြိမ်နေပါလား၊ နှစ်ကိုယ်ချင်း နီးနှောတုန်းက ဒီပုံစံမျိုး မဟုတ်ပါလား"



စိဉ္စမာဏာက ဗိုက်ကို ပုတ်ပုတ်ပြလျက် စွပ်စွဲပြောဆိုသည်။ ဘုရားရှင်၏ အကျင့်သိက္ခာကို သိကြသည့် ပရိသတ်ကမူ သံသယမဝင်။ ဤပရိဗိုဇ်မသည် တစ်စုံတစ်ယောက်၏ မြှောက်ထိုးပင့်ကော်လုပ်မှုကြောင့်သာ ဤစကားဆိုသည်ဟု တွက်ထားသည်။

"ရဟန်းကြီး ဂေါတမ၊ မိန်းမ မီးနေခန်း သင်မစွမ်းလည်း သင့်ဒကာ ကောသလမင်းကြီး ရှိနေသားပဲ၊ သူ့ကို မီးနေခန်း လုပ်ခိုင်းပေါ့"

"ဟယ်..."

ဘုရားရှင်၏ ဥပသကာ ကောသလမင်းကြီး ဒေါသအမျက်ဖြစ်သွားသည်။ သို့သော် ကြည်ညိုရှင်းစွဲရှိသည့် ဘုရားရှင်ရှေ့မှောက်ဖြစ်သည့်ပြင် ပရိဗိုဇ်မတစ်ဦးဖြစ်နေ၍ ကျိတ်မှိတ်သည်းခံနေသည်။

"ရဟန်းကြီး၊ မီးနေသည်တစ်ယောက်မှာ နနွင်းလိုတယ်၊ နမ်းထုတ်လိုတယ်၊ ဒါတော့ သိမှာပါ၊ ဒါတွေကို ဝိသာခါ စီစဉ်ခိုင်းပါ၊ မီးနေထင်းကတော့ အနာထပိဏ်သူဌေးကို တာဝန်ပေးရင် အဆင်ပြေမှာပါ၊ ရဟန်းကြီးရဲ့ဒကာတွေ ဒီလောက်တော့ စွမ်းကြမှာပါ၊ ရဟန်းကြီး တရားပြနေသူတွေ မဟုတ်လား"

စိဉ္စမာဏာက ဝါးလုံးရှည်တွင် ချေးသုတ်ယမ်းချေပြီ။ သောတာပန် ပုဂ္ဂိုလ်ကြီးများပင် တုန်လှုပ်စရာ၊ ဒေါသဖြစ်စရာ။ သို့သော် အားလုံးက ပြဿနာမရှာဘဲ ဘုရားရှင်ကိုသာ အာရုံစိုက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အသင် ချစ်နှမ၊ ဒီကိစ္စကို သင်နှင့် ငါဘုရားရှင်သာ သိပေတယ်"

"သြော်... ဟုတ်လား၊ အမှန်ပေါ့ သေချာတာပေါ့၊ လျှို့ဝှက်ပျော်မြူးတဲ့ကိစ္စက နှစ်ယောက်ပဲ သိမှာပေါ့၊ ဒါဟာ ဝန်ခံစကားလို့ပဲ ထင်လိုက်မယ်နော်"

ပြိတ်တိ ကလက်တက်စာက် မျက်နှာပေးဖြင့် မခိုးမခန့် စကားဆိုသော စိဥ္စမာဏာကို ဥပါသကာတို့ ရိုက်ပုတ်ချင်လှပြီ။ သို့သော် မေတ္တာဖြင့် သည်းခံနေ၍ သူတို့လည်း မဖွင့်ဟသာ၊ မလှုပ်သာ။

ဘုရားရှင်အား စိဥ္စမာဏာ စွပ်စွဲချိန်တွင် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းမာ၍ အကြောင်းခြင်းရာ ကြည့်သော် စိဥ္စမာဏာ၏ အကြံယုတ်ကိုမြင်၏။ ထို့ကြောင့် နတ်သားတို့ကို ကြွက်ယောင် ဆောင်စေလျက် မိုက်ချပ်ကြိုးအား ကိုက်ဖြတ်စေရာ ယုတ်မာသည့်အကြံ ပေါ်တော့သည်။ ထိုအခါ လူအများက ရိုက်ပုတ်လျက်ကျောင်းမှနှင်ထုတ်သည်။ ဘုရားရှင်၏ ကျောင်းပရိဝုဏ်မုခ်ဦး ဝံခါးဝရောက်သော် မဟာပထဝီမြေကြီး တစ်ခြမ်းကွဲလျက် စိဥ္စမာဏာကို ငရဲသားတို့က မဟာအဝီစိသို့ ယူဆောင်သွားလေသည်။

စိဥ္စမာဏာသည် ရုပ်ဆင်းလှ၏၊ အသိဉာဏ်ရှိ၏၊ တရားတော်ကိုလည်း သက်ဝင်၏၊ သို့သော် အယူမှားသည့် တိတ္ထိအသိုင်းအဝိုင်း



မှီခိုသဖြင့် မကျူးလွန်သင့်သည်ကို ကျူးလွန်ခဲ့သည်။ လူရော နတ်ပါ ပြဟ္မာ[illegible]ကျွန် ယုံကြည်ကိုးကွယ်အပ်သော ဘုရားမှန်အပေါ် မစွပ်စွဲအပ်သည့်ကိစ္စ စွပ်စွဲသော စိဥ္စမာဏာကား ကြောက်စရာ မိန်းမသားပင် ဖြစ်ပေသည်။

ကျမ်းကိုး။ ဓမ္မပဒ၊ လောကဝင်၊ စိဥ္စမာဏာဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပြည့်တန်ဆာမများ တာဝန်ယူရသည်က
တစ်ခုပဲရှိသည်။ အိမ်ရောက်လာသည့်
တခြားတစ်ပါး နိုင်ငံသားတွေထံက
သတင်းရယူပေးရေး

## အကြံမကောင်းသည့် မိန်းမသား

တစ်ရက်တွင် အံ့ဩလောက်အောင် ဝမ်းသာရသည့် စကားတစ်ခွန်း ကျွန်မ ကြားရသည်။ ကိုယ့်နားကိုယ်ပင် မယုံနိုင်။

"ညီမရယ် အစ်မကို သနားငဲ့ညှာတဲ့အနေနဲ့ တစ်ခု ကူညီပါ၊ ဒီအတွက် သတ်မှတ်တဲ့ ကြေးလည်း ပေးပါ့မယ်၊ အစ်မယောကျ်ားကို မယားအဖြစ် ၁၅ ရက်တာမျှ အလုပ်အကျွေး ပြုပေးပါ"

ကဲ... ယုံစရာကောင်းသေးလား။ မယားလုပ်သူက သူ့လင်သားအတွက် အသုံးတော်ခံ မယားလုပ်ဖို့ လာငှားသတဲ့။ ကျွန်မ ကြောင်ကြည့်နေပြီးမှ "ရှင်က ဘယ်သူလဲ"ဟု မေးလိုက်မိသည်။ မေးသာ မေးရသည်။ အခြွေအရံတွေနှင့် ရထားစီးလာသူသည် သာမန်အစားထဲက မဟုတ်မှန်း သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မက ပုဏ္ဏားသူဌေးရဲ့သမီး သုမနသူဌေးမရဲ့ ချွေးမ၊ သူဌေး လေး နန္ဒရဲ့ဇနီးပါ"

သည်စကားက ကျွန်မကို ပို၍ တုန်လှုပ်သွားစေသည်။ သူဌေး လေး နန္ဒကို ဘယ်မှာမသိဘဲ နေမလဲ။ သီရိမာထံ အကြိမ်ကြိမ်အခါခါ လာဖူးသူ။ အချစ်၏တိမ်းမူးဖွယ် ရသပေးစွမ်းနိုင်သူ။ "အချစ်လေးသာ ပြည့်တန်ဆာမဟုတ်ရင် အစ်ကို လက်ထပ်ယူချင်တယ်"ဟု ပြောသူ။ သီရိမာထံလာတိုင်း ပင်လယ်ဆားနံ့ရေကို သောက်သည့်သူအလား ကိလေသာ ကာမဂုဏ်အရသာ ခံစားတတ်သူ။ မှန်ရာကိုပြောရလျှင် သူဌေးလေးနန္ဒ၏ အိမ်သူဇနီးမယားဖြစ်လိုစိတ် ကျွန်မမှာ ရှိနေပါသည်။ သို့ပြားလည်း မင်းအာဏာဖြင့် ပြည့်တန်ဆာ ခန့်ထားခံရသူအနေဖြင့် ဘာများ တတ်နိုင်ဦးမှာလဲ။

သည်အချိန် သည်ကာလတွင် မဇ္ဈိမဒေသ၌ ခေတ်စားနေသည်က ပြည့်တန်ဆာ ထားသည့်ဓလေ့။ ဝေသာလီတွင် အမ္ဗပါလီကို ပြည့် တန်ဆာ ခန့်ကတည်းက အပြိုင်အဆိုင် ဖြစ်လာသည်။ သာဝတ္ထိပြည် တွင် ဘုရင်ကောသလက ကျွန်မကို ပြည့်တန်ဆာအဖြစ် ခန့်ထားခဲ့ သည်။

အမည်နာမအရ နှစ်သက်စရာမရှိပေမယ့် ပြည့်တန်ဆာမဘဝကို မိန်းမသားတိုင်း မရနိုင်ပါဘူး။ အဆင်းရူပကာ ချောမောပြေပြစ်ရ



သည်။ မိန်းမမြတ်တို့ ကြန်အင်လက္ခဏာ ပြည့်စုံရသည်။ စကားအရာ လိမ္မာကျွမ်းကျင်ရသည်။ နီတိအတတ်၊ သချ်ာအတတ်၊ အဆိုအတီး အသီအကအတတ်ကျွမ်းကျင်ရသည်။ အထူးတတ်မြောက်ဖို့လိုသည် က နှစ်သက်စွဲမက်အောင် ဖျော်ဖြေမှုပေးရန် ဖြစ်သည်။ သာမန် မိန်းမသားများ မစွမ်းနိုင်သည့်အမှု။ ရုပ်ဆင်းရှိသော်လည်း အတတ် မတတ်လျှင် မဖြစ်။ အတတ်တတ်သော်လည်း ရုပ်ရည်မရှိက မရ။ အဆင်းရောအချင်းပါ ပြည့်စုံသူသာ ပြည့်တန်ဆာ ဖြစ်နိုင်သည်။

အဆိုပါ ပြည့်တန်ဆာမအတွက် မြေတစ်ကွက်၊ အိမ်ကြီးအိမ် ကောင်းတစ်လုံး၊ စီးယာဉ်ရထား၊ အစေအပါး အခြွေအရံများကို ဘုရင် မင်းမြတ်က ချီးမြှောက်ထားသည်။ ပြည့်တန်ဆာမ ဆိုပြားလည်း လူတိုင်း မချဉ်းကပ်နိုင်အောင် ကြေးသတ်မှတ်ထားသည်။ သူဌေး၊ သူကြွယ်၊ မင်းညီမင်းသားများသာ ကပ်နိုင်သည့် ကြေးသတ်မှတ် ထား၍ သီးသန့် လူတန်းစားတစ်ရပ် ဖျော်ဖြေရန်သက်သက် ဖြစ်သည်။

ကျွန်မတို့ ပြည့်တန်ဆာမများ တာဝန်ယူရသည်က တစ်ခုပဲရှိ သည်။ အိမ်ရောက်လာသည့် တခြားတစ်ပါး နိုင်ငံသားတွေထံက သတင်းရယူပေးရေး။ ဆိုရသော် ကျွန်မတို့တာဝန်က သတင်းထောက် လှမ်းပေးရသည့် သူလျှို။ သို့ဖြစ်၍လည်း နိုင်ငံတော်၌ အရေးပါသော မိန်းမသား ဖြစ်နေခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



"နေဦး အစ်မ၊ ကျွန်မအတွက် သတ်မှတ်ကြေးကိုရော သိရဲ့လား"

"သိပါတယ် ညီမ၊ နိုင်ငံတော်မှာ ဒီလောက် ထင်ပေါ်တဲ့ သီရိမာရဲ့အကြောင်း မသိဘဲနေမလား။ တစ်နေ့ အသပြာတစ်ထောင်"

"ဆယ့်ငါးရက်ဆိုတော့ သောင်းငါးထောင်"

ကျွန်မက ညာလက်ငါးကိုထောင်လျက် ဆုပ်ချည် ဖြန့်ချည် သုံးကြိမ် လုပ်ပြလိုက်သည်။ သောင်းငါးထောင်ရလျှင် လက်ခံပြီးသားဟူသည့် အဓိပ္ပာယ်။ သူဌေးလေးနန္ဒရဲ့ဇနီး ဥတ္တရာက အသင့်ယူလာသည့် ငွေအိတ်ကို လက်ထဲ လာထည့်သည်။

"ကိုင်း... ဘယ်လောက် အံ့ဩစရာကောင်းလဲ၊ ကိုယ့်လင်သားကို တစ်ပါးသူရင်ခွင်ထဲ ထည့်ပေးရသည့်အပြင် အသပြာငွေပါ ပေးရတဲ့အဖြစ်။ ကြားဖူးပေါင်"

ကျွန်မက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ညီမရယ်၊ အစ်မကို ကူညီတဲ့ ညီမရဲ့ ကျေးဇူးကို တစ်သက် မမေ့ပါဘူး၊ ဒီအတွက်လည်း ငွေကုန်ရတယ်လို့ မအောက်မေ့ပါဘူး"



"အဟင်းဟင်း... ရတယ်လေ ရတယ်၊ အစ်မရဲ့လင်သား သီရိမာရဲ့ ရင်ခွင်ကြားက ဘယ်မှ မသွားစေရဘူး၊ ငြိမ်စေရမယ်၊ ကြည်စေရမယ်"

ကျွန်မက သည်စကားကို နှစ်လိုအားရစွာပြောပြီး တဟားဟား ရယ်ပစ်လိုက်မိသည်။

* * *

ဥတ္တရာသည် မိဘအိမ်၌ လဆန်းပက္ခ ၄ ရက်၊ လဆုတ်ပက္ခ ၄ ရက်၊ အမြဲဥပုသ်စောင့်ထိန်းမြဲဖြစ်သည်။ ဘုရားရှင်နှင့် သံဃာတော်များကိုလည်း ဆွမ်း သင်္ကန်း စသည့် ဒါနကောင်းမှု ပြု၏။ ယခု ခင်ပွန်းလုပ်သူအိမ်ရောက်သော် မိစ္ဆာဒိဋ္ဌိ အယူရှိသဖြင့် ကုသိုလ်ကောင်းမှုပြုခွင့်မရှိ၊ တရားနာခွင့်မရှိ၊ လင်သားထံ တောင်းခံသော်လည်း ငါးဝအာရုံ ကာမဂုဏ် ယစ်မူးနေ၍ ခွင့်မပြုချေ။ လင်သား၏ ခွင့်ပြုချက်ရအောင် ပြည့်တန်ဆာမ သီရိမာကို အဖိုးမခပေး၍ ငှားလိုက်သည်။

အိမ်ထောင်သည်တာဝန် ကင်းလွတ်ခွင့်ရသည်နှင့် ဥတ္တရာသည် ဘုရားရှင်အား သံဃာငါးရာနှင့်တကွ လဝက်တိုင် ဆွမ်းကျွေးရန်

www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ပါး အိမ်ကိုမကြွရန် ပန်ကြားလျှောက်ထားသည်။ ဘုရားရှင်က ဝန်ခံသဖြင့် နေ့စဉ် ဆွမ်းလုပ်ကျွေးခွင့်ရသည်။ ဆွမ်းအတွက် အနုမောဒနာလည်း နာကြားခွင့်ရသည်။ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော သီလစောင့်ခွင့်ရ၍ ဝမ်းမြောက်နေသည်။ သို့နှင့် ဝါကျွတ်လပြည့် အဖိတ်နေ့ ရောက်လာသည်။ လင်သားထံ ခွင့်ပန်ရက်က ပြည့်တော့မည်ဖြစ်၍ ကိုယ်တိုင် ခဲဖွယ်ဘောဇဉ် ပြုလုပ်သည်။ စားဖိုဆောင်တွင် ကျေးကျွန်များနှင့်အတူ ချွေးတလုံးလုံးလုပ်နေသည့် ဥတ္တရာကို နန္ဒက လေသွန်တံခါးဝမှ ရပ်ကြည့်နေသည်။

"အဟင်း ကြည့်ပါဦး အချစ်လေးရာ၊ ဟိုမှာ ဖြစ်ပျက်နေတဲ့ သူဌေးမကြီးကို"

နန္ဒက ဥတ္တရာကို ပြသည်။ သီရိမာက လှောင်ထေ့ထေ့ ရယ်လိုက်ရင်း...

"လူဆိုတာ သူ့နေရာနဲ့သူ ရပ်တည်ကြတာပဲပေါ့ မောင်ရယ်"

ဟု ပြောလိုက်သည်။

"အဲဒါပြောတာ ကိုယ့်မှာ သုံးမကုန်တဲ့ စည်းစိမ်ရှိနေတာပဲ၊ ဆွမ်းကျွေးချင်ရင် ငါ ဒါလိုချင်တယ်၊ စီစဉ်ကြစမ်းဟေ့လို့ ပြောနိုင်၊ ခိုင်းနိုင်တာပဲ၊ သူက ဒီအိမ်ရဲ့ အရှင်သခင်မလေ"



သီရိမာသည် နန္ဒ၏ အမှတ်တမဲ့ စကားကြားပြီး တုန်လှုပ်သွားသည်။ သူသည် တစ်နေ့ အသပြာတစ်ထောင်ရယူလျက် သူဌေးလေး နန္ဒကို အလုပ်အကျွေးပြုနေသည်မှာ ၁၄ ရက် ရှိပြီ။ နက်ဖြန်ဆိုလျှင် အချိန်းအချက် ရက်ပြည့်ပြီ။ ၁၄ ရက်တိုင်တိုင် နန္ဒနှင့် ပျော်မြူးခဲ့ရသည့်ဘဝ အဆုံးသတ်တော့မည်။ သူ့စိတ်ထဲတွင် ဤအိမ်ကြီးသည် သူ့အိမ်၊ နန္ဒနှင့်သူ အိပ်ခဲ့သည့် အိပ်ခန်း၊ အိပ်ရသည့် ခုတင်ညောင်စောင်းသည် သူ့နေရာ၊ ဤအိမ်၏ အရှင်သခင်မသည် သူသာဟု ထင်ခဲ့သည်။ စိတ်ကူးယဉ်အိပ်မက် မက်ခဲ့သည်။ အိပ်မက်ရှည်ကြီး အဆုံးသတ်တော့မည်။ နက်ဖြန်တွင် ဤအိမ်ထက်ကဆင်းပြီး နေရင်းအိမ် ပြန်ရတော့မည်။ ရုတ်ခြည်း ပြောင်းလဲသွားသည့် သူ့ဘဝအခြေအနေကို လက်ခံမပေးနိုင်။ နန္ဒ၏ ကြင်သူသက်ထား ဇနီးမယားဘဝကို မစွန့်နိုင်။

ဤအတွေးဝင်လာသည်နှင့် အိမ်ခန်းထဲ ပြန်ဝင်လာသည်။ ဒါနလုပ်ရာတွင် ဟင်းလျာချက်ဖို့ထားသည့် ထောပတ်ဆီပူခွက်ကို ယူလာသည်။ ထို့နောက် အောက်တွင် အလုပ်ရှုပ်နေသော ဥတ္တရာ၏ခေါင်းထက် လောင်းချလိုက်သည်။

"ဟဲ့... ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အန္တရာယ်ပြုလိုက်သည့် သီရိမာကို မဟန့်တားလိုက်နိုင်။ ဥတ္တရာ၏ ဦးခေါင်းထက်ကို ထောပတ်ရည်တွေ ကျကုန်သည်။ ဇနီးသည်အဖြစ်ကိုမြင်ပြီး စိတ်ပူသွားသည်။ နန္ဒ အိမ်ထက်မှ ပြေးဆင်းခဲ့သည်။

သီရိမာ ဤသို့ ပြုမူချိန်တွင် ဥတ္တရာကမူ ကျေးဇူးရှိသူတည်းဟု အာရုံပြုမိလိုက်သည်။

"အင်း... သီရိမာ ကျေးဇူးကြောင့် ငါဟာ ဥပုသ်ရက်ရှည် စောင့်ရတယ်၊ ဒါန၊ သီလ၊ ဘာဝနာ ပွားများခွင့် ရတယ်၊ ယူဇနာ တစ်သန်း၊ နှစ်သိန်း၊ သုံးထောင်၊ လေးရာငါးဆယ်ကျယ်သော စကြဝဠာဟာ သီရိမာ ကျေးဇူးလောက် မကျယ်ပြန့်ဘူး၊ အကနိဋ္ဌဗြဟ္မာဘုံဟာ သီရိမာ ကျေးဇူးလောက် မမြင့်နိုင်ဘူး၊ သည်ကျေးဇူးကို သိတဲ့ အနေနဲ့ အမျက်မထွက်သင့်ဘူး၊ ငါ့မှာ အမျက်မရှိရင် အခုလောင်းတဲ့ ထောပတ်ရည်ဟာ နံ့သာရည်သွန်းလောင်းသည့်အလား အေးပါစေ"

ဥတ္တရာက ဤသို့ အဓိဋ္ဌာန်ပြုလိုက်သဖြင့် သီရိမာ အန္တရာယ်ပြုသော်လည်း ဘေးဥပဒ်မရောက်ပေ။

အရှင်သခင်မအပေါ် မကောင်းကြံစည်သည်ကိုမြင်သော အိမ်စေများသည် သီရိမာကို အိမ်ထက်မှ ဆွဲချသည်။ ထုရိုက်သတ်ပုတ်သည်။



"ဟဲ့... အယုတ်တမာမ၊ ဇာဂ်မမယားလုပ်ရတဲ့ နင်က ထာဝရ ဖြစ်ချင်လို့ မဟုတ်တဲ့ အကြံအစည် ကြံသလား၊ သေပေတော့"

သီရိမာကို ဝိုင်းဝန်း သတ်ပုတ်နေသည်ကိုမြင်သော် ဥတ္တရာသည် သီရိမာကိုယ်ပေါ်မှ ဖိထားကာကွယ်သည်။

"ဟော့... မလုပ်နဲ့... မလုပ်ကြနဲ့၊ အဲဒါ ငါ့ကျေးဇူးရှင်၊ ငါ့ ခင်ပွန်းမ၊ သူ့ကျေးဇူးကို မစော်ကားကြနဲ့"

မိမိအပေါ် အသက်နှင့်လဲ ကာကွယ်သည်ကိုမြင်ရသော် သီရိမာ နောင်တရသွားသည်။ အမှားကိုမြင်ပြီး ဝန်ချတောင်းပန်သည်။ ဥတ္တရာက "ငါ့ကို တောင်းပန်စရာမလို၊ ငါ့မှာ အဘရှိသည်၊ အဘဘုရားကိုသာ ဝန်ချတောင်းပန်လော့"ဟု ဆိုပြီး ဘုရားရှင်ထံမှ တရားနာခွင့်ရအောင်ပင် ဖန်တီးပေးခဲ့သည်။

သီရိမာသည် သာဝတ္ထိပြည်တွင် ထင်ရှားသော အမျိုးသမီးဖြစ်သည်။ ဆရာဇီဝက၏ နှမရင်းဖြစ်သဖြင့် လူလေးစားခံရသူလည်း ဖြစ်သည်။ တစ်ဖန် တိုင်းပြည်က ပြည့်တန်ဆာအဖြစ် ရွေးချယ်ခံရသဖြင့် အရှိန်အဝါရှိ၏။ စီးပွားဥစ္စာနှင့်ပြည့်စုံ၏။ သို့သော်လည်း ကိလေသာ အာရုံ ကာမဂုဏ်ကို နှစ်သက်သော ပုထုဇဉ်ပီပီ အလိုရမ္မက်ကြီး၏။ ရာဂ၊ ဒေါသ၊ မောဟ၊ မာနတွေ ထုံမွှမ်းနေသည်။ ဤသို့ ထုံမွှမ်းနေသော ကြောင့် မပြုမှားသင့်သူကို ပြုမှားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်မ ဥတ္တရာကို ထောပတ်ရည်ပူတွေနှင့် ပျောင်းချချိန်တွင် သီရိမာကို ဆဲရေးကြသည်။ ရိုက်ပုတ်ကြသည်။ ဇဂ်မ မယားဘဝမှ ထာဝရမယား ဖြစ်လိုသဖြင့် အကြံဆိုး ကြံစည်သည်။ အကယ်၍ ဥတ္တရာသာ မေတ္တာစာတ် အားနည်းပါးလျှင် မရှုမလှ သေဆုံးရမည့် အဖြစ်။ ဥတ္တရာ၏ကျေးကျွန်များက အကြံပက်စက်သည့် ကြောက်စရာ မိန်းမသားဟု သီရိမာကို သတ်မှတ်ထိုက်လေသည်။

ကျမ်းကိုး။ ဓိနတ္ထ ပကာသနီ (ပဉ္စမတွဲ)

○○○



www.burmeseclassic.com

www.burmeseclassic.com

မိန်းမယုတ်တို့၏စိတ်သဘောက
သိရန်ခက်ခဲသည်။ မိန်းမတို့သည်
အမျိုးမာန်တက်၏၊ အရွယ်မာန်တက်၏၊
ဥစ္စာမာန်တက်၏၊ အဆင်းမာန် တက်၏။
ထိုပြင် မိန်းမတို့၏စိတ်သည်
နံနက်ချိန်၌ မစ္ဆရိယစိတ် ပွား၏၊
ညနေ၌ ဣဿာစိတ်ပွား၏၊
ညဉ့်အခါတွင် ရာဂစိတ်ပွားများ၏။

## ရန်ငြိုးဖွဲ့သည့် မိန်းမသား

မြတ်ဘုရားသည် ကိလေသာပယ်ခွာသော ရဟန်းတို့အား မာတုဂါမတို့နှင့် အလျဉ်းဝေးကွာသောအရပ်၌ နေခြင်းသည် မြတ်သော အကျင့်ဟု ဆုံးမခဲ့သည်။ အကယ်၍ မြင်သော်ငြားလည်း စကားမပြော ဘဲနေရမည်ဟု မိန့်မြွက်၏။ မိမိ၏ဦးခေါင်းကိုဖြတ်ရန် အားထုတ်သည့် ယောကျ်ားနှင့် စကားပြောခြင်းက မြတ်သေးသည်။ မာတုဂါမနှင့် စကားမဆိုသင့်ဟု ပိတ်ပင်သည်။ ဘုရားရှင်က မာတုဂါမတို့နှင့် ရင်းနှီးကျွမ်းဝင် စကားမဆိုရန် တားမြစ်သည်တွင် အရှင်အာနန္ဒာက "အကယ်၍ မာတုဂါမက ကျောင်းလာ၊ သီတင်းသီလဆောက်တည်၊ တရားတောင်းငြားအံ့ စကားမဆို၍မဖြစ်။ အကယ်၍ တုံ့ပြန်စကား မဆိုလျှင် ဆွံ့အသလော၊ နားပင်းသလော၊ လောကရေးရာ မလိမ္မာ သလော၊ ပညာမဲ့သလောဟု ဆိုရာ၏။ အကယ်၍ စကားပြောသော်

www.burmeseclassic.com



အဘယ်သို့ နှလုံးထားအံ့နည်းဟု မေး၏။ ထိုအခါ ဘုရားရှင်က အမိအမှတ်ဖြင့်လည်းကောင်း၊ နှမအမှတ်ဖြင့်လည်းကောင်း၊ သမီးအဖြစ်လည်းကောင်း မှတ်ယူလျက် သတိတရား ထားရှိရမည်ဟု မိန့်သည်။

မာတုဂါမတို့နှင့် စကားပြောလျှင် ချစ်ကျွမ်းဝင်ခြင်းဖြစ်မည်။ ချစ်ကျွမ်းဝင်လျှင် နှစ်သက်ခြင်းရာဂဖြစ်မည်။ ရာဂဖြစ်သော် အထူးထူးသော ကြံစည်မှုဖြစ်မည်။ ဤသို့ကြံစည်သော် တဏှာ၊ ဥပါဒါန်ဖြစ်မည်။ ထိုသို့ တဏှာ၊ဥပါဒါန်ဖြစ်လျှင် သီလ ညစ်ညူးမည်။ သီလပျက်ပြားလျှင် အပါယ်လားမည်ဖြစ်ရာ မိန်းမတို့သည် အပါယ်ငရဲနှင့်ဆင်းရဲခြင်းကိုပေးနိုင်၍ မဆက်ဆံသင့်ကြောင်း မိန့်ကြားသည်။

ဘုရားရှင်က မာတုဂါမတို့နှင့် ဆက်ဆံမှုကို ပိတ်ဝင်ခြင်းမှာ မိန်းမယုတ်တို့၏စိတ်သဘောက သိရန်ခက်ခဲသည်။ မိန်းမတို့သည် အမျိုးမာန်တက်၏၊ အရွယ်မာန်တက်၏၊ ဥစ္စာမာန်တက်၏၊ အဆင်းမာန်တက်၏။ ထို့ပြင် မိန်းမတို့၏စိတ်သည် နံနက်ချိန်၌ မစ္ဆရိယစိတ်ပွား၏။ ညနေ၌ ဣဿာစိတ်ပွား၏။ ညဥ့်အခါတွင် ရာဂစိတ် ပွားများ၏။ ထိုမျှမက မဟုတ်မမှန် ပြောတတ်သည်၊ လျှို့ဝှက်ကြံစည်တတ်သည်၊ လှည့်ပတ်ဖြားယောင်းတတ်သည်။ မိုက်မဲတွေဝေမှုရှိပြီး လောဘလည်းကြီး၏။ စင်ကြယ်စိတ်ကင်းပြီး ညှာတာမှုလည်းမရှိရကား ပေါင်းသင်းလျှင် အန္တရာယ်ကြီးမားလှသည်။



မိန်းမသားတို့၏ ဣဿာ၊ မစ္ဆရိယစိတ် များပြားမှုကြောင့် ငြိုးမာန်ဖွဲ့[illegible]သည်။ သာဝတ္ထိမြို့သူ အမျိုးသမီးနှင့် ဘီလူးမတို့ရန်စ မပြတ်သည့်အတွက် 'ရန်[illegible]သဖြင့် ရန်စမပျောက်၊ ရန်တုံ့မမူမှသာ ငြိမ်းအေး၏' ဟု ဆုံးမရလေသည်။

* * *

ထိုသာဝတ္ထိမြို့သူသည် အမျိုးသားကောင်းနှင့် အိမ်ထောင်ကျသည်။ သားသမီးမွေးသော် ဘီလူးမက လူယောင် ဖန်ဆင်းလျက် မိတ်ဆွေယောင်ဆောင်ကာ မီးနေခန်းလာ၏။ သတင်းမေးလေဟန်ဖြင့် သားငယ်ကို စားသွား၏။ တစ်ဖန် ဒုတိယမြောက် ကလေးဖွားချိန်တွင်လည်း အလားတူ အစားခံရပြန်သည်။

ကလေးကို လာစားသော ဘီလူးသည် ယခင်ဘဝက သမင်မဖြစ်ခဲ့သည်။ ထိုအချိန်က သာဝတ္ထိမြို့သူသည် သစ်မဖြစ်၏။ သစ်မသည် သမင်မ၏သားမွေးတိုင်း လာစားပစ်၏။ တတိယအကြိမ်တွင် သားသမီးရော မိခင် သမင်မကြီးပါ စားပစ်သည်။ သမင်ဘဝတွင် အစားခံခဲ့ရသောကြောင့် နောင်ဘဝတွင် တုံ့ပြန် လက်စားချေရပါစေဟု ဆုတောင်းခဲ့ခြင်းကြောင့် ဘီလူးမ ဖြစ်လာခြင်းဖြစ်၏။

တတိယမြောက် ကိုယ်ဝန်ရှိသော် အမျိုးသမီးက ခင်ပွန်း[illegible]နှင့်တိုင်ပင်သည်။ သားနှစ်ယောက် ကိုယ်ဝန်ရသော်လည်း အ[illegible]မတင်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးစားခံရသည်။ ဤကလေးကိုမူ အရပ်တစ်ပါးသို့ သွားမွေးမှ ဘေးရန်ကင်းမည်ဟု တွေး၏။ ဘီလူးမသည် ဝေဿဝဏ်နတ်မင်းကြီးထံ အခစားဝင်နေချိန် သာဝတ္ထိပြည်သူသည် အရပ်တစ်ပါးသို့ ပြေးသွား၏။ ဘီလူးမ ပြန်လာသော် မတွေ့၍ လူယောင်ဖန်ဆင်းပြီး စုံစမ်းသည်။ ကလေးကို ဘီလူးစားမည်စိုးသဖြင့် ပြေးကြောင်း အိမ်နီးချင်းက ပြောသည်နှင့် ဘီလူးမ အလျင်အမြန် လိုက်တော့သည်။

သာဝတ္ထိမြို့သူသည် အရပ်တစ်ပါးတွင် သားကိုမွေးဖွားပြီး ခေါင်းဆေးမင်္ဂလာပြု၏။ အမည်ပေး ကင်ပွန်းတပ်၏။ ထိုသို့ မင်္ဂလာသဘင် ဆင်ယင်ပြီးသော် နေရပ်သို့ ပြန်လာသည်။ ဘုရားကျောင်းတော်အနီး ရေကန်ရောက်သော် သားကို လင်သားလက်အပ်လျက် ရေချိုးသည်။ တစ်ဖန် လင်သား ရေချိုးသော် သားကိုပွေ့လျက် နို့တိုက်နေ၏။ ထိုစဉ် ဘီလူးမ လူယောင်ဆောင်ပြီး လာနေသည်ကို အဝေးကမြင်သည်။

“အမောင် မြန်မြန်... မြန်မြန်လုပ်၊ ရှေ့ကလာနေတာ ဘီလူး၊ သားကိုစားမယ့် ဘီလူး”

အလန့်တကြား အော်ပြောနေစဉ် ဘီလူးမက နီးလာသဖြင့် ကလေးကိုပွေ့ချီပြီး ကျောင်းတော်သို့ ဝင်ပြေးသည်။ ဘုရားရှင်၏ရှေ့အရောက်တွင် ကလေးကိုချပြီး ‘ကယ်တော်မူပါ’ဟု တောင်းပန်သည်။



ဘီလူးမသည်လည်း ကျောင်းထဲထိလိုက်ရန် ဟန်ပြင်၏။ သို့သော် တံခါးမုခ်စောင့် သုမနနတ်က ဝင်ခွင့်မပြုသဖြင့် အတွင်းမဝင်နိုင်ပေ။ ဘီလူးမနှင့် လူတို့၏ရန်ငြိုးကြီးသည့် သံသရာဇာတ်ကို ရပ်တန့်စိမ့်သောငှာ ဘုရားရှင်က ဘီလူးမကိုခေါ်စေလျက် တရားပြလေသည်။ ဒေသနာအဆုံးတွင် ဘီလူးမ သောတာပတ္တိဖိုလ်၌ တည်လေ၏။

* * *

ဤဇာတ်လမ်း၏ အရင်းအမြစ်သည် ဖခင် ကွယ်လွန်ပြီး မိခင်ကို လုပ်ကျွေးသော သားတစ်ယောက်အဖြစ်မှ ဇာတ်လမ်းစသည်။ လိမ္မာရေးခြားရှိသောသားကို မိခင်ကြီးက သား မပင်ပန်းစိမ့်သောငှာ မိန်းမပေးစားဖို့ ကြံရွယ်သည်။ သားက မိဘကို လုပ်ကျွေးပါရစေ၊ အပိုရှုပ်ထွေးမည့် အိမ်ထောင်ပြု သားသမီးမွေးဖို့ မလိုလားပါဟု ဆိုသည်။ သို့သော် အထောက်အကူရစိမ့်သောငှာ မိခင်ကြီးက အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ပေးလိုက်သည်။ သို့သော် အဆိုပါ အမျိုးသမီးက သားသမီးမဖွားဘဲ မြုံနေသည်။ ရှေးခေတ်အယူအဆအရ သားသမီးမျိုးဆက် မထားနိုင်သော မယားသည် ယုတ်ညံ့သည်ဟု ယူဆသည်။ မျိုးဆက်အမွေ ထိန်းသိမ်းနိုင်ရန်အတွက် အခြား အမျိုးသမီးတစ်ယောက်နှင့် ပေးစားရန် ကြံရွယ်သည်။ ဤတွင် ပထမ မယားကြီးက ဒုတိယ မယားတွင် သားသမီးရချေက ဥစ္စာအိုးသမျှ

www.burmeseclassic.com



သိမ်းပိုက်ခံသွားရမည်။ သို့ဖြစ်၍ ကိုယ်နှင့် သဘောခြင်းနှစ်ခြိုက်သော အမျိုးသမီးကို ရွေးချယ်ပေးစားအံ့ဟု ကြံရွယ်ပြီး အမျိုးသမီးငယ်ကို အိမ်ခေါ်ခဲ့သည်။

အဆိုပါ ဒုတိယ ဇနီးသည်၌ ကိုယ်ဝန်ရှိသော် ပထမမယားက မနာလိုစိတ်ဖြစ်လျက် သားလျှောကျအောင် အစာထဲ ဆေးခပ်ကျွေးလိုက်သည်။ တစ်ဖန် ဒုတိယကိုယ်ဝန် ရလာပြန်သည်။ ထိုအခါ၌လည်း ကိုယ်ဝန်ပျက်ကျစေပြန်သည်။

ကိုယ်ဝန် နှစ်ကြိမ်ပျက်ကျသော် အိမ်နီးနားချင်း မိန်မတို့က ဤအဖြစ်ကို မရိုးသားဟု တွက်မိသည်။ ကိုယ်ဝန်ရင့်လာမှ သိရသည်။ သူ၏ယုတ်မာမှုကို အပြစ်တင်၍ ကိုယ်ဝန်ပျက်ကျစေရာ ဝမ်းတွင်း၌ပင် ကလေးဆုံးပြီး မိခင်လုပ်သူလည်း ဝေဒနာ ပြင်းစွာခံစားရပြီးသေလေရသည်။ဤလက်ချက်သည် မယားကြီးလက်ချက်မှန်း သိသဖြင့် 'နောင်ဘဝ တွင် သူ၏သားသမီးကို စားရသည်ဖြစ်လို၏' ဟု ဆုတောင်းရာ သေ လွန်သော် ကြောင်ဖြစ်၏။

သားရော မယားငယ်ပါ မယားကြီးပယောဂကြောင့် သေမှန်းသိသဖြင့် လင်သားလုပ်သူက ရိုက်ပုတ်၍ ပထမမယား သေ၏။ ထိုမယားသည် ကြက်မဖြစ်သည်။ ကြက်မ မွေးလေတိုင်း ကြောင်က စားသည်။ ဤကြက်မက ရန်တုံ့ပြန်ရန် ဆုတောင်းရာ သစ်မ ဖြစ်၏။



ကြောင်မ သေလွန်သော် သမင်ဖြစ်၏။ သမင်မ၏သားတို့ကို သစ်မက စားပြန်သည်။ သံသရာတစ်လျှောက်လုံး အပြန်အလှန်စားနေရာ မဆုံးနိုင်တော့။ ဘုရားရှင်က တရားပြမှ ဇာတ်သိမ်းတော့၏။

ဘီလူးနှင့် သာဝတ္ထိသူတို့၏ရန်ငြိုးက ကြောက်မက်ဖွယ်ကောင်းလှသည်။ ဣသာ၊ မစ္ဆရိယစိတ်များသော မိန်းမသားတို့၏ ရန်ငြိုးကြီးပုံကား ကြောက်စရာပင် ကောင်းလှပေတော့သည်။

ကျမ်းကိုး- ဓမ္မပဒ၊ ယမကဝဂ်၊ ကာဠီဘီလူးမဝတ္ထု။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အမှီအခိုပြုအပ်သော ဆရာမှားသဖြင့်
ဒိဋ္ဌိအယူရှိခဲ့ရာ မပြစ်မှားသင့်သော
ဘုရားရှင်အား စော်ကားမိသည်။
အယူမှားခြင်းကြောင့် လက်ရှိဘဝတွင်
အသေဆိုး သေရသက

## အယူမှားသည့် မိန်းမသား

ဗုဒ္ဓ ကောလာဟလ ဖြစ်ပွားချိန်တွင် မဇ္ဈိမဒေသ၌ ဂိုဏ်းဆရာကြီးတွေ စခန်းထလာသည်။ ပူရာဏကဿပကလည်း ဗုဒ္ဓတဲ့။ အဇိတကေသကမ္ဗလကလည်း သူသာ မှန်တဲ့။ မက္ခလိဂေါသာလက လည်း သူသာလျှင် တထာဂတ။

ဗုဒ္ဓဆိုသည့် ပူရာဏ ကဿပက အကိရိယဝါဒ ဟောကြားသည်။ ဤလောက၌ သူ့အသက်သတ်ခြင်းအမှုကို ကိုယ်တိုင်သော်လည်းကောင်း၊ သူတစ်ပါးကိုပြုစေသော်လည်းကောင်း၊ မကောင်းမှုပြုသည် မမည်။ အလှူပေးခြင်း၊ သီလစောင့်ခြင်းဟူသော ကုသိုလ်ကောင်းမှုသည် မရှိ။ ကောင်းမှုပြုခြင်းကြောင့် အကျိုးရှိမည်ဟူသောဝါဒ မမှန်ဟု ဆိုသည်။ လူမိုက်တို့ နှစ်သက်သဖြင့် ယုံကြည်ကိုးကွယ်သူတွေ များခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖိတာကေသကမ္ဗလက ဥစ္ဆေဒဒိဋ္ဌိဝါဒတူထောင်သည်။ ပေးလှူခြင်းသည် အကျိုးမရှိ။ အမိအဖဟူသည်မရှိ။ မိဘကိုရိုသေခြင်း၊ လုပ်ကျွေးခြင်းကြောင့် ကောင်းမှုဟူ၍ မဆိုနိုင်။ အတိတ်ဘဝ၊ အနာဂတ်ဘဝဟူ၍ မရှိ။ ပစ္စုပ္ပန်ဘဝသည်သာ ပဓာနဟု ဟောသည်။ လူဆိုးများ လက်ခံယုံကြည်ကြသည်။

မက္ခလိဂေါသာလက သံသရာဝိသုဒ္ဓိဝါဒ ဟောကြားသည်။ လူတို့သည် ကောင်းမှုလုပ်သူရော မကောင်းမှုလုပ်သူပါ အဆုံးဘဝတွင် စင်ကြယ်ပြီးဆုံး၏။ လုံ့လပြုသူရော မပြုသူပါ သံသရာအဆုံးသို့ ရေးရှု၏။ လူပျင်း လူအတို့ သဘောကျ နှစ်သက်ကြသည်။

ဝါဒရှင်များက သူတစ်မျိုး ငါတစ်ဖုံ ဟောကြားသဖြင့် ကိုယ်သန်ရာ သန်ရာ စုရုံးကြသည်။ သမဏောန သမဏော၊ ဂေါဏောန ဂေါဏော ဆိုသည့်အလား။ ဝါဒရှင်များ လမ်းညွှန်ရာ ဟုတ်နိုးနိုးနှင့် လုပ်ဆောင်ကြကုန်သည်။

မဇ္ဈိမဒေသတွင် ဘုရားရှင် ပွင့်ထွန်းပြီး သစ္စာလေးပါးတရားကို ဟောပြော၏။ အတ္တအလံကိုရိုက်ချိုးလျက် အနတ္တတံခွန်ကို လွှင့်ထူလိုက်သည်။ သဘောတရားနှင့်လက်တွေ့ ကွာဟသည့် ဝါဒရှင်များကြားတွင် သဘောတရားနှင့် လက်တွေ့ အံဝင်ခွင်ကျ ထုတ်ပြလိုက်သဖြင့် ဗုဒ္ဓသာသနာတော်သည် ရုတ်ခြည်း ထင်ပေါ်လာသည်။ ယုံ



ကြည် လက်ခံသူတွေ များလာသည်။ အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းကြီး ဆောက်လုပ် လှူဒါန်းလိုက်သည့်အခါ သာဝတ္ထိပြည်တစ်ဝန်းတွင် ဗုဒ္ဓသာသနာတော်သည် နေလိုလလို ထင်ရှား ပွင့်ထွန်းလာတော့၏။

* * *

"အရှင်မ သုန္ဒရီ။ သာသနာတော်တွင်းကို ပရိဗိုဇ်မတစ်ပါးအနေနဲ့ ဝင်လာတဲ့ အရှင်မဟာ သာသနာတော်အကျိုး ဘာများ ဆောင်ရွက်သလဲ၊ တို့များရဲ့ သာသနာတော် အဓွန့်ရှည်အောင်ပြုဖို့ သင့်မှာ တာဝန်မရှိဘူး ထင်လား"

သုန္ဒရီ ပရိဗိုဇ်မလေးက တိတ္ထိတို့ရှိရာ ကျောင်းတိုက်သို့ ဝင်လာပြီး ဂိုဏ်းဆရာကြီးအား ရှိခိုး ဝတ်ပြုလိုက်ချိန် ဤသို့ စကားဖြင့် ပုတ်ခတ်လိုက်၍ အနေကျဉ်းကျပ်သွားသည်။ သူ့တွင် အဘယ်အမှား ပြုမိပါလိမ့်မည်ဟုတွေးလျက် စဉ်းစားနေသည်။

"အရှင်မ ဟောဒီ သာဝတ္ထိပြည်မှာရော ရာဇဂြိုဟ်၊ ဝေသာလီ၊ ကောသမ္ဗီပြည်တွေမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိသလား"

ဂိုဏ်းဆရာကြီး မေးသည့်စကားကို သုန္ဒရီ မဖြေနိုင်။ သူသည် ဂိုဏ်းဆရာတွေ ညွှန်ပြဆုံးမသည်ကို လိုက်နာရုံကလွဲ၍ အခြားမရှိ။

www.burmeseclassic.com

www.burmeseclassic.com



အခြားအခြားသော ပြင်ပ အနေအထားကိုလည်း လေ့လာစရာမလိုဟု ထင်ထားသည်။ သို့ဖြစ်၍လည်း ဂိုဏ်းဆရာကြီး မေးသည့်စကားကို မဖြေနိုင်။

"အရှင်မသုန္ဒရီ၊ ကနေ့ တို့များရဲ့သာသနာဟာ ယိမ်းယိုင်နေပြီ၊ ဆည်းကပ်သူနည်းနေပြီ၊ ကြာရင် တို့များ တော်သေရုံပဲ ရှိတော့မယ်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"မသိပါဘူး ဆရာသခင်"

"အဲဒါပဲ အရှင်မတို့က ကိုယ့်ဘဝ လွတ်မြောက်ဖို့၊ ကိုယ် အနေအစားချောင်ဖို့လောက်ပဲ စဉ်းစားတယ်၊ သာသနာအကျိုး ဘာ သယ်ပိုးသင့်လဲဆိုတာ မတွေးဘူး"

"တပည့်တော် ဘာလုပ်ရမလဲဆိုတာ လမ်းညွှန်ပါ"

သုန္ဒရီထံမှ ထိုစကား ကြားချင်နေသော ဂိုဏ်းဆရာကြီးသည် ကျေနပ်ပြုံးဖြင့် တစ်ချက်ပြုံးလိုက်သည်။

ရဟန်းကြီး ဂေါတမ၏ အရှိန်အဝါ ရပ်တန့်စေရေး၊ တလူလူ မြင့်တက်နေသည့် ဗုဒ္ဓသာသနာ အရှိန်လျှော့ကျရေးအတွက် ဂိုဏ်း ဆရာများ စုဝေးသည်၊ နည်းလမ်းရှာသည်၊ လူအများ ယုံကြည် ဆည်းကပ်နေသည့် ဂေါတမဗုဒ္ဓကို သိက္ခာချမှသာ ဆောင်မြင်မည်။ ဤကိစ္စအတွက် အသုံးချရမည့်သူ ရွေးထုတ်ရမည်ဟု တညီတညွတ်



တည်း ဆုံးဖြတ်လိုက်သည်။ ဤသို့ ဆုံးဖြတ်လိုက်သည်နှင့် အရှင်မ သုန္ဒရီ၏ပုံရိပ်က သူတို့၏အတွေးတွင် ထင်လာသည်။

သုန္ဒရီသည် လှပသည်၊ ပျိုမျစ်သည်၊ ဥဒေါင်းပျိုလေးကဲ့သို့ တက်ကြွသည်၊ မြင်သူငေးလောက်သည့် အလှရှင်လေးသည် တိတ္ထိ သာသနာတွင်း ရောက်လာကတည်းက တစ်နေ့နေ့တွင် အကျိုးရှိမည် ဟု တွက်ထားခဲ့သည်။ ယခုအခါ ရဟန်းကြီး ဂေါတမကိုဖြိုဖျက်ရန် အကောင်း ဆုံးလက်နက်က သုန္ဒရီသာဖြစ်ကြောင်း သတိပြုမိသည်။

"အရှင်မသုန္ဒရီ သာသနာတော်ကြီးအတွက်ဆိုရင် ကိုယ်ကျိုး စွန့်လွှတ်နိုင်ရဲ့လား"

"စွန့်နိုင်ပါတယ် ဂိုဏ်းဆရာ"

"တို့ လမ်းညွှန်ချက်အတိုင်း တိတိကျကျ လုပ်နိုင်ပါ့မလား"

"ရဲရဲဝံ့ဝံ့ ကတိပေးပါတယ်"

"ဒါဆို တို့သာသနာ တိုးပွားစည်ပင်ဖို့ အရှင်မ ကြိုးစားလို့လ ပြုတော့"

ဂိုဏ်းဆရာကြီးက သုန္ဒရီကို လက်ဝါးရိုက် မှာကြားသည်။ ပြုကျင့်ရမည့် နည်းလမ်းတို့ကို အသေးစိတ်သင်ပြလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဟော... အရှင်မလေး သုန္ဒရီပါလား၊ ဒါဂ ဘယ်သွားမှာလဲ"

"ရဟန်းကြီး ဂေါတမနဲ့ အိပ်ဖို့သွားမှာပါ"

ညချမ်းချိန်တွင် ဘုရားကျောင်းက တရားနာပြီး ပြန်လာသူတွေနှင့် အရှင်မလေး သုန္ဒရီက မတွေ့တွေ့အောင် အချိန်ကိုက်လာသည်။ ပရိဗိုဇ်မတစ်ဦးနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှု၊ ပြင် ဆင်မှုများ တမင် ဖန်တီးလာသည်။

ကိလေသာကင်းပြတ်အောင် လူ့ဘောင်ခွာလျက် ပရိဗိုဇ်မလေး. အသွင်ပြောင်းထားသော အရှင်မက မွှန်နံ့သာ ခြယ်သလာသည်။ ပန်းတွေဝေအောင် ပန်လာသည်။ နှုတ်ခမ်းနှင့် ပါးတွေကို သန္တာနီထွေး ပတ္တမြားသွေးပေါက်အောင် ဆိုးလာသည်။ ဤဟန်ပန်အသွင်က ဘုရားရှင် မလိုလားသည့်အသွင်။ မလျော်ညီသည့် အပြုအမူ။ ဤအနေအထားဖြင့် ကျောင်းပရိဝုဏ်အတွင်း ဝင်လာသည့် ပရိဗိုဇ်မလေးကို ဥပသကာများက စူးစမ်းသည်။ စူးစမ်းမှပင် မကြားဝံ့ မနာသာသည့် စကားနှင့် တုံ့ပြန်လာသည်။

"ဘုရားရှင်နဲ့ အတူတူ အိပ်ဖို့ဆိုပါလား"

"သြော်... ကျောင်းဒကာကြီးရယ် ဒီစကားမ [illegible] ယုံစရာမှမရှိတာ"



"မရှိပေမယ့် ကျောင်းတော်ထဲ ဝင်သွားပြီလေ"

[illegible] ုားရှင်အား ယုံကြည်ကိုးစားသည့် ဥပသကာများက စိတ်မချမ်းမသာနှင့် ပြောဆိုကြသည်။ မသိမသာ ပင့်သက်ချလျက် ကျောင်းတော်ကြီးဆီ လည်ပြန် လှည့်ကြည့်ကြသည်။ သူ့ကို စိတ်ဝင်တစား ကြည့်ကြလိမ့်မည်ဟု ပုံသေကားချ တွက်ထားသော သုန္ဒရီသည် အိစက်ဖောင်းကြွသည့် တင်လေးကို လှုပ်ကာယမ်းကာနှင့် ဂန္ဓကုဋိတိုက်ဆီ ရှေးရှုသွားနေပေသည်။

* * *

"ဟော..."

အဝတ်အစား ကပိုကယို၊ ဆေးသားပျက်ပြယ်နေသည့် နှုတ်ခမ်းနှစ်လွှာ၊ မရဲတရဲအကြည့်ဖြင့် မူယာမာယာပိုပို ထွက်လာသော အရှင်မသုန္ဒရီကို အရုဏ်ဆွမ်းကပ်ရန်လာသည့် ဒကာများနှင့် ဆုံစည်းသည်။ အနေအထားကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်ကုန်သည်။

အရှင်မသုန္ဒရီက ရောက်လာသည့် ဒကာများကိုပင် "ကန်တော့ ကန်တော့"ဟု အရိုအသေပေးလျက် ကွင်းရှောင်သွားလိုက်ပြန်သည်။

"အရှင်မ"

"သြော်... ဘာမေးစရာများရှိလို့လဲ ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကကြွလာသလဲလို့ မေးချင်တာပါ"

"အဟင်းဟင်း... အားတော့နာပါရဲ့၊ သင်တို့ရဲ့ရဟန်းကြီး ဂေါတမနဲ့ ကိလေသာစစ်ပွဲ ဆင်နွှဲပြီး ပြန်လာတာလေ၊ မှုံးမှုံးမေ့မေ့ အတွေ့ကို ဘယ်အမျိုးသားကောင်းက ရှောင်နိုင်မှာလဲရှင်"

အရှင်မသုန္ဒရီက ရယ်သံလေးများနှောလျက် ခပ်သုတ်သုတ် ထွက်သွားသည်။ ပရိသတ်ကမူ အံ့သြတုန်လှုပ်စွာဖြင့် တလှုပ်လှုပ် ယိမ်းနွဲ့သွားသည့် အရှင်မ၏နောက်ပိုင်းအလှကိုကြည့်လျက် စိတ်မသက် မသာ ဖြစ်ရတော့သည်။

* * *

"အရှင်မင်းကြီး သင်ဟာ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတစ်ပါးဖြစ်ပါတယ်၊ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ဟာ မင်းကြီးရဲ့ အုပ်ထိန်းမှုအောက်မှာ တည်ပါတယ်"

တိတ္ထိဂိုဏ်းဆရာကြီးများ အုပ်စုနှင့်ချီလာကတည်းက ပြဿနာ တစ်ခုခု သယ်လာပြီဟု ကောသလမင်းကြီး သိလိုက်သည်။ မည်သည့် သာသနာဝင် ပုဂ္ဂိုလ်ပင်ဖြစ်စေ အားပေး ချီးမြှောက်တော်မူသည့် မင်းကြီးသည် တိတ္ထိဆရာတို့၏ အမူအရာကို မနှစ်မြို့သော်လည်း အောင့်အည်းသည်းခံနေလိုက်သည်။



"အခု ပြည်သူတွေရဲ့ လုံခြုံမှုက ကင်းမဲ့သွားပြီ"

"ဂိုဏ်းဆရာကြီး ဆိုလိုတာက"

"ကျုပ်တို့ရဲ့ တပည့်မလေး သုန္ဒရီ ပျောက်နေတာ သုံးလေး ရက်ရှိပြီ၊ ဒီလောက် မြို့ကြီးပြကြီးမှာတောင် ဒီလို စိတ်မချရရင် တောနေဇနပုဒ်က ဘယ်လိုရှိမလဲ"

"ဘယ်လိုက ဘယ်လိုပျောက်တာလဲ"

"ပျောက်ပုံကတော့ ခပ်ဆန်းဆန်းပဲ၊ အရှင်မသုန္ဒရီဟာ ဇေတဝန် ကျောင်းဘက် သွားသွားနေတာ သိရတယ်၊ ကျုပ်တို့ကလည်း သူ့ အခွင့်အရေး မပိတ်ပင်ချင်လို့ လျစ်လျူပြုထားရတာပေါ့၊ ဟော... ခုတော့ လက်စပြတ်ပြီ"

"လက်စပြတ်ပြီလို့ ဘာကြောင့် ပြောတာလဲ ဂိုဏ်းဆရာကြီး"

"ကျုပ်တို့တော့ ဇေတဝန်ကျောင်းက ရဟန်းတွေကို မသင်္ကာ ဘူး၊ ဒါဟာ လက်စဖျောက်တာ မဖြစ်နိုင်ဘူးလား၊ မင်းကြီး ခွင့်ပြုရင် ဇေတဝန်ကျောင်းကို ရှာချင်တယ်"

စကားအသွားအလာကြည့်ပြီး ဘုရားရှင်ကို ရန်ရှာပြီဟု တွက် လိုက်သည်။ အကယ်၍ မလိုက်လျောလျှင် မင်းကြီးကိုပါ ပြဿနာ ရှာတော့မည့်ဟန်။

"ဂိုဏ်းဆရာကြီးတို့ ဆန္ဒရှိရင် ရှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ရှာပါဟု ခွင့်ပေးလိုက်သည့် တိတ္ထိရဟန်းတို့သည် ဇေတဝန်ကျောင်းကို ပြောင်းဆန်အောင် လှန်လှောရှာဖွေကြသည်။ ကျောင်းနှင့်မနီးမဝေးရှိ အမှိုက်ပုံတွင် အသက်ဝိညာဉ်မဲ့လျက် ပုပ်ပွနေသည့် သုန္ဒရီ၏အလောင်းကို ရှာဖွေတွေ့ရှိသွားသည်။

"ကိုင်း... ကြည့်ကြ၊ လေ့လာကြ၊ သုန္ဒရီကို သတ်သူဟာ ဘယ်သူဖြစ်မလဲ၊ ဟောဒီ ဇေတဝန်ကျောင်းက ရဟန်းတွေမဟုတ်တော့ ဘယ်သူဖြစ်မလဲ၊ ဒါဟာ လုပ်ကြံမှုပဲ"

တိတ္ထိရဟန်းတို့သည် သုန္ဒရီ၏ ရုပ်အလောင်းကို ညောင်စောင်းပေါ်တင်လျက် သာဝတ္ထိမြို့တွင်း လှည့်လည်သည်။

"ကြည့်ကြ၊ ဂေါတမရဲ့ တပည့်ရဟန်းတွေဟာ သူတို့ဆရာရဲ့ အပြစ်ကို ဖုံးကွယ်ချင်တာနဲ့ ကျုပ်တို့ရဲ့တပည့်မ သုန္ဒရီကို သတ်ပစ်လိုက်ပြီ"

တိတ္ထိတို့သည် သုန္ဒရီအတွက် မခံမရပ်နိုင်လေဟန်ဖြင့် ငိုယိုသည်၊ ဆဲရေးသည်။ ဗုဒ္ဓဘာသာဝင်တို့အား နည်းမျိုးစုံဖြင့် ပြစ်တင်ရှုံ့ချကြသည်။ ထိုသတင်းကို ရဟန်းတို့က ဘုရားရှင်ကို လျှောက်ထားကြသည်။

"ရဟန်းတို့ အကယ်၍ သူတို့က ဆဲရေးလျှင် သည်းခံကြ၊ သင်တို့ကမူ မဟုတ်မမှန် ပြောလေ့ရှိသူ၊ မကောင်းမှုပြုသူဟာ ငရဲသို့



လားရာ၏၊ ထိုသူနှစ်ဦးဟာ ယုတ်မာသော အမှုရှိ၍ တမလွန်မှာ ငရဲခံရမည်ဟုသာ ပြန်လည်ပြောဆိုကြလော့"

ဘုရားရှင်နှင့် ဘုရားသားတော်များအား အမျိုးမျိုး စွပ်စွဲပြောဆိုသော်လည်း မလိမ္မာ၊ အသိဉာဏ်မရှိသူများသာ ယုံကြည်ကြသည်။ ဥပသကာ စင်စစ်များကမူ အလျဉ်းမယုံကြည်ကြ။ ကောသလမင်းကြီးသည် ဘုရားရှင်အပေါ် အကြွင်းမဲ့ ယုံကြည်သဖြင့် အမှုမှန်ပေါ်အောင် သူလျှိုများလွှတ် စုံစမ်းစေသည်။

တိတ္ထိတို့၏ သွေးထိုးမှုကြောင့် ဘုရားရှင်၏ သာသနာအပေါ်ယုံကြည်သူ အတန်ငယ် လျော့သွားသော်လည်း ထိုသို့ လျော့ပါးခြင်းမှာ ခဏသာ။ သူလျှိုများ စုံစမ်းစဉ် အရက်ဆိုင်တွင် မူးယစ်သောက်စားနေသူတို့ အချင်းချင်း စကားများကြကုန်သည်။ ထန်းရည်မူး ကျွဲခိုးပေါ် ဆိုသည့်အတိုင်း အမူးသမားအချင်းချင်း ဂုဏ်ဖော်ရာမှ တိတ္ထိဂိုဏ်းဆရာမှ ငွေပေးခိုင်းကြောင်း သိရသည်။ မင်းကြီးသည် တိတ္ထိဆရာကြီးများကို ခေါ်စစ်ဆေးသော် ဖုံးကွယ်မရ၍ ဝန်ခံကြသည်။ မင်းကြီးသည် တိတ္ထိဆရာကြီးများကို ရှေးနည်းတူ ညောင်စောင်းထမ်းလျက် လှည့်လည်စေသည်။

"သုန္ဒရီပရိဗိုဇ်မကို ငါတို့အစီအစဉ်နဲ့ လူငှားသတ်ပြီး ဘုရားရှင်ကို အထင်မှားအောင် ကြံမိပါတယ်၊ တရားခံအစစ်က ငါတို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့လုံးလှည့်၍ အော်စေပြီးမှ တိတ္ထိဆရာကြီးများကို အပြစ်ပေးခဲ့သည်။

အရှင်မသုန္ဒရီသည် လွတ်မြောက်လိုသော ဆန္ဒရှိ၏။ သို့သော် အမှီအခိုပြုအပ်သော ဆရာမှားသဖြင့် ဒိဋ္ဌိအယူရှိခဲ့ရာ မပြောမှားသင့်သော ဘုရားရှင်အား စော်ကားမိသည်။ အယူမှားခြင်းကြောင့် လက်ရှိဘဝတွင် အသေဆိုး သေရသကဲ့သို့ တမလွန်ဘဝ၌လည်း ငရဲသို့လားရ၏။ အယူမှားသော သုန္ဒရီအဖြစ်က ကြောက်မက်ဖွယ်ရာပင်။

ကျမ်းကိုး- ဓမ္မပဒ၊ နိရယဝဂ်၊ သုန္ဒရီပရိဗိုဇ်ဝတ္ထု

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

သဒ္ဒါတရားနည်းပါးသဖြင့် အလှူ့ဒါနနှင့်ပတ်သက်၍
သွံ့အခဲ့သော ရေဝတီသည် သေလွန်သည့်အခါ
လင်သားနှင့်အတူ တာဝတိံသာ၌ မခံစားရဘဲ
အုဂ္ဂတိဘုံသို့ လားရတော့သည်။
နန္ဒိယသူဌေးက စေတနာ သဒ္ဒါအားကောင်းသလောက်
ဇနီးမယား ရေဝတီမှာ သဒ္ဒါစိတ်နည်းပါးပုံမှာ
အများနှုတ်ဖျားတွင် ပြောစရာဖြစ်ခဲ့သည်။
လင်သား လမ်းပြ သော်ငြားလည်း လင်သားနှင့်
စိတ်တူကိုယ်တူမရှိသည့် ရေဝတီကား
ကြောက်စရာ မိန်းမသားပင်။

## သဒ္ဒါစိတ်နည်းသည့် မိန်းမသား

"သား မောင်နန္ဒိယ၊ အမေ့ဆန္ဒကတော့ ရေဝတီနဲ့ လက်ဆက်ပေးချင်တယ်"

ဗာရာဏသီ သူဌေးကတော်သည် အရွယ်ရောက်သည့် သတို့သားကို ထိမ်းမြားပေးလိုသည်။ သို့သော် သူစိမ်းတရံ မိန်းကလေးနှင့် မပေးစားလို။ သူတို့ ဇနီးမောင်နှံ ရှာထားသည့် စည်းစိမ်ကို အခြားတစ်ပါးသူကို မပေးလို။ ရေဝတီသည် အစ်ကို၏သမီးလည်းဖြစ်သည်။ ရုပ်ဆင်းနှင့်လည်း ပြည့်စုံသည်။ ဆွေချင်းထပ် မြတ်သည်ဟူ၍ အမြင်ရှိသည်။ ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်စေလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီး၏ သဘောဆန္ဒကို နန္ဒိယ သိသည်။ သို့သော် နန္ဒိယ ခေါင်းခါလိုက်သည်။

"မဖြစ်နိုင်ဘူး အမေ၊ ရေဝတီက မိစ္ဆာအယူရှိသူ၊ အလှူဒါနနဲ့ ပတ်သက်လို့လည်း ချို့တဲ့တယ်၊ ဒီလို သဒ္ဓါစိတ်နည်းသူမျိုးနဲ့ လက်တွဲလို့ရမှာ မဟုတ်ဘူး"

နန္ဒိယ၏ ငြင်းဆိုချက်က အကြောင်းပြ မှန်နေသည်။ ရုပ်ဆင်းရူပကာချောခြင်း၊ မချောခြင်းနှင့်မဆိုင်။ သဒ္ဓါတရား၊ အကျင့်သီလနှင့် ဆိုင်သဖြင့် နန္ဒိယက ငြင်းပယ်သည်။ အတင်းတိုက်တွန်းဖို့ ခက်နေသည်။

နန္ဒိယသည် ဘုရားရှင်၏ သာသနာတော်ကို သက်ဝင်ယုံကြည်သည်။ သဒ္ဓါစွမ်းအား ထက်မြက်သည့်အလျောက် နေ့စဉ် သံဃာတော်များ ပင့်ဖိတ်လျက် ဆွမ်းလုပ်ကျွေးလေ့ရှိသည်။ သူတော်စင်ပုဂ္ဂိုလ်များအား ပေးလှူသကဲ့သို့ မရှိဆင်းရဲသည့် ဖုန်းတောင်းယာစကာများကိုလည်း မပြတ် လှူဒါန်းသည်။ ဤသို့ မိမိဥစ္စာအား စွန့်ကြဲလှူဒါန်းသည်ကိုကြည့်ပြီး ရေဝတီ နှာခေါင်းရှုံ့လေ့ရှိသည်။ "ဘာမှမဆိုင်တဲ့ လူတွေကို သက်သက်ပေးပစ်တာဟာ ရူးသွပ်တာပဲ၊ အကျိုးမရှိတဲ့ လုပ်ရပ်ပဲ၊ ကိုယ့်ပစ္စည်း ထိုင်ဖြုန်းနေတာဟုပင် ကဲ့ရဲ့ကြောင်းသတင်းကြားရသည်။



ဤသို့ စိတ်ထားမတူညီသူနှင့် အတူနေရလျှင် စိတ်ဆင်းရဲရုံကလွဲပြီး တခြား ဘာမှမရှိဘူး။ ဤအတွေးဖြင့် ငြင်းပယ်လိုက်သည်။

"သမီး ရေဝတီ ငါ့သားရဲ့သဘောထား သိနေတာပဲ၊ သူက သဒ္ဓါစိတ်ရှိတယ်၊ လှူရတန်းရမှ ကျေနပ်တယ်၊ အမေတို့မှာ သုံးမကုန်တဲ့ စီးပွားဥစ္စာရှိတယ်၊ လှူရုံနဲ့ မွဲမသွားဘူး၊ အေး... မွဲရင်လည်း ငါ့သားက ရှာကျွေးမှာပါ၊ သူနဲ့လက်ဆက်ချင်ရင် သူ့အလိုသိဖို့လိုတယ်"

"ကျွန်မက ဘာလုပ်ရမှာလဲ"

"ရဟန်းသံဃာတွေကို ပေးလှူပါ"

"ဟုတ်ကဲ့"

"မရှိဆင်းရဲသားတွေကို အဝတ်အစားနဲ့ စားစရာပေးပါ"

"ဟုတ်ကဲ့"

"ရဟန်းသံဃာများအတွက် ကျောင်းဆောက်လှူပါ"

"ဟုတ်ကဲ့"

"သက်ကြီးရွယ်အိုတွေ လေးစားချစ်ခင်ပါ"

"ကောင်းပါပြီ အမေ"

နန္ဒိယ၏မိခင်သည် ချွေးမလောင်း ရေဝတီကို လက်သိပ်ထိုးသွန်သင်သည်။ ရေဝတီသည် ရှေးအလားအလာကိုချင့်တွက်လျက်

www.burmeseclassic.com

www.burmeseclassic.com



နန္ဒိယ အလိုကို ဟန်ဆောင်လိုက်လျှောသည်။ ကိုယ်တိုင် သဒ္ဒါတရား ရှိလေဟန် ပြုမူသည်။ ရေဝတီ၏ ပြောင်းလဲမှုကိုမြင်၍ အားရကျေနပ်ကာ မိခင်အလိုကျ လက်ထပ်လိုက်တော့သည်။

"နမ ရေဝတီ အမိအဖတွေကို ရိုသေလုပ်ကျွေးပါ၊ သူတို့အရိပ်ကိုခိုလို့ ခုလိုဘဝ နေရတာကို သိပါ နမ"

"စိတ်ချပါ"

"အမိအဖအရိပ်ထက် ပိုအေးမြတာက တရားရိပ်ပဲ ရေဝတီ၊ အမြဲမပြတ် တရားနာယူဖို့ ဂရုပြုပါ"

"ဟုတ်ကဲ့ပါ"

"မရှိဆင်းရဲသားကို ပေးလှူပါ၊ သူတို့ကို ရင်ဝယ်သားသမီးနယ် ကြင်နာပါ ရေဝတီ"

"ကောင်းပါပြီ"

ရေဝတီသည် လင့်အလိုလိုက်၍ လင် သဘောကျအောင် ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်၍ ပျော်ရွှင်စရာ မိသားစုလေးအဖြစ် ရပ်တည်ခဲ့သည်။ နန္ဒိယနှင့် ရေဝတီတို့၌ ရင်သွေးနှစ်ယောက် ထွန်းပေါက်ချိန်တွင်



မိဘနှစ်ပါး ကွယ်လွန်သွားသည်။ ရှိသည့်စည်းစိမ်သည် ရေဝတီ၏ အုပ်ချုပ်မှုအောက် ရောက်သွားလေရာ စိတ်ကြိုက် ချယ်လှယ်ခွင့်ရသွားတော့သည်။

* * *

မိဘတွေထားခဲ့သောပစ္စည်းသည် နန္ဒိယအတွက် စေတနာ သဒ္ဒါ အပြည့်လှူရန် ဖြစ်လာသည်။ သို့ဖြစ်ရာ ဣသိပတနဥယျာဉ်တွင်း၌ ခမ်းနားကြီးကျယ်သည့် ကျောင်းတိုက်ကြီး ဆောက်လှူသည်။ ကျောင်းတိုက်ကြီး၏ လေးမျက်နှာတွင် အရန် ကျောင်းတိုက်ကြီးလေးတိုက် ဆောက်၏။ ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်း ဆက်သွယ်ရန် မုခ်ဦးလေးသွယ်လေးဆောင်ဆောက်၏။ ထိုကျောင်းတိုက်များတွင် ခုတင်၊ ညောင်စောင်းတို့ကို အပြည့်ခင်းပြီး ဘုရားအမှူးရှိသော သံဃာတော်များအား ရေစက်သွန်းချ လှူဒါန်းသည်။ ဤကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်တွင် ယူဇနာတစ်ရာရှိသော ပြာသာဒ်ကြီး ပေါ်ပေါက်ခဲ့သည်။

ရှိသမျှ စည်းစိမ်ကို ရက်ရက်ရောရော လှူဒါန်းနေသည့် နန္ဒိယ၏ လုပ်ရပ်ကို ရေဝတီ သဘောမကျသော်လည်း လက်ပိုက်၍သာ ကြည့်နေရသည်။ မကြည့်၍မဖြစ်။ လင်သားနှင့်အတူတူ သဒ္ဒါတရားညီမျှစွာ

www.burmeseclassic.com

www.burmeseclassic.com



ထားရှိပါမည်ဟု ကတိပြုထားရာ စိတ်မချမ်းမသာဖြင့် သည်းခံနေရသည်။

သူ၏ အောင့်အည်း သည်းခံနေရမှုသည် တစ်နေ့တွင်ပြည့်ဝခဲ့သည်။ နန္ဒိယသတို့သား ကွယ်လွန်ချိန်တွင် စီးပွားဥစ္စာကို လုံးဝချုပ်ကိုင်ခွင့်ရသူမှာ ရေဝတီသာ ဖြစ်လေတော့သည်။

"ဟဲ့... အိမ်က ဟာတွေ လာစမ်း၊ ငါကျွေးတဲ့ထမင်း ထိုင်စားပြီး ဘာမှန်းမသိကြတဲ့ အကောင်တွေ၊ သွား အိမ်ရှေ့က မဏ္ဍပ်ဖျက်ပစ်"

"အရှင်မ ဒါ နေ့စဉ် ပေးလှူနေတဲ့ အလှူမဏ္ဍပ်လေ"

"ဟဲ့ကောင် နင် စကားတော်တော် ရှည်ပါလား၊ နင့်ပါးစပ်ပိတ်ထား၊ အဲဒီမဏ္ဍပ် ခုဖျက်၊ ဘယ်ရဟန်း ဘယ်ပုဂ္ဂိုလ်မှ မလှူဘူး"

အိမ်၏ အရှင်သခင်မက အမိန့်ပေးနေ၍ မဖျက်လို့မဖြစ်။ သူတို့၏ သူဌေးရှိစဉ်က ဂရုတစိုက်ထားရှိသော အလှူမဏ္ဍပ်က မြေတလင်းဖြစ်သွားသည်။ အားလုံးက စိတ်မကောင်းနိုင်။

နေ့စဉ် ခွက်လက်စွဲလျက် လာရောက် တောင်းရမ်းသူတို့သည် နံနက်လင်းသည်နှင့် ကျွက်စီကျွက်စီဖြင့် ရောက်လာသည်။ အရှင်မ ရေဝတီသည် အိမ်တံခါးကို ဖွင့်လိုက်သည်။



"ဟဲ့... အိမ်ရှေ့မှာ ဆူညံဆူညံ လာလုပ်နေတာ ဘယ်ကသတ္တဝါတွေလဲ"

"အရှင်မ သနားသဖြင့် ထမင်းဟင်း စွန့်ကြဲပါ"

"ဘာ... ထမင်းဟင်း၊ အလုပ်မလုပ်ဘဲ တောင်းစားဖို့ အားခဲနေတဲ့ နင်တို့အတွက် ပေးစရာမရှိဘူး၊ သွား... သွားကြ"

"သနားကြပါခင်ဗျာ၊ သူဌေးနဲ့ သူဌေးကတော် ကျွေးနေလို့ ကျွန်တော်တို့ အသက်ရှင်နေတာပါ"

"ဘာ... ဒီက ကျွေးနေလို့ အသက်ရှင်နေတာ၊ အေး... ငါမကျွေးနိုင်ဘူး၊ ဒီနေ့ကစပြီး ဘယ်သူမှလည်း မပေးနိုင်ဘူး၊ နင်တို့ဘာသာ သေချင်သေ၊ သေသွားလို့လည်း ဘယ်သူမှ မနှမြောဘူးဟေ့"

သူဌေးကြီး နန္ဒိယ မရှိသည်နှင့် ချက်ချင်း ပြောင်းလဲသွားသော အပြုအမူကြောင့် ဖုန်းတောင်းယာစကာများ အံ့သြနေကာ အရှင်မကို နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ဟဲ့ကောင်တွေ သွားကြ၊ မပေးနိုင်ဘူးဆိုတာ နားမလည်ဘူးလား၊ နင်တို့မျက်နှာတွေ ကြည့်ရတာ ကျက်သရေယုတ်တယ်၊ မိုးမလင်းသေးဘူး သနားပါ၊ ကယ်မပါ၊ စောင့်ရှောက်ပါနဲ့ လာအော်နေတာ၊ ဟဲ့... အိမ်ကကောင်တွေ ခုချက်ချင်း မောင်းထုတ်စမ်း၊ မသင်းတို့မသွားရင် တုတ်နဲ့ရိုက်လွှတ်၊ ဘယ့်နှယ့်တော် နေ့စဉ် လာလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြတာ သဒ္ဒါစရာမကောင်းဘူး၊ ကြည့်နေ ဟို ဦးပြည်းကတုံးတွေက လည်း သပိတ်လေးတွေပိုက်ပြီး လာလိမ့်ဦးမယ်၊ သူတို့အလုပ်က ဒါပဲ၊ အိမ်စဉ်လှည့် တောင်းစားဖို့ပဲ သိတယ်၊ မလောင်းဘူး၊ မလှူ ဘူး၊ ဘယ်သူမှ ငါ့ပစ္စည်း မလှူဘူးဟေ့"

သူဌေးကြီး နန္ဒိယ၏အိမ်သည် နေ့စဉ် စည်သံ ဗြောသံ ခြိမ့်ခြိမ့် ညံနေရာ ခုတော့ စည်ဗြောသံတွေ ဆိတ်သွားသည်။ လာနေကျ အလှူခံတို့လည်း ရပ်တန့်သွားသည်။ ဖုန်းတောင်းယာစကာတို့သည် လည်း ရောက်မလာတော့။ နတ်ပြည်တမျှ စည်ကားလှသည့် အိမ်ကြီး က ခုတော့ တစပြင်အလား ဆိတ်ငြိမ်သွားသည်။

သဒ္ဓါတရားနည်းပါးသဖြင့် အလှူဒါနနှင့်ပတ်သက်၍ ဆွံ့အခဲ့သော ရေဝတီသည် ဒုဂ္ဂတိဘုံသို့ လားရတော့သည်။ နန္ဒိယသူဌေးက စေတနာ သဒ္ဓါအားကောင်းသလောက် ဇနီးမယား ရေဝတီမှာ သဒ္ဓါစိတ်နည်း ပါးပုံမှာ အများနှုတ်ဖျားတွင် ပြောစရာဖြစ်ခဲ့သည်။ လင်သား လမ်းပြ သော်ငြားလည်း လင်သားနှင့် စိတ်တူကိုယ်တူမရှိသည့် ရေဝတီကား ကြောက်စရာ မိန်းမသားပင်။

ကျမ်းကိုး- ဓမ္မပဒ၊ ပီယဝဂ်၊ နန္ဒိယဝတ္ထုနှင့် ဝိမာနဝတ္ထု

○○○



www.burmeseclassic.com

www.burmeseclassic.com

ထီးပမာ မိုးထားသည့် ပန်းဆိုင်း၊
ပန်းနိုင်ကြီးကြည့်လျက် အားတက် သွားသည်။
နောက်ထပ် ပန်းနှစ်ဆုပ်ယူလျက် ကြဲလိုက်ရာ
ဘုရားရှင်၏ လက်ျာနံပါးတွင် အောက်သို့
တွဲလျားကျလျက် ပူဇော်နေပြန်သည်။

## ရွှေဝေမိုးကျမဲ့သည့် မိန်းမသား

ဘုရားရှင်၏ ဂုဏ်သတင်းကြားနေသည်မှာ ကြာပြီ။ မဟာပုရိသလက္ခဏာတော်ကြီး (၃၂) ပါး၊ လက္ခဏာငယ် (၈၀)နှင့် ပြည့်စုံသည့် မဟာပုရိသဟူ၍ ပြောကြ၊ ချီးမွမ်းကြသည်။ သို့သော် ကျွန်ုပ်သုမနသည် ဘုရားရှင်ကို မဖူးရသေး၊ ဖူးခွင့်မကြုံသေးပေ။ ဘုရားရှင်သည် အရဟံအစ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်တော်နှင့် ပြည့်စုံကြောင်း ချီးကျူးစကား ကြားရသည်။ ဖူးခွင့်မကြုံ၍ ဂုဏ်တော်နှင့်ပြည့်စုံမှန်းလည်း မသိသေး။ ဘုရားရှင်သည် ဘုန်းတော် အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော် အနန္တ၊ တန်ခိုးတော် အနန္တနှင့် ပြည့်စုံကြောင်း ချီးကျူးသံတွေ မိုးသို့တိုင် လျှံနေ၏။ သို့သော် ဖူးခွင့်ပင်မရသေးသဖြင့် တိတိပပ မသိနိုင်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနနှင့် မယ်တော် မာယာ၏ ရင်သွေးတော်၊ ရှေးဘုန်းရှေးကံ ရှေးပါရမီကြောင့် ယောကျ်ားတို့ တတ်သိအပ်သည့် အဋ္ဌာရသ (၁၈) ရပ်ကို မသင်ရပါဘဲလျက် တစ်ဖက်ကမ်းခတ် တတ်မြောက်သည်ဟု သတင်းစကား ကြားရသည်။ ဤသတင်းနှင့်ပင် ဘုန်းကံကြီးမားမှုကို အကဲဖြတ်နိုင်ပေသည်။ ထို့ပြင် သာ မကသေး ဘုရားလောင်း ဖွားမြင်စတွင် ဇမ္ဗူတစ်ဝန်းလုံးရှိ ပုဏ္ဏားပညာရှိများ ဖိတ်ကြားလျက် အလှူဒါနပြု၏။ ထို (၁၀၈) ယောက်သော ပုဏ္ဏားတို့မှ အများသဘောတူ ရွေးချယ်သည့် ဗေဒင်သုံးပုံ ကမ်းကုန်အောင်တတ်သော ပုဏ္ဏားများက စကြဝတေး မင်းဖြစ်မင်းသော်လည်းကောင်း၊ ဘုရားစင်စစ်သော်လည်းကောင်း ဧကန်ဖြစ်မည်ဟု အဟောရှိခဲ့သည်။ ပုဏ္ဏားပညာရှိတို့သည် ရမ်းသန်းဟောသည်မဟုတ်။ လက္ခဏာကြီးငယ်ကို ကြည့်ပြီးမှ ဟောသည်ဖြစ်၍ မမှားနိုင်။ ဤအဟောကြည့်လျှင် ဘုန်းကံပါရမီထူးသော ပုဂ္ဂိုလ်ထူးမှန်း သိသာပေသည်။

သည့်ပြင်မက ဘုရားဖြစ်သောအခါ သာကီဝင်မင်းသားများ သာသနာ့ဘောင် ဝင်ခဲ့သည်။ ယသလို သူဌေးသားတွေ ရဟန်းဖြစ်အောင် ဟောပြောနိုင်ခဲ့သည်။ ပဥ္စဝဂ္ဂီငါးဦးအား တရားဦး မမ္မစကြာ ဟောကြားလျက် ဗုဒ္ဓသာသနာတော်ကြီး ထူထောင်နိုင်ခဲ့သည်။ ထို့ပြင်



မက ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်၊ ဥရုဝေလကဿပကဲ့သို့ ပညာရှင်ကြီးနှင့် နောက်လိုက်တစ်ထောင်ကို သာသနာတော်အတွင်း သွတ်သွင်းနိုင်ခဲ့သည်။ ထို့ပြင်မကသေး ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်ကဲ့သို့ ပညာဉာဏ် ထူးခြားသူများအား ယုံကြည်မှု သဒ္ဓါစိတ် တည်ဆောက်ပေးနိုင်ခဲ့သည်။ သာသနာတော်တွင် မင်း၊ မင်းညီမင်းသား၊ ရဟန်း၊ သူတော်ကောင်း၊ ပညာရှိပုဂ္ဂိုလ်များအား အပါခေါ်ယူနိုင်ခဲ့သည်။ ဤအစွမ်းအစသည် သာမန် ပညာရှင်မဟုတ်။ အနန္တပညာရှင်မှန်း သိသာသည်။ ယုတ်စွအဆုံး ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရကို သောတာပန် ဥပါသကာအဖြစ် ပို့ဆောင်ပေးနိုင်ခြင်းမှာ သူမတူသော ပညာကြောင့်ဟူသည် ယုံမှားစရာမရှိပေ။

ဤမျှ အကျော်ဒေးပျရှိသော ဘုရားရှင်ကို ကျွန်ုပ် သုမန ဖူးခွင့်မကြုံသေးပေ။ မကြုံရသည်မှာ ဗဟုကိစ္စများလွန်း၍မဟုတ်။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ ပန်းတော်ဆက်အရာ ထမ်းရွက်နေရသဖြင့် တာဝန် မလစ်ဟင်းအောင် ဂရုစိုက်နေရ၍ တော့လွဲလွဲနေခြင်းပင်။

* * *

ကျွန်ုပ် သုမနသည် မင်းကြီးအား တစ်နေ့လျှင် ပန်းရှစ်ကွမ်းစီး ပေးဆက်ရသည်။ မင်းအား ဆက်ရသည့် ပန်းဖြစ်၍ တော်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပန်းကို ဖြစ်သလို ရှာကြံပေး၍မဖြစ်။ ပိုးကိုက်၊ နွမ်းရိ၊ အရောင်ပြယ်သည့် ပန်းမျိုးကိုဖယ်ပြီး လန်းဆန်းသစ်လွင်သော ပန်းမျိုးဆက်လှူမှသာ ကိုယ် မျက်နှာပန်းလှမည်ဖြစ်ရာ ကြိုးစားပမ်းစား ဆောင်ရွက်ရပေသည်။

တစ်ရက်တွင် ကျွန်ုပ်သည် ပန်းကိုဆောင်ယူလာစဉ် ဘုရားရှင်နှင့်နောက်ပါ သံဃာများ ဆွမ်းခံကြွလာသည်နှင့် တန်းတန်းမတ်မတ်တိုးသည်။ မရှည်ရွယ်၊ အားမထုတ်ဘဲ ရှေးဘုန်းကံကြောင့် ဘုရားရှင်ကို ဖူးရသဖြင့် ကြက်သီးများပင် ထသွားသည်။ ဝမ်းမြောက်ဝမ်းသာစိတ်ဖြင့် ဒူးတုပ် လက်အုပ်ချီလိုက်မိသည်။

"အလို တင့်တယ်ပါဘိ၊ ကြည်ညိုစရာကောင်းပါဘိ" ရွှေအဆင်းနှယ် ဝါဝင်းသော ကိုယ်တော်၊ ယောကျ်ားကောင်း ယောကျ်ားမြတ်၏ အသရေတော်ကို ဖူးလိုက်ရသဖြင့် စိတ်ထဲက အလိုလိုရေရွတ်မိသွားသည်။ ဖူးမြော်လိုစိတ် ထိန်းတည်မရနိုင်အောင် ရှိသွားသည်။

ဘုရားရှင်ကို ဖူးခွင့်ကြုံ၊ လှူခွင့်ကြုံခိုက် သဒ္ဓါစိတ်က လှုံ့ဖိတ်လာသည်။ ဆွမ်းရပ်လာသည့် ဘုရားရှင်နှင့် သံဃာတော်များ စီတန်းကြွလာပုံမှာ ကြည်ညို၍မဆုံးနိုင်။ သံဃာတော်တို့၏ထိပ်တွင် ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူး ကြွချီလာသည့် ဘုရားရှင်ကိုမြင်ရုံ



ဖြင့် ကြည်ညိုစိတ်က လှုံ့ဖိတ်နေသည်။ သဒ္ဓါစိတ်က မို့မောက်နေသည်။ ကြုံတောင့်ကြုံခဲသည့်အခိုက်တွင် လှူရန်ပစ္စည်းကြည့်တော့လည်း မင်းကြီးအား ဆက်ရမည့် မုလေးပန်းရှစ်ကွမ်းစားသာ ရှိသည်။

"လှူမယ်"

လှူခွင့်ကြုံခိုက် မလှူလိုက်ရမည်စိုးသဖြင့် စိတ်ထဲက ဆုံးဖြတ်လိုက်သည်။ သို့သော် လှူမယ်ဟုဆုံးဖြတ်ပြီးချိန်တွင် မင်းကြီး၏မျက်နှာတော်က အတွေးတွင် ထင်လာသည်။

"ငါ လှူလို့ ဖြစ်ပါ့မလား၊ ဒီပန်းတွေက မင်းကြီး ပေးဆက်ရမည့် ပန်းတွေ၊ ဒါကို လှူခဲ့ရင် မင်းကြီးဆက်ဖို့ အခက်ကြုံသွားမယ်"

ဤအတွေး ဝင်လာသည်နှင့် လှူမည် အားခဲထားမှုက ချက်ချင်းတွန့်သွားသည်။ သို့သော် ဘုရားရှင်၏ အသရေတော်ကို ဖူးရသောအခါ ရတောင်ရခဲအလှူနှင့် အလွဲမခံနိုင်။

"အို ငါ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်တယ်၊ ဒီအလှူလှူလို့ရှိရင် မင်းပြစ်မင်းဒဏ်သင့်မှာ ကေန်ပဲ။ တာဝန်မကျေ၍ ကြိမ်ဒဏ်သင့်မလား၊ ထောင်ဒဏ်ကျခံမလား၊ မင်းအာဏာဖီဆန်သည်ဆိုပြီး သေဒဏ်ပေးမလား၊ တစ်ခုခု တစ်မျိုးမျိုးခံရမှာ သေချာတယ်၊ ဒါပေသို့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီသေခြင်းဟာ ငါ့အတွက် ထူးခြားတဲ့ ရလဒ်ပဲ၊ ဘုရားရှင်ကို လှူမိလို့ အသက်စွန့်ရလည်း ထိုက်တန်တယ်"

ဤသို့ အတွေးဝင်လာသည်နှင့် ပန်းတောင်းကို လက်ရောက် သွားသည်။ မုလေးပန်းကို ဆုပ်ယူလျက် ဘုရားရှင်၏အထက်သို့ ပင့်မြှောက်လှူဒါန်းလိုက်သည်။

"ဟာ… ကြည့်စမ်း… ကြည့်ကြစမ်းပါ၊ ပစ်ကြဲလှူလိုက်တဲ့ ပန်းတွေက ကမ္ဘလာကော်ဇောအလားဖြစ်ပြီး မျက်နှာကြက်နှယ် ဖြစ် သွားပါလား"

ဘုရားရှင်ကို ဖူးမြော်နေသည့် ပရိသတ်ထဲမှ တစ်စုံတစ်ယောက် ၏အော်သံ ကြားလိုက်ရသဖြင့် ကျွန်ုပ် သုမန မော်ကြည့်မိသည်။ ထီးပမာ မိုးထားသည့် ပန်းဆိုင်း၊ ပန်းခိုင်ကြီးကြည့်လျက် အားတက် သွားသည်။ နောက်ထပ် ပန်းနှစ်ဆုပ်ယူလျက် ကြဲလိုက်ရာ ဘုရားရှင်၏ လက်ျာနံပါးတွင် အောက်သို့ တွဲလျားကျလျက် ပူဇော်နေပြန်သည်။ ကျွန်ုပ်သည် ဖော်မပြနိုင်အောင် ဝမ်းသာသွားသဖြင့် နောက်ထပ် ပန်းနှစ်ဆုပ် ထပ်ကြဲရာ လက်ဝဲနံပါး၌ တွဲလျားကျနေသည်။ ထို့နောက် လက်ကျန် ပန်းနှစ်ဆုပ်ကြဲလိုက်ရာ ဘုရားရှင်၏ နောက်တော်ပါး၌ တည်နေသည်။ ဤပန်းဆိုင်း၊ ပန်းခိုင်၊ ပန်းထီးသည် ကွန်ရက်ကဲ့သို့ ဖုံးအုပ်နေသည်။ ပန်းပွင့်များက အပြင်လှည့်ပြီး ညှာတံများက အတွင်း



လှည့်နေ၏။ ဘုရားရှင်၏ ရှေ့တူရူကမှ ဟင်းလင်းဖွင့်ထားသည့် တံခါးချပ်နှယ်တည်လျက် ဘုရားရှင် ကြွတော်မူရာသို့ လိုက်ပါသွား လေသည်။

ဤရွှေ့ဤမျှ ထူးခြားသော အနေအထားကိုမြင်ရသော် ရာဇဂြိုဟ် မြို့သူမြို့သားများ အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်သည်။ လှူဖွယ်ပစ္စည်း များ ယူလာလျက် လောင်းလှူကြသည်။ ဘုရားရှင်သည် ပန်းတော် ဆက် သုမန၏ သဒ္ဓါစိတ်ကို ထင်ရှားစိမ့်သောငှာ ရာဇဂြိုဟ်မြို့တွင်း လှည့်ပတ် အပူဇော်ခံတော်မူလေသည်။

* * *

"ဘာ… ဘုရင်မင်းမြတ်ကို ဆက်ရမယ့် ပန်းတွေ ဘုရားရှင် လှူလိုက်ပြီ ဟုတ်လား"

ကျွန်ုပ်သည် ကိုယ်ပြုခဲ့သည့် ဒါနကို ဇနီးသည် သာစုခေါ်နိုင် ရန် ဝမ်းပန်းတသာ ပြောမိသည်။ ဘုရားရှင်ကို လှူဒါန်းသော ပန်းတို့ သည် ဘုရားရှင်၏ဘုန်းကံကြောင့် အဆန်းတကြယ် တန်ဆာဆင် ပူဇော်ပုံကို မြင်သမျှ တွေ့သမျှ အားပါးတရ ပြောမိသည်။ သို့သော် ကျွန်ုပ်၏ ဇနီးသည်ကမူ နားမလည်နိုင်သည့်အကြည့်နှင့် ကြည့်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ကိုသုမန၊ ရှင်လုပ်တဲ့ လုပ်ရပ်ကို နားလည်လား"

"အေး... နားလည်ပါတယ်"

"ဩော်... နားလည်တယ်၊ ဘာကို နားလည်တာလဲ ပြောစမ်း၊ နားလည်ရင် ရှင် ဒီလိုလုပ်မလား၊ ရှင်က ဘာလဲ၊ ပန်းတော်ဆက်မို့လား၊ ဒီတာဝန်အရ ဘာလုပ်ရမလဲ၊ ဘုရင်ကို ပန်းဆက်ရမယ်လေ၊ ပန်းမဆက်နိုင်ရင် ရှင် ဘာဖြစ်မလဲ"

"သေဒဏ်"

ကျွန်ုပ်က ကိုယ် ကျခံရမည့် အပြစ်ဒဏ်ကို ဂရုမစိုက်ဟန်ဖြင့် ဖြေလိုက်တော့ ဇနီးသည် ငိုင်တွေသွားသည်။

"ရှင် ပြောလိုက်တာ သေဒဏ် ဟုတ်လား၊ သေဒဏ်ကျမှာ တော့ သိတယ်နော်"

"သိသားပဲ"

"ဩော်... သိတယ်၊ ဒါဆို ဘုရင်မင်းမြတ်က သတ်ချင်သတ် ပစေ သေဝံ့တယ်ဆိုတဲ့ သဘောလား၊ ဟုတ်ပြီ ရှင်က ရှင့်အသက် ရှင် မနှမြောလို့ သေဝံ့ပေမယ့် ကျုပ်တို့သားအမိက အသေမခံနိုင်ဘူး၊ ကုန်ကုန်ပြောရရင် ရှင် ရူးကြောင်ကြောင်လုပ်တဲ့ လုပ်ရပ်ကြောင့် ကျုပ်တို့မိသားစု အပြစ်ဒဏ်တောင့် မခံနိုင်ဘူး"

"မင်းတို့ ခံစရာမလိုပါဘူး"



"ဩော် ခံစရာမလိုဘူးလို့ ရှင် ပြောနိုင်လား၊ ရှင်လို အာဏာဖီဆန်တဲ့ ငမိုက်သားကို မင်းကြီးက သေဒဏ်ပေးရင် ကျုပ်ပါ ရောရောင်ခံရမယ်၊ ဒီလို မခံနိုင်ဘူး၊ ရှင်နဲ့ကျွန်မ ကွာမယ်၊ ပန်းသည်အရူးကလုပ်တာ ကျွန်တော်မျိုးမနဲ့ မဆိုင်ပါဘူး၊ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားဖြစ်အောင် ကွာပေးပါလို့ တင်လျှောက်မယ်"

"မင်းနယ်ကွာ တစ်သက်လုံး ရိုးရိုးသားသား ရှာကြံကျွေးခဲ့တဲ့ မျက်နှာတောင် မထောက်ဘူး၊ အေးအတူ ပူအမျှ ခံစားမယ်ဆိုတဲ့စိတ် ထားတောင် မရှိဘူး"

"အမယ်လေးလေး... မရှိနိုင်ပါဘူးတော်၊ ဘယ်မှာ အေးမယ့် ပြဿနာလဲ၊ သေမယ့်ပြဿနာကို လည်စင်းမခံနိုင်ပါဘူး၊ ကျုပ် ခု သွားလျှောက်ထားမယ်"

သုမန ပန်းသည်၏ဇနီးသည် အပြစ်ဒဏ်မခံလို၍ နန်းတော်ထဲ ဝင်ပြီး လျှောက်ထားရန် ထွက်သွားတော့သည်။ လင်သားအပေါ် ရက်စက်ယုတ်မာနိုင်သော ဇနီးသည်ကိုကြည့်ပြီး ပြုံးလိုက်သည်။ ဒါနကောင်းမှုအတွက် သာဓုပင်မခေါ်နိုင်ဘဲ သောကများပုံကြည့်လျက် စိတ်မချမ်းမသာနှင့် ပြုံးလိုက်မိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဗိမ္ဗိသာရမင်းကြီးသည် သုမနပန်းသည်၏သတင်းကို ကြားပြီးဖြစ်သည်။ အသက်ကိုပင်ရင်း၍ လှူဒါန်းသော သဒ္ဓါအားကြီးမှုကို သောတာပန်ပုဂ္ဂိုလ်ကြီးဖြစ်သော မင်းကြီးက စိတ်ထဲမှ ချီးကျူးနေချိန် ပန်းသည်၏မိန်းမ ဆိုက်လာသည်။ အဖြစ်သနစ်ကို ရှင်းပြပြီး သုမနပန်းသည်၏ဒါနသည် သူနှင့်မပတ်သက်ကြောင်း၊ ဤအလှူအတွက် အပြစ်ဒဏ်ကို မခံနိုင်ကြောင်း၊ ရှင်းရှင်းပြတ်ပြတ်ဖြစ်အောင် ကွာရှင်းလိုကြောင်း တင်လျှောက်သည်။ လင်သား၏ဒါနကိုပင် ညီတူညီမျှ မခံစားလိုသည့်၊ တွေဝေမိုက်မဲသော မိန်းမကို သူ့အလိုအတိုင်း ကွာရှင်းပေးပြီး ဘုရားရှင်အားဖူးရန် မင်းကြီး ကြွသည်။ ထိုအခိုက်မှာပင် ဘုရားရှင်က နောက်ပါ သံဃာများခြံရံလျက် နန်းတော်သို့ကြွလာသည်။ ပလ္လင်ထက်တွင် သီတင်းသုံးသည်။ ထိုအချိန်ထိ သုမနပန်းသည် လှူသည့် ပန်းများက ဗိမာန်လေးခုသဖွယ် တည်နေပုံကြည့်ပြီး သဒ္ဓါစိတ်ပွားလာသည်။ ဘုရားရှင်သည် နန်းတော်တွင်း ဆွမ်းဘုဉ်းပေးပြီး ဆွမ်းအတွက် အနုမောဒနာတရား ဟောပြီးမှ ကျောင်းတော်သို့ ပြန်လေသည်။

မင်းကြီးသည် သုမနပန်းသည်၏ သဒ္ဓါစိတ်ကို စုံစမ်းလိုသဖြင့် ခေါ်ယူမေးမြန်းသည်။



"အချင်း သုမန၊ သင်သည် ငါ့အား ပေးလှူဆက်နေ ပန်းရှစ်ကွမ်းစားအား ဘုရားရှင်ကိုလှူသည်မှာ မှန်သလော"

"မှန်ပါတယ် မင်းကြီး"

"ဤအမှုပြုလျှင် မည်သို့ ပြစ်ဒဏ် ကျနိုင်သည်ကို မသိသလော"

"သိပါတယ် မင်းကြီး၊ ကျွန်ုပ် သုမနဟာ ဘုရားရှင်ကို ဖူးမြင်ရတော့ သဒ္ဓါစိတ်အား ပြင်းထန်လာပါတယ်၊ မလှူရရင် မနေနိုင်အောင် ခံစားရလို့ အရှင်မင်းကြီးက အပြစ်ပေးလျှင်လည်း ပေးစေ၊ သတ်လိုလည်း သတ်စေဟု တွေးပြီး လှူလိုက်ပါတယ် မင်းကြီး"

"အချင်း သုမန၊ သင်ဟာ ယောကျ်ားကောင်း ယောကျ်ားမြတ်ပဲ၊ တော်ရုံလူ ပြုနိုင်ခဲ့တဲ့ အလှူဒါနပြုတဲ့အတွက် ငါ သာဓု ခေါ်ပေတယ်၊ သင့်အလှူအတွက် ငါ ချီးကျူးသည့်အနေဖြင့် ဆင်ရှစ်စီး၊ မြင်းရှစ်ကောင်၊ သမီးကညာ ရှစ်ယောက်၊ ကျွန်မိန်းမရှစ်ယောက်၊ ကျွန်ယောကျ်ားရှစ်ယောက်၊ အသပြာရှစ်ထောင်၊ ရွာကြီးရှစ်ရွာကို အပိုင်စား ချီးမြှင့်လိုက်ပေတယ်"

သုမန ပန်းသည်ကို မင်းကြီးက အဋ္ဌကဒါနဖြင့် သူကောင်းပြုကြောင်း ကြားရသော် ပရိသတ်အားလုံး ရင်သပ်ရှုမော ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းသည်၏ ဂုဏ်သတင်းကား ရာဇဂြိုဟ်တစ်မြို့လုံး မွှေးပျံ့သွားသည်။ သို့သော် လင်သား၏ ဒါနကောင်းမှုအတွက် သာဓုပင် မခေါ်နိုင်။ ရလျှင်စံ မရချိန်တွင် ရင်ဘတ်ကန်ထွက်သော မိန်းမ၏ အကျင့်ယုတ်မှု အတွက် အပြစ်တင်စကား ဆိုကြသည်။ လင်သား အပေါ် သစ္စာဖောက်သည့် မလိမ္မာ မိုက်မဲသူ၊ တွေဝေသူ၊ အကျင့်ယုတ် သူဟူ၍ သတ်မှတ်ကြသည်။ ပန်းသည်၏ဇနီးကား ကြောက်စရာ ကောင်းသည့် မိန်းမသား ဖြစ်ပေသည်။

ကျမ်းကိုး -ဓမ္မပဒ၊ ဗာလဝဂ်၊ သုမနပန်းသည်ဝတ္ထု

BURMESE CLASSIC .com

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

အို… မိန်းမယုတ်၊ သင်ဟာ တစ်ကြိမ်တစ်ခါသာ
မြင်ဖူးတဲ့ ငါ့ကိုပေါင်းချင်တာနဲ့
လင်သားအသက်ကို သတ်ဖြတ်ခဲ့တယ်၊ သင့်ကို ငါက
ဆောင်ယူပေါင်းသင်းရင် ငါ့အတွက်
အန္တရာယ်များတယ်၊ နောက်တစ်ယောက်တွေ့ရင် ငါ့အသက်ကို
လုပ်ကြံဦးမှာပဲ၊ ဒီလို ယုတ်မာသူကို ငါက ဘယ်လို
ပေါင်းသင်းရမလဲ၊ နေရစ်ပေတော့

BURMESE CLASSIC .com

## ရမ္မက်ကြီးသည့် မိန်းမသား

ကျွန်မဟာ တက္ကသိုလ်ပြည်သူ တစ်ယောက်ပါ။ အဖဟာ တက္ကသိုလ်မှာရော အရပ်လေးမျက်နှာပါ ကျော်ကြားတဲ့ ဒိသာပါမောက္ခ ဆရာကြီးတစ်ဦးပါ။ အတိုင်းတိုင်း အပြည်ပြည်က မင်းညီမင်းသား၊ သူဌေးသူကြွယ်တို့ရဲ့ ရင်နှစ်သည်းချာ သားရတနာများဟာ အဖထံမှာ ပညာလာသင်ကြတယ်။ လာသမျှ လုလင်တွေဟာ အမျိုးအားဖြင့်လည်းကောင်း၊ ဥစ္စာနေအားဖြင့်လည်းကောင်း မြင့်မြတ်ကြီးကျယ်သူတွေဆိုတာ မပြောဘဲ သိကြမှာပါ။ ဟုတ်တယ်လေ သာမန်ဆင်းရဲသား ယောကျာ်းက တက္ကသိုလ်ပြည်ကို ဘယ်လို စာလာသင်မလဲ။ လာသင်တဲ့ လုလင်များဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကြီးပွားချမ်းသာဖို့ အလားအလာရှိသူတွေပါ။ တချို့ဆိုရင် ကိုယ့်တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်တာနဲ့ အဖအရိုက်အရာ ထီးနန်းရကြတယ်။ ကံမလိုက်သူပင်လျှင် စစ်သူကြီးတော့ ဖြစ်ကြပါတယ်။ တချို့ကျတော့လည်းပညာရှိ ပုရောဟိတ်တွေ၊ မင်း အကိုးကွယ်ခံ ပဏ္ဍိတ်ကြီးတွေ ဖြစ်ကြပါတယ်။

သည့်အနေအထားသိနေတဲ့ ကျွန်မ အဖဟာ သမက်လောင်းကို ကောင်းကောင်းရှာနိုင်တဲ့ အခွင့်အရေးရှိပါတယ်။ တစ်ရက်မှာ ဖခင်က စူဠဓနုဂ္ဂဟပဏ္ဍိတ လုလင်နဲ့ ကျွန်မကို တွေ့ပေးပါတယ်။ အဲဒီ ပုဏ္ဏားလုလင်ဟာ ဗာရာဏသီ ပြည်သားပါ။ ရုပ်ရည်သွင်ပြင်က အဆိုးကြီးလို့ မဆိုသာပေမယ့် အကောင်းချည်းလည်း မဟုတ်ပါဘူး။ မထူးခြားတဲ့ သာမန် လုလင်တစ်ယောက်လိုပါပဲ။ ဒါပေမယ့် ဖခင် ဆရာကြီးက "ငါနဲ့ထပ်တူ ပညာရှိတဲ့ ယောကျ်ား၊ လေးမြားအတတ် တစ်ဖက်ကမ်းခပ် တတ်သူပဲလို့" မိတ်ဆက်ပေးမှ သူဟာ သာမန် ယောကျ်ားသားမဟုတ်မှန်း သိလိုက်ပါတယ်။ လိုရင်းပြောရရင် စူဠဓနုဂ္ဂဟနဲ့ကျွန်မကို ဖခင်ကြီးကိုယ်တိုင်ကပဲ လက်ထပ် ထိမ်းမြားပေးလိုက်ပါတယ်။

ပညာစုံလို့ ကြင်ယာပါရတဲ့ ဓနုဂ္ဂဟကတော့ ဘယ်မျှ ဝမ်းသာနေတယ်ဆိုတာ အသွင်ကြည့်ရုံနဲ့ သိသာပါတယ်။ အိမ်အပြန်မှာ ဇနီးချောလေး အပါခေါ်လာနိုင်လို့ မိဘကို ကြွားနိုင်တော့မယ်ဆိုပြီး ပျော်နေတာပါ။ ကျွန်မလည်း အလိုက်အထိုက်တော့ ဝမ်းသာပါတယ်။

BURMESE CLASSIC .com



ဒါပေမယ့် ဘာမှန်းမသိတဲ့ ဆန္ဒတစ်ခုကြောင့် အလိုမပြည့်သလို ရှိနေတာအမှန်ပါ။

ကျွန်မနဲ့ စူဠဓနုဂ္ဂဟက တက္ကသိုလ်ပြည်က ဗာရာဏသီပြည်ကို ရွေးရှုလာခဲ့ပါတယ်။ ခရီးလမ်းက ဝေးကွာတဲ့အပြင် ကြမ်းတမ်းတဲ့ ခရီးဖြတ်ရလို့ စိုးရိမ်ကြောက်ရွံ့တာတော့ အမှန်ပါ။ ဒါပေမယ့် အားကိုးလောက်တဲ့ လင်သားရှိနေတော့ ပြောရလောက်အောင် စိတ်မပူပါဘူး။ မှန်ပါတယ်၊ စိတ်မပူအောင် လက်တွေ့ပြလိုက်တာက လမ်းခရီးတောအဝင်မှာ မာန်မုန်ယိုနေတဲ့ ဆင်ဆိုးတစ်ကောင်နဲ့ ပက်ပင်း တိုးပါတယ်။ ဒီလို အန္တရာယ် ကြီးကြီးမားမား မကြုံဖူးတော့ ထိတ်လန့်တုန်လှုပ်သွားတယ်။ ဒါပေမဲ့ ဆင်ဆိုးကြီးကို စူဠဓနုဂ္ဂဟက မြားတစ်စင်းတည်းနဲ့ သုတ်သင်လိုက်နိုင်ပါတယ်။ မြားအစင်းငါးဆယ်ပါတဲ့ အထဲက တစ်စင်းသုံးရတော့ မြား (၄၉)စင်းသာ ကျန်ပါတယ်။ ဘာပဲဖြစ်ဖြစ် အားကိုးလောက်တဲ့ လင်သားရှိနေပြီမို့ စိုးရိမ်မှု မရှိတော့ပါဘူး။

ဒါပေမယ့် နောက်တောအုပ်တစ်ခုအဖြတ်မှာ ခိုးသားငါးဆယ်နဲ့ ပက်ပင်း တိုးပြန်ပါတယ်။ ညာသံပေးပြီး တုတ်ဓားတွေ ဝင့်လာတဲ့ ခိုးသားတွေကို ကျွန်မလင်သား ဓနုဂ္ဂဟက မြားတစ်စင်း လူတစ်ယောက်နှုန်းနဲ့ သတ်လိုက်ပါတယ်။ မြားကုန်တဲ့အချိန်မှာ ခိုးသား

www.burmeseclassic.com

www.burmeseclassic.com



အကြီးအမှူး ကျန်နေပါတယ်။ မြားမရှိတော့တဲ့လေးက အသုံးမကျတော့လို့ လေးနဲ့ မြားကျည်တောက်ကို လွှင့်ပစ်လိုက်ပါတယ်။ ဒီအခါမှာ ခိုးသားအကြီးအမှူးက ဓားကိုဝင့်ပြီး ပြေးလာပါတယ်။ ကျွန်မရဲ့ လင်သားကလည်း ဓားထုတ်ပြီး ခုခံပါတယ်။ ကိုယ်လုံးကိုယ်ပေါက်ရော ဓားရေးအတတ်ပါ တူညီနေတဲ့ သူတို့နှစ်ယောက်ဟာ အတတ်ပညာကုန်ထုတ်ပြီး ယှဉ်ပြိုင်ကြပါတယ်။ အချိန်အတော်ကြာကြာ တိုက်ခိုက်ရာမှာ တစ်ဦးနဲ့တစ်ဦး ဘယ်သူမှ အသာမရပါဘူး။ ဘတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက်နေပါတယ်။ အဲလို တိုက်ခိုက်ရင်းမှာပဲ နှစ်ယောက်စလုံးရဲ့ဓားတွေ လွတ်ကျသွားပါတယ်။ သူတို့ကတော့ တိုက်နေဆဲပါပဲ။ လက်နက်မဲ့သွားတဲ့ သူတို့နှစ်ယောက် လူချင်းလုံးပူးသတ်ကြပြန်ပါတယ်။

မှန်တာဝန်ခံရရင် လင်သားနဲ့ ခိုးသားအကြီးအမှူး သတ်ပုတ်တာကြည့်နေတဲ့ ကျွန်မစိတ်ထဲမှာ ခိုးသားအကြီးအမှူးကို နိုင်စေချင်ပါတယ်။ ဒါဟာ တဒင်္ဂအတွင်း ဖြစ်ပေါ်လာတဲ့ ဖောက်ပြန်စိတ်ပါ။ ခိုးသားတွေကို အကြီးအမှူးလုပ်ပြီး တောထဲတောင်ထဲမှာ ဆင်းရဲပင်ပန်းစွာ ရှာစားရတဲ့ သူ့ဘဝကို စာနာမိတယ်၊ လေးစားမိတယ်။ ခုဆိုရင် ခိုးသား (၄၉)ယောက်က ကျွန်မလင်သားရဲ့ သတ်ဖြတ်မှုကြောင့် ဆုံးရှုံးသွားရပြီ။ သူတစ်ယောက်တည်း ထီးထီးမားမားကျန်



နေတော့တဲ့ ခိုးသားမှူးကို ဘယ်လို သနားသွားမှန်း မသိဘူး။ ကျွန်မလင်သားနဲ့ယှဉ်ရင် အသားအရေ ညိုမှောင်ပြီး ခက်ထန်သယောင်ရှိပေမယ့် စွဲမက်ဖွယ် ယောကျ်ားသားလို့ ထင်မိတယ်။ ဖောက်ပြန်တဲ့စိတ်နဲ့ တွေးနေချိန်မှာ အော်ပြောသံ ကြားလိုက်တယ်။

“နှမ အဲဒီ သန်လျက်ပေး… ပေး မြန်မြန်ကောက်ဟေ့”

ကျွန်မလင်သား စူဠမနုဂ္ဂဟရဲ့ အသံပါ။ သူက ခိုးသားမှူးရဲ့ အပေါ်ရောက်နေပြီ။ ဖမ်းချုပ်နိုင်တဲ့ အနေအထား ရောက်နေပါတယ်။ ဒါပေမယ့် အောက်က ရောက်နေသော်လည်း အပြင်းအထန် ခုခံနေတဲ့ ခိုးသားကလည်း ရှုံးတယ်တော့ မဟုတ်ဘူး။ အချိန်မရွေး အပေါ်စီး ပြန်ရောက်နိုင်တဲ့ အနေအထားပါ။ တစ်ဦးလက်ကို တစ်ဦးချုပ်ပြီး လွင့်ကျနေတဲ့ဓားကို အမိအရလုဖို့ ကြိုးစားနေတာ ကျွန်မ သိရပါတယ်။ ဒီအချိန်မှာ ဓားသန်လျက်ရသွားသူဟာ အနိုင်ရသွားမှာပါ။ ပြောရရင် ကျွန်မလင်သားအတွက် အားသာချက် အပြည့်ရှိနေပါတယ်။ ကျွန်မသာ ဓားကိုယူပြီး လက်ထဲထည့်ပေးလိုက်တာနဲ့ ခိုးသားမှူးဟာ သေပါပြီ။ ဒီအချိန်မှာ အားကိုးမျှော်လင့်တဲ့ အကြည့်နဲ့ကြည့်လိုက်တဲ့ ခိုးသားမှူးရဲ့ မျက်လုံးကို ကျွန်မ တွေ့လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကလေးရယ် အဲဒီဓားကို ကျုပ်လက်ထဲထည့်ပါ၊ သင့်လင်သားကို သတ်ဖြတ်အနိုင်ယူပြီး သင့်ကို တစ်သက်လုံး အလုပ်အကျွေး ပြုပါ့မယ်"

ဒီလိုတောင်းဆိုတဲ့ အကြည့်မှန်း သိလိုက်တယ်။ လနှင့်ချီပြီး ပေါင်းခဲ့တဲ့ လင်သားထက် တစ်ခဏအကြည့်နဲ့ ချစ်ရေးဆိုတဲ့ ခိုးသားမှူးအပေါ် ကျွန်မ ယုံကြည်သွားတယ်။ ဒါနဲ့ ဓားကို လင်သားဓနုဂ္ဂဟာဘက် အသွားထားပြီး ခိုးသားမှူးဘက် အရိုးထားပြီး ပေးလိုက်ပါတော့တယ်။

* * *

ကျွန်မရဲ့လင်သားကို ကျွန်မရဲ့အကူအညီနဲ့ သတ်လိုက်နိုင်တဲ့ ခိုးသားမှူးကြီးဟာ ကျေးဇူးတင်တဲ့အကြည့်နဲ့ ကြည့်တယ်။ ပြီးတော့ ကျွန်မရဲ့ ကိုယ်လုံးကို သိမ်းကျုံးဖက်လိုက်ပြီး အတောမသတ်တဲ့ အနမ်းတွေ ပေးပါတယ်။ ချစ်သူကို တီတီတာတာ စကားမဆိုဘဲ သူ့စရိုက်အတိုင်း ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ပြုမူလိုက်တဲ့ ခိုးသားမှူးရဲ့ အချစ်သင်္ကေတကို ကျွန်မ ဘယ်လို စွဲမက်သွားမှန်း မသိဘူး။ လူဆိုးလူမိုက်ပီပီ ခပ်မိုက်မိုက်လေး ချစ်ပြပုံက ကျွန်မ တောင့်တချက်ကို ဖြည့်ဆည်းပေးလိုက်သလိုပါပဲ။

"အချစ်ကလေးကို ကိုယ် တကယ် မြတ်နိုးတယ်"



"ကျွန်မကလည်း အဲလိုပါပဲ"

"ဒါဆို ခေါ်ရာ လိုက်မယ်ပေါ့"

"လိုက်ချင်လို့လည်း အစ်ကို့လက်ထဲ ဓားရိုးကမ်းပေးတာပေါ့"

ကျွန်မက သူ့အလိုကျ စကားဆိုချိန်မှာ သူ တစ်ချက် ငိုင်တွေသွားတာ သတိပြုမိတယ်။ ဒါပေမယ့် လူရိပ်လူကဲ နားလည်တဲ့ ခိုးသား မှူးက ချက်ချင်း ဣန္ဒြေပြင်တယ်။ ဟန်ဆောင် ပြုံးတယ်။

"ဒါဆိုလည်း တို့ ခရီးဆက်မယ်ဆိုတော့ လမ်းခရီး စိတ်ချရအောင် အချစ်ရဲ့ပစ္စည်းတွေ ဖြုတ်၊ အဝတ်ထဲ ထည့်ထုပ်၊ ဒီတောဒီတောင်က အစ်ကိုတို့လို လူဆိုးဓားပြတွေ အတောမသတ်အောင် များတယ်"

သူခိုးက သူခိုးချင်း ပြန်ကြောက်ပုံပြတော့ ကျွန်မလည်း စိုးရိမ်သွားတယ်။ ဒါကြောင့် လက်ဝတ်လက်စားတွေ အမြန်ဖြုတ်ပြီး ခိုးသားမှူးလက်ထဲ ထည့်လိုက်တယ်။ လက်ဝတ်လက်စားနဲ့ ပစ္စည်းထုပ်ကို သယ်ပိုးပြီး ကျွန်မလက်ကိုဆွဲပြီး တောလမ်းခရီးကို ဖြတ်ခဲ့ပါတယ်။ လမ်းခရီးအကြား မြစ်တစ်ခုကိုဖြတ်ဖို့ ကြုံလာပါတယ်။

"အချစ် ဒီမှာ ခဏနေခဲ့၊ ဒီကပစ္စည်းတွေ ဟိုဘက်ကမ်း အ[illegible] ပို့လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ့စကားကို လွယ်လွယ်ကူကူပဲ ခေါင်းညိတ်လိုက်တယ်။ မှန်တယ်လေ သည်ခရီးက အန္တရာယ်များတယ်။ လှိုင်းလေထန်တဲ့ မြစ်ကို မလွှတ်မလပ်ဖြတ်ရင် အန္တရာယ်များတာကိုး။

ခိုးသားမှူးဟာ အထုပ်တွေထမ်းပြီး တစ်ဖက်ကမ်း တက်သွားတယ်။ ကျွန်မဟာ သူပြန်အလာကို ငံ့မျှော်ကြည့်ပေမယ့် သူက အထုပ်ထမ်းပြီး တောဘက်ကို ဆက်သွားတယ်။

"အမောင် ကျွန်မကို လာခေါ်ပါ၊ ကျွန်မ အမောင့်နောက်ကို လိုက်ပါရစေ၊ အမောင် ကျွန်မကို မထားခဲ့ပါနဲ့ အမောင်"

ကျွန်မရဲ့အသံကြားတော့ ခိုးသားက လှည့်ကြည့်တယ်။ ရွံရှာစက်ဆုပ်တဲ့ မျက်လုံးနဲ့ကြည့်ပြီး အော်ပြောပါတယ်။

"အို... မိန်းမယုတ်၊ သင်ဟာ တစ်ကြိမ်တစ်ခါသာ မြင်ဖူးတဲ့ ငါ့ကိုပေါင်းချင်တာနဲ့ လင်သားအသက်ကို သတ်ဖြတ်ခဲ့တယ်၊ သင့်ကို ငါက ဆောင်ယူပေါင်းသင်းရင် ငါ့အတွက် အန္တရာယ်များတယ်၊ နောက်တစ်ယောက်တွေ့ရင် ငါ့အသက်ကို လုပ်ကြံဦးမှာပဲ၊ ဒီလို ယုတ်မာသူကို ငါက ဘယ်လို ပေါင်းသင်းရမလဲ၊ နေရစ်ပေတော့"

ခိုးသားမှူးဟာ ကျွန်မကို သည်စကားဆိုပြီး တစ်ဖက် တောထဲဝင်ရောက် ပျောက်ကွယ်သွားတယ်။ ကျွန်မဟာ ကိလေသာ ကာမဂုဏ်ရမ္မက်ကျူးမိတာကြောင့် အဖိုးတန် လင်သား ဆုံးရှုံးရသည့်အပြင်



လင်ငယ်ကိုလည်း လက်လွှတ်ရပြီမှန်း သိလိုက်တယ်။ အဲဒီခဏမှာပဲ ဝမ်းနည်းပူဆွေးစိတ်နဲ့ လဲပြိုကျသွားပါတော့တယ်။

* * *

ဖခင် ဒီသာပါမောက္ခဆရာကြီး ထိမ်းမြားပေးလိုက်တဲ့ လင်သားဆုံးလောက်အောင် မိုက်လုံးကြီးတဲ့ ကျွန်မအဖြစ်က ရှက်လည်းရှက်စရာ။ ရင်လည်း ရင်နာစရာ။ ပြီးတော့ တောကြီးမျက်မည်းထဲ တစ်ယောက်တည်း ကျန်ရစ်လို့ ဝမ်းနည်းပူဆွေးစရာပါ။ ဝမ်းနည်းစိတ်နဲ့ ချုံးပွဲချ ငိုလိုက်ပြီး ရှေ့ဆက်ရမယ့် ခရီးလမ်းကို စဉ်းစားလိုက်တယ်။ အဲဒီအချိန်မှာ မြေခွေးတစ်ကောင်က အမဲသားတုံးကို ကိုက်ချီလာပြီး ကျွန်မ ထိုင်နေတဲ့ဘက်ဆီ ပြေးလာတယ်။ အဲသလို ပြေးလာချိန်မှာ မြစ်တွင်းက ငါတစ်ကောင် ကမ်းပေါ် ခုန်တက်လာတယ်။ ရေပေါ်က ခုန်တက်ပြီး မြေပေါ်ကျလာတဲ့ငါးဟာ တဖျတ်ဖျတ် ခုန်နေတယ်။ ငါးအရှင်ကိုမြင်တဲ့ မြေခွေးဟာ ပါးစပ်ထဲက အမဲသားတုံးကိုချပြီး ငါးအရှင်ကို ထိုးဟပ်ဖို့ ပြေးသွားတယ်။ ဒါပေမဲ့ မြေခွေး ရောက်မလာခင်မှာပဲ ငါးက ရေထဲခုန်ဆင်းသွားတယ်။ ငါးကိုမြင်ပြီး မရလိုက်တဲ့ မြေခွေးဟာ စိတ်ပျက်လက်ပျက် အမူအရာနှင့် အမဲသားတုံးဆီ ပြန်လာတယ်။ ထိုအခိုက်မှာပဲ ကောင်းကင်ထက်မှ ငှက်တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ထိုးစိုက်ဆင်းလာပြီး အမဲသားတုံးကို ချီပျံသွားတော့ မြွေခွေးသည် ငါးလည်းမရ၊ အမဲသားတုံးလည်း ဆုံးရှုံးပြီး လည်တမော့မော့နဲ့ ဖြစ်ကျန်ရစ်ပါတယ်။

“အဟားဟားဟား… ငမိုက်သား မြေခွေးရယ်၊ နင့်အဖြစ်က ရယ်ပဲ ရယ်ရသေး”

မြေခွေးအဖြစ်ကိုကြည့်ပြီး အမျိုးသမီးက ပြင်းစွာ ရယ်လိုက်တယ်။

“အရှင်မ ဘာကြောင့် ရယ်သလဲ”

“သြော်… မြေခွေးမိုက်ရယ်၊ ငါ ဘာကြောင့် ရယ်သလဲဆိုတော့ သင့်အဖြစ်က ရယ်စရာလေ၊ ပါးစပ်ထဲမှာ အမဲသားတုံးရှိရက်နဲ့ အစာမက်တဲ့ နင်က ငါးကိုဖမ်းဖို့ ကြိုးစားတယ်လေ၊ ခုတော့ ငါးလည်းမရ၊ အမဲသားတုံးလည်း ဆုံးရပြီလေ၊ သင့်လောက် မဆင်မခြင်ရှိသူကို မရယ်ရင် ဘယ်ဟာ ရယ်ရမတုန်း”

“ဟယ်… ယုတ်မာတဲ့ မိန်းမ၊ သင်က သူများအပြစ်သာ မြင်တယ်၊ ကိုယ့်အပြစ်တော့ ကိုယ် မမြင်ပါလား”

“ဘာ… ဘာပြောတယ်”



“အရှင်မ သင်ဟာ မိဘပေးစားတဲ့ လင်ကိုမခင်၊ လမ်းမှာ ရုတ်တရက်မြင်တဲ့ လင်ငယ်ကို ခုံမင်တာကြောင့် ခုတော့ နှစ်ယောက်စလုံး ဆုံးရှုံးပြီမို့လား”

မြေခွေး စကားကြားသည်နှင့် အမျိုးသမီး တွေဝေသွားသည်။ သူ့အမှားကို မြင်လာသည်။

“ဟုတ်ပေတယ် မြေခွေး၊ အမှန်က ငါဟာ ပညာရှိ ခင်ပွန်းရခဲ့ပါတယ်၊ သည့်ခင်ပွန်းသည်နောက် လိုက်ခဲ့ပါတယ်၊ ဒါပေမယ့် တဒင်္ဂ စိတ်ရိုင်းကြောင့် မပြုသင့်တဲ့အမှု ပြုမိပါတယ်”

“ဟယ်… ယုတ်မာတဲ့ မိန်းမ၊ သင်ဟာ အကျင့်သီလ မဲ့သူပဲ၊ အဖိုးမတန်တဲ့ မြေအိုးမြေခွက် ခိုးသူဟာ အဖိုးတန် ရွှေခွက်တွေ့ရင် မကြံစည်အပ်တဲ့၊ သင်ဟာ မကောင်းမှုပြုခဲ့ပြီးလို့ နောက်တစ်ကြိမ် ပြုဖို့လည်း ဝန်လေးမှာ မဟုတ်ဘူး၊ သင့်အမှားကို သိစေချင်လို့ ငါ သိကြားမင်းက မြေခွေးအသွင် ဆောင်တယ်၊ မာတလိနတ်သားကို ငါးအဖြစ် အသွင်ဆောင်စေတယ်၊ ငှက်ကတော့ ပဉ္စသိခ်နတ်သားပဲ၊ အရှက်နည်းတဲ့ မိန်းမ၊ သင်ဟာ ငရဲကျဖို့လမ်းသာ ရှိပေတယ်”

မြေခွေးအဖြစ် ဖန်ဆင်းထားသည့် သိကြားမင်းက ထင်ရှားအောင် ကိုယ်ထင်ပြပြီး တာဝတိံသာနတ်ပြည်သို့ ပြန်တက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ အလိုရမ္မက်ကြီးမှုကြောင့် ဆုံးရှုံးရတဲ့အဖြစ်ထက် ဘာမဟုတ်တဲ့ ခိုးသားဓားပြကတောင် ကျွန်မကို စွန့်ပစ်ခံရပါတယ်။ ခုတော့ ကျွန်မ နောင်တရပါပြီ။ ဒါပေမယ့် ရတဲ့နောင်တက နှောင်းခဲ့ပါပြီ။ ဘယ်လိုမှ ပြုပြင်မရတဲ့အမှားကို ကျွန်မ ကျူးလွန်မိပါတယ်။ ဒီအကြောင်းကို သိသူတိုင်းကတော့ ကြောက်စရာ မိန်းမအဖြစ် သတ်မှတ်ကြတော့မှာပါပဲ။

ကျမ်းကိုး -ဓမ္မပဒ၊ တဏှာဝဂ်၊ စူဠဓနုဂ္ဂဟဇာတ်

ဝဝဝ



www.burmeseclassic.com

www.burmeseclassic.com

မိန်းမတို့၏စိတ်ထားသည် အကဲခတ်ရခက်သည်။
မိန်းမတို့၏ သဘောသည် နဒီမြစ်ကဲ့သို့
ကောက်ကွေ့လျက် ကျားဝေဥ်းလဲကဲ့သို့
ယုတ်မာသည်။ ဖရဲသားအလား
ရက်စက်သည်။ ဤသဘောရှိသော မိန်းမသားသည်
မိတ်ဆွေကောင်းမဟုတ်။ ကြောက်စရာ မိန်းမသား
သာလျှင် ဖြစ်ပေတော့သည်

## ရက်စက်လှန်းသည့် မိန်းမသား

"ဒီမယ် မောင် ကျွန်မကတော့ မောင့်မိဘတွေနဲ့ အတူတူ မနေ နိုင်တော့ဘူး၊ မောင့်မိဘတွေကို တွယ်တာရင် ကျွန်မကို ပစ်၊ ကျွန်မ ကို ပေါင်းမယ်ဆိုရင် မိဘတွေကို သုတ်သင်တော့"

ကျွန်ုပ် ဇနီးသည်စကား ကြားလိုက်သည်နှင့် မိုးကြိုးပစ်ခံရသည့် အလား တုန်လှုပ်သွားသည်။ လူတစ်ကိုယ်လုံး လွင့်စဉ်ပျောက်ကွယ် သွားသည့်အလား ခံစားလိုက်ရသည်။

"မိန်းမရယ် မျက်မမြင် မိဘနှစ်ပါးက မောင့်ကို အားကိုးနေ တာပါ"

"သိတယ်လေ၊ ဒါကြောင့်လည်း ဒီလောက် သည်းခံနေတာပေါ့ ခုတော့ သည်းမခံနိုင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည်၏ စကားလက်နက်က ထက်မြက်လှသည်။ ကျွန်ုပ် ဘာလုပ်ရမှန်း မသိတော့။

* * *

ကျွန်ုပ်သည် မျက်မမြင် မိဘနှစ်ပါးကို ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ကျွေးမွေးနေသည့် ဗာရာဏသီပြည်သား ဖြစ်သည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသည့် ဆင်းရဲသားဖြစ်သဖြင့် ဝမ်းရေးလည်း ရှာရသည်။ မိအိုဖအို နှစ်ပါးကိုလည်း ပြုစုရသည်။

မိုးလင်း အိပ်ရာကထသည်နှင့် နံနက်စာ ပြင်ဆင်ချက်ပြုတ် ခူးခပ်အုပ်ဆိုင်းပြီး မိအိုဖအိုများကို အိပ်ရာမှ နှိုးသည်။ မျက်နှာသစ်ရေနှင့် ဒန်ပူပေးပြီး ကိုယ်လက် သုတ်သင်စေသည်။ ပြီးသည်နှင့် အဆာပြေစားသောက်ရန် ထမင်းဟင်းလျာ ခူးခပ်ပေးသည်။

"အမေ ဒါက ထမင်းကြော်ထားတာ၊ ဟောဒါက ငါးလေးအိုးကပ်ချက်၊ ညက ကျန်နေတာကို ပြန်နွေးထားတာ အမေ"

"သာဓုပါတော် မိဘကို စောင့်ရှောက်ကျွေးမွေးရတဲ့ ကုသိုလ်ကြောင့် ငါ့သားလေး ချမ်းသာပါစေ၊ ကျန်းမာပါစေ"

ဒုကူလတ မိခင်ကြီးက ရင်ထဲက လှိုက်လှိုက်လှဲလှဲ အသံဖြင့် ဆုပေးရှာသည်။



"အမေ အသျှောင်းအညာ မမိအောင် အိမ်ရှေ့မှာ လမ်းလျှောက်ဖို့ တန်းကျပ်ထားတယ်၊ အိမ်ပေါ်က ဆင်းရင်လည်း တန်းကိုင်ဆင်း၊ တပိုတပါးသွားချင်ရင်လည်း သန့်စင်အိုးတွေ ထားပေးတယ်၊ ကျန်းမာရေးတော့ ဂရုစိုက်ပါ အမေ၊ သိပ်အရေးတကြီး ကိစ္စရှိရင် တစ်အိမ်ကျော်က ကျွန်တော့် သူငယ်ချင်းလင်မယား ခေါ်နိုင်း၊ ကျွန်တော် မှာထားပါတယ်"

"အေးပါ သားရယ်၊ အမေတို့အတွက် မပူပါနဲ့"

"ဘယ် မပူလို့ ဖြစ်မလဲ အမေ၊ ကျွန်တော့်မှာ ကြောင့်ကြပူပန်စရာဆိုလို့ ဒီအမေ၊ ဒီအဖေပဲ ရှိတာ"

"အဲဒါကြောင့် အမေ တိုက်တွန်းနေတာ"

အမေက ပြောနေကျစကား အစကောက်လာပြန်သည်။ မိဘနှစ်ပါးအတွက် ပူပန်စကားပြောတိုင်း အမေက သည်စကား ပြောလေ့ရှိသည်။ "ငါ့သားလေး ပင်ပန်းလှပြီ၊ ကူဖော်လောင်ဖက်ရအောင် အိမ်ထောင်ပြုပါ သားရယ်"ဟု တိုက်တွန်းလေ့ရှိသည်။ အမေ တိုက်တွန်းတိုင်း "အပူမရှာချင်ပါဘူး အမေရယ်၊ ကျွန်တော့်အနေနဲ့ ပင်ပန်းတယ်လို့ မထင်ဘူး၊ မိဘ လုပ်ကျွေးခွင့်ရတာပဲ ကျေနပ်လှပြီ"ဟု စကားဆိုလျက် အမေ့စကားကို ရှောင်တိမ်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ကျွန်တော့်အနေနှင့် မိဘနှစ်ပါးအရေးသာ အမြဲ အလေးထားရာ နောင်ရေးအတွက် အစဉ် ဖယ်ရှားခဲ့ရသည်။ တစ်ခါ တစ်ရံတွင်မူ အမေ့ အကြံပေးချက်က မှန်လေမလားဟု တွေးမိသည်။ အလုပ်လုပ်နေသော်လည်း နောက်ဆံတင်းနေသည့်အဖြစ်ကြောင့် စိတ် အနှောင့်အယှက် ဖြစ်ရသည်။ အကယ်၍ ဇနီးသည်ရှိလျှင် ကြောင့် ကြမယ့် ရှာဖွေရမည်ဟု တွေးလျက် အမေ့ တိုက်တွန်းစကားအရ သင့်တော်မည်ထင်သည့် မိန်းမသားတစ်ဦးနှင့် လက်ထပ်လိုက်သည်။

အစပိုင်းတွင် မိမိအလို၊ မိဘအလိုသိသည့် ဇနီးသည်ကြောင့် စိတ်ချမ်းသာရသည်။ အစက ဒီလိုမှန်းသိရင် စောစောစီးစီး လက်ထပ် လိုက်ပါရဲ့ဟုပင် တွေးမိသည်။

တစ်ရက်တွင်မူ ဇနီးသည်၏ ငြီးငြင်စကား စကြားရသည်။

"မောင့် အဖေနဲ့ အမေကြောင့် ဒီက စိတ်ညစ်လှပြီ"

ဇနီးသည်စကားကြောင့် ရင်တုန်စိတ်ပူသွားပြီး အကျိုးအကြောင်း မေးရသည်။

"မောင့်အဖေလေ ဟင်းကျတော့ ကဂျီကဂျောင်များတာ လွန် ရော၊ ဒါနဲ့ မစားချင်ဘူး၊ ဘာချက်ကျွေးပါ၊ ညာလုပ်ပေးပါနဲ့လေ၊ မောင့်ဝင်ငွေနဲ့ ချိန်ကိုက်လုပ်ရတာ နားမလည်ဘူး၊ ဒီက ကောင်းအောင်



စီစဉ်ပေးတာပါ၊ အချိုကျွေးတော့ အချဉ်တဲ့၊ အချဉ်စီစဉ်ပေးတော့ အချိုတဲ့၊ ဘယ်တော့မှ စိတ်တိုင်းမကျဘူး"

"သည်းခံပါ နှမရယ်၊ လူကြီးဆိုတော့ တောင့်တတာဖြစ်မှာ ပေါ့၊ တတ်နိုင်သမျှ စိတ်ရှည်ရှည်ထားပေးပါ၊ မောင်လည်း ကြိုးစား ရှာပါ့မယ်"

"မောင့် အမေကလည်း ဒီကလုပ်ရင် ဘယ်တော့မှ စိတ်တိုင်း မကျဘူး၊ ဟဲ့... ငါ့သားလာရင် အလုပ်လွတ်သွားအောင် ရေခပ်ထား၊ ဟိုက မောမောပန်းပန်းနဲ့ပြန်လာပြီး ချိုးရေလေးတောင် မရှိဘူး၊ သုံးရေ တောင် ပြည့်ပြည့်ဝဝ မရှိဘူးဆိုရင် ပိုအမောဆို့သွားမယ်တဲ့၊ ဒီက မလုပ်သလို"

"အေးပါကွယ် နှမလေး လုပ်နိုင်မယ်ဆို လုပ်ထား၊ မလုပ်နိုင် လည်း ကိစ္စမရှိဘူး၊ ဒီအလုပ်တွေက မောင် လုပ်နေကျပါ၊ မပင်ပန်း ပါဘူး"

"မောင် လုပ်နေကျပေမယ့် ပြောပုံက ဒီကပဲ အလိုက်မသိ သလိုလို၊ အပျင်းထူသလိုလို"

လက်ထပ်စဉ်က သည့်မိ သည့်ဖအတွက် တာဝန်ရှိကြောင်း၊ မိမိအပေါ် ချစ်သည်ဆိုခြင်းထက် မိဘနှစ်ပါးအပေါ် ချစ်မြတ်နိုးဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုကြောင်း၊ မိမိဘဝတွင် မိဘနှစ်ပါးသာ အရေးကြီးကြောင်းပြောတော့ ကြည်ကြည်ဖြူဖြူ လက်ခံခဲ့သည်။ သို့သော် ထိုကြည်ဖြူမှုက လပိုင်းသာ ခံသည်။ အကြောင်းအမျိုးမျိုးရှာလျက် မိဘနှစ်ပါးကို မကြည်ဖြူသည့်စကား ဆိုလာသည်။ အစပိုင်းတွင် သည်းခံရန် တောင်းပန်ခဲ့၍ ခေတ္တအေးငြိမ်း သွားသော်လည်း ရက်ပိုင်းအကြာတွင် နောက်ပြဿနာတစ်မျိုး တင် လာပြန်သည်။ အခုတော့ ပြတ်ပြတ်တောင်းတောင်း စကားပင်ဆိုလာ တော့ပြီ။ ဘာလုပ်ရမှန်းမသိတော့။

* * *

တစ်သက်လုံး မငြိုမငြင် လုပ်ကျွေးလာသည့် မိဘနှစ်ပါးအပေါ် အမျိုးမျိုး အပြစ်ဆိုသည့် ဇနီးသည်စကားကြောင့် မိဘများကို ငြိုငြင်စပြုလာသည်။

"အမေကလည်းဗျာ အလုပ်လုပ်နေသူကို အမြဲ အပြစ်မြင်နေလို့ မဖြစ်ဘူး၊ သူလည်း တတ်နိုင်သလောက် လုပ်ပေးနေတာပဲ၊ နားညည်းအောင် ပြောနေရင် မကောင်းဘူး"

ဇနီးသည် ပြောပြသည့် စကားကြောင့် အမေ့ကိုပင် မပြောဖူးသည့် စကား ပြောမိသည်။ အမေက အထိတ်တလန့် အသံကြား၍



မော့ကြည့်သည်။ ကြည့်သည်ဆိုငြားလည်း မျက်စိကွယ်နေသည့် အမေ့မျက်လုံးတွေက ပြောသည့် ခံစားချက်ကို မသိရ၊ မမြင်ရပေ။

"အမေ ပြောတာက ငါ့သားလေး သက်သာအောင်လို့ပါ"

ကျွန်တော် နားလည်ပါတယ်၊ အမေ ထားတဲ့စိတ်က ဖားတော့ရှင်စေ၊ မြွေတော့ သေစေဆိုတာမျိုး ဖြစ်နေတယ်၊ ငါ့သား သက်သာစေဆိုတော့ သူ့ကို မသက်သာစေရာ မကျဘူးလား အမေ"

သည်စကားပြောတော့ အမေက ခေါင်းတညိတ်ညိတ်လုပ်ပြီး စကားမဆိုတော့ဘူး။ တစ်ခါမှ ပြန်လှန်မပြောဖူးသည့် သူ့သားထံမှ နှုတ်လှန်စကား ကြားရတော့ အမေ တုန်လှုပ်သွားပုံရသည်။ တိုက်တွန်းမိသည့် သူ့အမှား ဆင်ခြင်မိပုံရသည်။

မိဘနှစ်ပါးနှင့် မယား၏ ပဋိပက္ခက ပေါက်ကွဲသည့်အဆင့်ကူးပြောင်းလာရာ နောက်ဆုံးတွင် မယားအလိုကျ မိဘများကို သုတ်သင်ဖို့ စိတ်ကူးခဲ့တော့သည်။

"ဒီကိစ္စအတွက် ဘာမှမပူနဲ့၊ ပတ်ဝန်းကျင်က မရိပ်မိအောင်ပေါ်ပေါ်တင်တင် ထွက်မယ်၊ ဒီမှာ လုပ်ကိုင်စားတာ အဆင်မပြေလို့ ခွေမျိုးတွေရှိတဲ့အရပ် ပြောင်းနေမယ်၊ ဟိုမှာပဲ လုပ်ကိုင်စားမယ်ဆိုပြီး ထွက်မယ်၊ တောထဲတောင်ထဲရောက်မှ သတ်ပစ်မယ်၊ အစ်လကိုး

www.burmeseclassic.com

www.burmeseclassic.com



သတင်း အရပ်တစ်ပါးမှာနေပြီးမှ ဟိုမှာ အဆင်မပြေလို့ ပြန်လာတယ်၊ မိဘတွေက ဟိုမှာပဲ နေတော့မယ်ဆိုလို့ ထားရစ်ခဲ့တယ် ဆိုပြီးတော့ပေါ့"

ဖနီးလုပ်သူ၏ အကြံအစည်ကြားတော့ အံ့လည်း အံ့သြမိသည်။ တုန်လည်း တုန်လှုပ်မိသည်။ သို့သော် ဤအစီအစဉ်အတိုင်း မလုပ်လျှင် မယားက မကြည်ဖြူတော့၍ လုပ်ပါ့မယ်ဟု ကတိပေးလိုက်သည်။ သို့နှင့် မိဘနှစ်ပါးကို လှည်းယာဉ်နှင့်တင်ခေါ်လျက် တောလမ်းခရီးအတိုင်း ထွက်ခဲ့သည်။ တောနက်ထဲရောက်သည်နှင့် ဓားပြလူဆိုးများနှင့်တွေ့သယောင် ဖန်တီးလိုက်သည်။ ရန်သူမရှိဘဲ ရန်သူတွေ့ဟန်ဆောင်သည်။ လုံးထွေးသတ်ပုတ်ဟန် ပြုသည်။

"သား အင်အားခြင်းမမျှရင် မခုခံပါနဲ့၊ ငါ့သား အန္တရာယ်များပါတယ်၊ တောင်းပန်လိုက်ပါ သားရယ်"

မိမိတွင် အန္တရာယ်များမည်စိုးသဖြင့် သတိပေးသည်။ သို့သော် မိမိက ဘယ်သူ့ကို တောင်းပန်ရမည်နည်း။ တောင်းပန်စရာ လူမရှိ။ မိမိသာ လူဆိုး၊ မိမိသာ ခုခံသူ၊ ရန်သူကို ခုခံဟန်အသံပြုပြီး မနိုင်တော့ဟန် ညှဉ်းဆဲခံရဟန် အသံပြုသည်။ ထို့နောက် မိအိုဖအိုထံ ပြန်လာပြီး အသံဖျက်လျက် ခြိမ်းခြောက်သည်။ ရိုက်ပုတ်သည်။



နဂိုကပင် ဖွက်ယူလာသည့် ဝါးရင်းတုတ်ဖြင့် အမေ့ကို ရိုက်လိုက်သည်။

"အုန်း..."

အမယ်လေးတော့ သေပါပြီ၊ ကြောက်ပါပြီတော်၊ ကျုပ်တို့ကို သတ်ချင်သတ်ပါ၊ ကျုပ်တို့သားလေးတော့ အသက်ချမ်းသာပေးပါ၊ ဒီသားလေးဟာ အင်မတန် လိမ္မာရေးခြားရှိတဲ့ မိဘကို လုပ်ကျွေးနေသူပါ"

ကျောပြင်ပေါ် တုတ်ချက်ကျသည်နှင့် မိခင်အိုကြီး ပစ်လဲသွားသည်။ မချိမဆန့် အော်ဟစ်ညည်းညူရင်း မိမိအတွက် တောင်းပန်သည်။ မိခင်ကြီး၏ မေတ္တာစကားကြားလိုက်သဖြင့် ရိုက်ဖို့မြှောက်ထားသည့် တုတ်ပင် တန့်သွားသည်။

"သားရေ ဒားက လွတ်အောင်ပြေး၊ ပြေး... ပြေး သား အမေနဲ့အဖေကို မကြောင့်ကြနဲ့၊ အမေနဲ့ အဖေက အသက်ကြီးပြီ သေမယ်ဆို သေချိန်သင့်ပြီ၊ ငါ့သားလေးက ငယ်သေးတော့ လူဆိုးတွေဘေးက လွတ်အောင်ပြေးပါ"

www.burmeseclassic.com

www.burmeseclassic.com



အမေအို၏ မေတ္တာစကားသံက ခက်ထန်နေသည့်စိတ်ကို လျှော့ကျသွားစေသည်။ ဒေါသတွေ ပြေသွားသည်။ အမှားကို မြင်သွားသည်။ လက်ထဲမှ တုတ်ကိုလွှတ်ချပြီး အမေ့ခြေထောက်ကို သိုင်းဖက်လျက် ရှိုက်ကာရှိုက်ကာ ငိုပစ်လိုက်တော့သည်။

* * *

တစ်သက်လုံး မိအိုဖအိုကို ရိုရိုသေသေ၊ ကျိုးကျိုးနွံနွံ လုပ်ကျွေးခဲ့သော ဗာရာဏသီပြည်သား လူငယ်လေးသည် မယားဆိုး၊ မယားယုတ်၊ စိတ်ထားပုပ်သူကို လက်ထပ်မိသည့်အတွက် မကြံစည်အပ်သော အကြံအစည် ကြံမိသည်။ မပြုသင့်သောအမှု ပြုမိသည်။ အကယ်၍ ဗာရာဏသီပြည်သား လုလင်သည် မိန်းမသာ မယူမိလျှင် ဤအမှု ပြုမိမည်မဟုတ်။ မိအိုဖအို လုပ်ကျွေးသည့် ကျေးဇူးကြောင့် သုဂတိဘုံ လားရာ၏။ နတ်ပြည်ချမ်းသာလည်း တွေ့နိုင်သည်။ မိန်းမဆိုးက ငြိုငြင်သဖြင့် မိဘအပေါ် မေတ္တာစိတ် ဝင်ခဲ့သည်။ ကျေးဇူးမဲ့ပြုမိသည်။ ဤပြစ်ဒဏ်ကြောင့် ငရဲသို့ လားရသည့်အပြင် ဘဝများစွာ ညှဉ်းဆဲသတ်ဖြတ်မှု ခံရသည်။ နောက်ဆုံး အန္တိမဘဝတွင်ပင် လူဆိုးဓားပြတို့၏ သတ်ပုတ်မှုဒဏ် ခံစားသွားရသည်။



မိန်းမတို့၏စိတ်ထားသည် အကဲခတ်ရခက်သည်။ မိန်းမတို့၏ သဘောသည် နဒီမြစ်ကဲ့သို့ ကောက်ကွေ့လျက် ကျားငစဉ်းလဲကဲ့သို့ ယုတ်မာသည်။ ငရဲသားအလား ရက်စက်သည်။ ဤသဘောရှိသော မိန်းမသားသည် မိတ်ဆွေကောင်းမဟုတ်။ ကြောက်စရာ မိန်းမသားသာလျှင် ဖြစ်ပေတော့သည်။

ကျမ်းကိုး-ဓမ္မပဒ၊ ဒုတ္ထဝဂ်၊ အရှင်မောဂ္ဂလာန်ဝတ္ထု

ဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သောက်လေသောက်လေ
တော်မပြေဟု ဆိုအပ်သော ဆားငံရည်
သောက်သည့်အလား ကာမဂုဏ်ခံစားသူကား မရောင့်ရဲ၊

## ကာမဂုဏ်ကြီးသည့် မိန်းမသား

"ဟယ် ချစ်ဖွယ်အဆင်းရှိတဲ့ မိန်းမသား၊ ရပ်လော့"

ဒါနောရက္ခိုက်သည် အခြံအရံနှင့်လာနေသည့် မိန်းမငယ်ကို မြင်သည့်အခိုက် တပ်မက်စိတ်ဖြစ်သည်။ ဆူဝေလှုပ်ရှားရှုန်းကန်းသည့် သဘောရှိသော ကာမဂုဏ်၏ လှုံ့ဆော်မှုကြောင့် ဆောက်တည်ရာမရ။ အမှားအမှန်ကို မစဉ်းစားနိုင်ဘဲ အမျိုးသမီးရှေ့သို့ ရပ်သည်။ ကြောက်မက်ဖွယ် အဆင်းကို ဖန်တီးသည်။ မိုးကြိုးထစ်ချုန်းသည့် အလားပြုသည်။ ဒါနောရက္ခိုက်၏ အသွင်ကိုမြင်သော် ခြံရံလာသော အမျိုးသားများ လက်နက်စွန့်ပြီး ပြေးကုန်သည်။ အမျိုးသမီးငယ်သည် ထိတ်လန့်တုန်လှုပ်သည့် အမူအရာဖြင့် ငိုင်နေသည်။ ဒါနောသည် အမျိုးသမီး၏ လက်ကိုဆွဲလျက် မိမိဂူသို့ ပို့ဆောင်ယူသွားသည်။ သားမယားအဖြစ် ပြုကျင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်နှမ သင်နဲ့ငါဟာ အမျိုးဇာတ်ဖြင့် မတူပါ။သို့ငြားလည်း ချစ်ခြင်းမေတ္တာကမူ ပိုကဲသာလွန်တာကို ဝန်ခံပါရစေ"

"မိန်းမသားရဲ့ဘဝဟာ လင်သားအပေါ် အမှီပြုပါတယ် အရှင်"

"သည့်အတွက် မစိုးရိမ်ပါနဲ့ နှမငယ်၊ ကျွန်ုပ်ဟာ လင်ဝတ္တရားကျေပွန်စေရပါ့မယ်။ သင်တို့ လူ့လောကမှာ လင်သားတာဝန် ဘယ်လိုရှိသလဲ နှမ"

"မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်ဆိုတဲ့ ဝ[illegible]းငါးပါးရှိပါတယ်။ မိမိမယားအပေါ် မထီမဲ့မြင် မပြုရပါဘူး"

"အကျွန်ုပ် သ.စ္စာပြုဝံ့ပါတယ်"

"ရှာဖွေရရှိတဲ့ဥစ္စာပစ္စည်းကို ဇနီးသည်အား အပ်နှင်းရပါတယ်"

"ဒီအတွက် မစိုးရိမ်ပါနဲ့ နှမ၊ ကျွန်ုပ်စွမ်းအားနဲ့ ရှာရသမျှဟာ သင့်ဥစ္စာပါပဲ"

"မိမိမယားမှတစ်ပါး အခြားမိန်းမသားနဲ့ မဖောက်ပြန် မကျူးလွန်ရပါဘူး"

"ချစ်ခင်စုံမက်လို့ နှမကို သိမ်းပိုက်ထားပြီးပြီ၊ ကျွန်ုပ်မှာ အခြား မိန်းမသားအပေါ် အာရုံမဝင်စားတော့ပါ"



"မိမိရဲ့မယားကို အဝတ်တန်ဆာဆင်ရပါတယ်"

"ချစ်နှမ၊ ဟောဒီဂူထဲမှာ ကျွန်ုပ်ပိုင်တဲ့ လက်ဝတ်တန်ဆာတွေဟာ သင်ဥစ္စာလို့မှတ်ပါ။ ကြိုက်သလောက် ယူဝတ်ပါ"

"နောက်ဆုံးအချက်တော့ မယားအပေါ် မြတ်နိုးကြင်နာ ပါတယ်"

"ကောင်းစွ၊ ကျွန်ုပ်ဟာ လင်ဝတ္တရားကျေပွန်စေရပါ့မယ်"

ဒါနောရက္ခိုက်သည် မိန်းငယ်ကို ချစ်မြတ်နိုးသဖြင့် လိုလေသေးမရှိအောင် စောင့်ရှောက်ထားသည်။ အမဲ၊ သား၊ ငါး၊ ဆီဦးထောပတ်မပြတ်စေဘဲရှာဖွေပေးသည်။ အဝတ်တန်ဆာဆင်ယင်သည်။ မယားမျက်နှာကိုအမြဲ မပြတ်ကြည့်နေချင်၍ ရွှေကြုတ်ထဲထည့်၊ ဝမ်း၌မျိုထားပြီး သွားရာအရပ်ကို ဆောင်သွားလေ့ရှိသည်။ ဒါနောရက္ခိုက်၏ ချစ်ခင်ယုယပုံကား မိန်းမသားတို့ နှစ်လိုဖွယ်ပင်။ သို့ငြားလည်း လောကသဘာဝအရ မရောင့်မရဲမတင်းတိမ်နိုင်သော သဘောရှိသည်။ သမုဒ္ဒရာသည် မည်မျှပင် ရေပြည့်စေကာမူ ရောင့်ရဲခြင်း အလျဉ်းမရှိ။ မင်းဧကရာဇ်သည် တိုင်းနိုင်ငံမည်မျှပင် ကျယ်ဝန်းစွာ ပိုင်ဆိုင်သည် ဖြစ်စေ ရောင့်ရဲခြင်းမရှိ။ ပြဟ္မဏာတို့သည် ဗေဒင်သင်ရာ၌ အလျဉ်းရောင့်ရဲခြင်းမရှိ။ မိန်းမသားတို့ကား ကာမဂုဏ်ခံစားမှုကို ကာသိတိုင်းသူအမျိုးသမီးသည် ခံစားလို၍ ဖောက်ပြားခဲ့လေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"အမောင် ဝိဇ္ဇာဓိုရ်လာလော့နမထံ အမြန်ချဉ်းကပ်လော့"

တစ်နေ့တွင် ဒါနောရက္ခိုက်သည့် ရေမိုးချိုးလိုသဖြင့် တစ်ခုသော ရေကန်သို့ သွားသည်။ ရေကန်ရောက်သည်နှင့် ဝမ်းထဲမှ ရွှေကြုတ်ကို အန်ထုတ်သည်။ ကြုတ်အတွင်းမှ ဇနီးသည် အနေအထိုင် ကျဉ်းကြပ်မည်ကို တွေးမိသည်။ လေကောင်း၊ လေသန့်ရှုစေရန် ကြုတ်အပြင်ကို ထုတ်၏။ "ရေမိုးချိုး၊ နံ့သာလိမ်းကျံပြီး အဆင်းလှပအောင် တန်ဆာဆင်ပါ"ဟု ပြောပြီး ကိုယ်တိုင်ကလည်း ရေဦးဆင်း၍ ကိုယ်လက်သန့်စင်သည်။ မိမိ၏ မယားအပေါ် သံသယကင်းသည် ဖြစ်၍ ဝေးရာအရပ်သွားကာ ရေချိုးသည်။

လင်သားခွဲခွာချိန်တွင် ဝါယုပုတ္တမည်သော ဝိဇ္ဇာဓိုရ်သည် သန်လျက်စွဲလျက် ကောင်းကင်ခရီးမှသွားသည်။ ထိုအခြင်းအရာကို အမျိုးသမီးက မြင်လိုက်သည်။ မျက်စိတစ်မှိတ်တာ ကာလအတွင်းမြင်ရသည့် ဝိဇ္ဇာဓိုရ်ကို ချစ်ခင်စိတ်တိမ်းညွှတ်မိသည်။ မြူဆွယ်သောအပြုံးကိုဆောင်လျက် "လာလော့"ဟူသော အဓိပ္ပာယ်နှင့် လက်ပြခေါ်သည်။ ချစ်ဖွယ်အဆင်းရှိသည့် မိန်းမသားငယ်က လိုလိုလားလား ဖိတ်ခေါ်သဖြင့် ဝိဇ္ဇာဓိုရ်သည် လျှင်မြန်စွာဆင်းခဲ့သည်။

"အမောင် ဝိဇ္ဇာဓိုရ် လောကမှာ အချိုမြိန်ဆုံး သစ်သီးရဲ့ အရသာဟာ ကာမဂုဏ်ရသာနဲ့ယှဉ်က အနိုင်မရနိုင်ပါဘူး"



"မှန်ပေတယ် ချစ်နှမ"

"ဒီအရသာကို အတူအမျှခံစားဖို့ ဖိတ်ခေါ်ပါတယ် မောင်မောင်"

"နှစ်လိုဖွယ် အဆင်းရှိတဲ့ နှမ၊ သင်နဲ့ကျွန်ုပ်ရဲ့ အချစ်ဗိမာန်ကို ဘယ်မှာတည်ဆောက်ကြမလဲ"

"အမောင် ဒီကြုတ်ဟာ နှမရဲ့ဂေဟာပါ။ ဒီကြုတ်ထဲကို ဒါနောရက္ခိုက် မသိအောင် ဝင်နေပါ"

"ဒီအစွမ်းက ငါမဆောင်နိုင်စရာမရှိ"

ဝါယုပုတ္တဝိဇ္ဇာဓိုရ်သည် အမျိုးသမီးငယ် ညွှန်ပြသည့်အတိုင်း ကြုတ်ထဲ ဝင်ပုန်းလိုက်တယ်။ မိန်းမငယ်ကမူ လင်သားအလာကို ငံ့မျှော်နေသည့်အလား ကြုတ်ဘေးတွင် ထိုင်နေသည်။

"ချစ်နှမ ပျင်းရိနေပြီလား"

"အဖော်မဲ့တဲ့ အထီးကျန်ဘဝလောက် ငြီးငွေ့စရာကောင်းတာ ဘယ်အရာရှိမလဲ၊ မောင် ချစ်သူဇနီးမယားကို ထားရစ်ပြီး အဝေးသွားတဲ့ မောင်မောင်လုပ်ရပ်က ရက်စက်ရာ မရောက်ပေဘူးလား"

"တောင်းပန်ပါတယ် နှမငယ် နောက်နောင် ဒီလိုစွန့်ခွာသွား တော့ပါဘူး။ ယုံနော် မောင်မောင် ကတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒါနောရက္ခိုက်ကို မာယာနှင့် မြူဆွယ်စကားဆိုလိုက်တော့ ပျာယာခတ်သွားသည်။ ချစ်ဇနီးကျေနုပ်အောင် ယုယုယယချစ်ကြင်နာမှုပြုပြီး ရွှေကြုတ်ထဲ ပြန်ထည့်သည်။ ထို့နောက် ဝမ်းထဲမျိုလျက် မိမိနေရာ ကျောက်ဂူကို ပြန်လာခဲ့ပေသည်။

* * *

ဒါနောရက္ခိုက်စံပျော်ရာအနီး ကျောက်ဂူနှင့် မလှမ်းမကမ်းတွင် ဘုရားလောင်းရသေ့သည် သီတင်းသုံးနေသည်။ အရှင်သည်အဘိညာဉ်သမာပတ်ဝင်စားနိုင်သော အစွမ်းရှိသည်။ သစ်သီးဝလံကိုသာ သုံးလျက် ရဟန်းစည်းစိမ်ခံစားနေသည်။ ထိုရဟန်းထံ ဒါနောရက္ခိုက်သည် အဖူးအမြော်လာလေ့ရှိသည်။ တရားနာယူလေ့ရှိသည်။ ရသေ့၏အဆုံးအမခံယူနေသော်ငြားလည်း ဘီးလူး၏စရိုက်ကိုမူ မစွန့်လွှတ်နိုင်သေး။

ဒါနောရက္ခိုက်သည် ရေမိုးသန့်စင်ပြီးနောက် ဇနီးသည်ကို ဝမ်းတွင်းထည့်ဆောင်ယူပြန်ချိန် အရှင်မြတ်အား ဖူးမြော်လိုစိတ်ဖြစ်လာသည်။ ထို့ကြောင့် အရှင်မြတ်သီတင်းသုံးရာ ကျောက်ဂူအတွင်း ဝင်ရောက်ခဲ့သည်။



"အချင်း ဒါနောရက္ခိုက်၊ သင်တို့ သုံးယောက်တယ်ကလာသလဲ"

ဒါနောရက္ခိုက်သည် အရှင်မြတ်ထံလာသည်နှင့် ဆီးကြိုနုတ်ဆက်လိုက်ပုံကြောင့် အံ့အားသင့်သွားသည်။ သံသယစိတ်ဖြင့် ဘေးဘီရှေ့နောက် ကြည့်သည်။ သူမှလွဲ၍ အခြားသူမရှိ၊ ဈာန်သမ္မာပတ်ရသော ပုဂ္ဂိုလ်ဖြစ်၍ ဝမ်း၌ထည့်ယူထားသော အမျိုးသမီးကိုမြင်လျက်လည်း နှစ်ယောက်ဟုသာ ဆိုရသည်။

"အရှင်မြတ်ဘုရား"

"အမောင် ဒါနောရက္ခိုက်။ သင်ရဲ့လာခြင်းဟာ ကောင်းပါဘိ။ သင့်တင့်တဲ့ နေရာမှာ ထိုင်လော့"

"မှန်ပါ"

"အမောင် ရက္ခိုက်၊ သင့်ရဲ့ ကျန်းမာရေး အသို့နည်း။ကျမ်းခံ့သာ၏လော၊ မရောက်မလာချိန်ကြာပါပကော"

"မှန်ပါအရှင် ဗဟုကိစ္စများပြားလှလို့ မရောက်ဖြစ်ခဲ့ပါ။ အခုအခါ ကြင်ယာဇနီးရှိနေပြီဖြစ်ပါတယ်"

"ငါသိပေတယ် ရက္ခိုက်၊ သင်ရဲ့ကြင်ယာကို ရွှေကြုတ်ထဲထည့်ပြီး ဝမ်း၌ဆောင်ယူသွားသည်ကိုပင် ငါသိ၏"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ကောင်းပါဘိ အရှင်…ကျွန်ုပ်ရဲ့ချစ်ဇနီးနဲ့အတူတကွ လာသည်မြင်လျက် ဘယ်အတွက်သုံးယောက်လို့ဆိုဘိသနည်း"

"အချင်း ရက္ခိုတ် သင့်ဇနီးကို ချစ်ခင်စိတ်နဲ့ ဝမ်းထဲမျိုသယ်ဆောင်သွားပေမယ့် အခုအခါ ကြုတ်ထဲ၌ သင့်မယားသာမဟုတ်၊ ဝါယုပုတ္တ ဝိဇ္ဇာမိုရ်ပင်ရောက်နေတယ်။ သင့်ဇနီးက မြူဆွယ်လို့ ဝိဇ္ဇာက ချစ်ခြင်းဖွဲ့တယ်။ မွေ့လျော်ပျော်ပါးနေတာ သင်ကားမသိ၊ ငါသိတယ်။ သင်ကားမမြင်၊ ငါမြင်တယ်"

ဈာန်အဘိညာဉ်ရသော ဘုရားအလောင်းရသေ့စကားကြားသော် ဒါနောရက္ခိုက်လွန်စွာ ဒေါသဖြစ်သည်။ လင့်ဝတ္တရားငါးပါးကို ရေရွတ်ပြခဲ့သည့် ဇနီးသည်က အခုတော့ လင်သားအပေါ်သစ္စာမဲ့ခဲ့သည်။ ဖောက်ပြန်ခဲ့သည်။ ဒေါသစိတ်ကြောင့်အသားများပင် ဆတ်ဆတ်တုန်နေသည်။ ဇနီးသည်ရော အကျင့်ပျက်သည့် ဝိဇ္ဇာမိုရ်ကိုပါ မှုန့်မှုန့်ညက် ညက်ကျေအောင် ပြုလိုက်ချင်သော်လည်း ဝိဇ္ဇာမိုရ်က မာယာများသည်။ အကယ်၍ ဝိဇ္ဇာမိုရ်လက်တွင် သန်လျက်ရှိနေက သူ့ဝမ်းကိုခွဲလျက် ထွက်ပြေးပါလျှင်…



ဒါနောရက္ခိုက်သည် ဝမ်းတွင်းရှိကြုတ်ကို အန်ထုတ်လိုက်သည်။ ထိုအခိုက်မှာပင် ဝိဇ္ဇာမိုရ်သည် ကြုတ်ကိုဖွင့်လျက် ကောင်းကင်သို့ ပျံတက်သွားသည်။

"အို ငြိုးခြံသည့်အကျင့်ရှိသော ရှင်ရသေ့ မိန်းမတို့ကို စုံမက်တဲ့ ကျွန်ုပ်ဟာ ယုတ်မာပါဘိ။ ကျွန်ုပ်ဟာ ချစ်မြတ်နိုးလို့ ဝမ်းတွင်းမျိုထား ပေမယ့် သူကားတစ်ပါးယောက်ျားနဲ့ မွေ့လျော်ပါတယ်"

"မှန်ပေတယ် ရက္ခိုက်"

"ကျွန်ုပ်ဟာ သစ္စာရှိရှိနဲ့ မယားကို လုပ်ကျွေးခဲ့ပါတယ်။ ဒါပေမဲ့ သင့်က ဖောက်ပြန်လေတော့ မိန်းမဟူသည် မပေါင်းအပ်ကုန်"

"မှန်ပေတယ် ရက္ခိုက်"

"အရှင်ရသေ့ မိန်းမတို့နဲ့ ကင်းကင်းရှင်းရှင်းနေတဲ့ ပညာရှိများ ဟာ ချမ်းသာပါပေတယ်။ စိုးရိမ်ကြောင့်ကြမှုလည်း ကင်းပါတယ်။ မြတ်သော ဈာန်ချမ်းသာနဲ့နေသူဟာ မိန်းမကို မပေါင်းအပ်ပါ"

ဒါနောရက္ခိုက် ချစ်မြတ်နိုးသဖြင့် မယားအဖြစ် သိမ်းပိုက်ခဲ့သော ရိုးသားစွာ လုပ်ကျွေးခဲ့သော မိန်းမက ဖောက်ပြန်၍ အကျင့်တန်သော အကျင့်ကျင့်ကြောင်းသိတော့ အလွန်ဒေါသဖြစ်သည်။ ကြုတ်တွင်း

www.burmeseclassic.com

www.burmeseclassic.com



ထည့်ယူလာသည့် သမုသိဂ္ဂီကိုထုတ်ယူလျက် သတ်ရန်ကြံသည်။ သို့သော် ဘုရားအလောင်းရသေ့က တားမြစ်သဖြင့် သူ့နေရပ်သို့ ပြန်ပို့လိုက်တော့သည်။

ဒါနောရက္ခိုက်သည် ကာသိတိုင်းသူ သမုသိဂ္ဂီကိုမြင်လျှင် မြင်ခြင်း စုံမက်မြတ်နိုး၏။ ဆွဲယူပေါင်းသင်း၏ လင်သားဖြစ်လာသော ဒါနောရက္ခိုက်သည် ကောင်းစွာလုပ်ကျွေး၏။ ကောင်းစွာဆင်ယင်ပေး၏။ လိုလေသေးမရှိအောင် ပြည့်စုံအောင်ထားသည့်အပြင် မြတ်နိုးလွန်းသဖြင့် ရွှေကြုတ်တွင်ထည့်လျက် ဆောင်ယူသွားသည်။ မည်မျှပင် လုံခြုံအောင်ထားစေကာမူ သမုသိဂ္ဂီကမူ လင်သားအပေါ် သစ္စာဖောက်လျက် ဝိဇ္ဇာဓိုရ်နှင့် ပျော်ပါးခဲ့သည်။ သောက်လေသောက်လေ ငတ်မပြေဟု ဆိုအပ်သော ဆားငံရည်သောက်သည့်အလား ကာမဂုဏ်ခံစားသူကား မရောင့်ရဲ၊ ကာမဂုဏ်အားကြီးသည့် သမုသိဂ္ဂီက လင်ငယ်ရင်တွင်း၌ပင် ဖောက်ပြန်ခဲ့သည်။ ကာမဂုဏ်ကြီးသည့် ကြောက်စရာမိန်းမသားပါတကားဟုဆိုရပေလိမ့်မည်သာ။

ကျမ်းကိုး- သုမင်္ဂဇာတ်

ဝဝဝ



www.burmeseclassic.com

www.burmeseclassic.com

တရားကာသီသူဌေးသည် မယဉ်ပါးသင်ကို
ယဉ်ပါးမိသည်။ မိတ် မဖွဲ့သင့်သူကို မိတ်ဖွဲ့မိသည်။
မတွယ်တာအပ်သည့် ကာမဂုဏ်ကို တရှိုက်မက်မက် နှစ်သက်မိ၍

## ကျေးဇူးမသိသည့် မိန်းမသား

"ချစ်နှမ ဒီနေ့အတွက်ရော နောက်နေ့အတွက်ပါ ပေါင်းပြီး ပေးမှာပါ၊ ကျုပ်အဖို့ အသပြာနှစ်ထောင်က အကြောင်းမဟုတ်ပါဘူး။ လာချင်စိတ်လောနေလို့ အခုမပါတာ သည်းခံပါ"

"အို ဘယ်ဖြစ်မလဲ၊ အသပြာတစ်ထောင် မပေးနိုင်ရင် မမွေ့လျော်နဲ့၊ မွေ့လျော်ချင်ရင် အသပြာငွေသာဆောင်ခဲ့"

"နှမငယ်ရယ် ကျုပ်မင်းဆီလာနေတာ ကာမမှုသက်သက် မဟုတ်ပါဘူး။ ချစ်စိတ်နဲ့ သံယောဇဉ်နှောင်ဖွဲ့စိတ်က အရင်းခံပါပဲ"

"ဒါတွေ ကျွန်မမသိဘူး။ တန်ကြေး အသပြာတစ်ထောင် သတ်မှတ်ထားတဲ့ ပြည့်တန်ဆာတစ်ယောက်အနေနဲ့ သတ်မှတ်ကြေးရ ရင် ပိုင်ဆိုင်ခွင့်ပေးမယ်။ ဒါမှမဟုတ်ရင်"

www.burmeseclassic.com

www.burmeseclassic.com



ပြည့်တန်ဆာမက မခိုမခံ့အပြုံးနှင့် တံခါးပေါက်ကို ညွှန်ပြသည်။ အသပြာတစ်ထောင်မပေးနိုင်လျှင် ဝင်လာသည့် တံခါးပေါက်က ပြန်ထွက်သွားဟုသည့်သဘော။

တော်ရုံတန်ရုံ သူက သူ့ကို ဤနည်းဤပုံ မဆက်ဆံဝံ့။ ဗာရာဏသီသူဌေး မဟာဓနဟူသော ဂုဏ်ပုဒ်၊ ဗြဟ္မဒတ်မင်း၏ အရင်းအနှီးဆုံး မိတ်ဆွေဟူသော ဂုဏ်ဒြပ်က လူအများ၏ လေးစားစရာ အများသူငါလေးစားနေသည့် သူ့ကိုပြည့်တန်ဆာမက နှင်လွှတ်နေပြီ။

"ရှင် ကျွန်မအိမ်က ထွက်မသွားဘူးလား"

"နှမငယ်ရယ် တစ်ခါလာ အသပြာတစ်ထောင် ပုံမှန်ပေးနေတဲ့ ကျုပ်ရဲ့ ကျေးဇူးကမင်းအပေါ် အများကြီးရှိပါတယ်"

"အဟင်းအံ့ခင်း ကျေးဇူးတရား ဟုတ်လား။ နေပါဦး ဒီကိစ္စကို ကျွန်မရောရှင်ပါ စဉ်းစားကြည့်ရအောင်။ ရှင်က သတ်မှတ်ထားတဲ့ အသပြာတစ်ထောင်ပေးတယ်။ ကျွန်မက ရှင့်ကို တစ်ညတာကို ပိုင်ဆိုင်ခွင့်ပေးတယ်။ ဒါက အရောင်းအဝယ်သဘောလေ။ ကျွန်မပိုင်ဆိုင်တဲ့ ပစ္စည်းကို ရှင်ကျေနပ်လို့ဝယ်တဲ့ သဘောပဲ ရှိတယ်။ ရှင်မပေးနိုင်ရင် ကျွန်မပစ္စည်းမရဘူး။ အရောင်းအဝယ်သဘော ဆက်ဆံတဲ့ကိစ္စမှာ ကျေးဇူးတရားက ဘယ်လိုပတ်သက်လဲ"



"နှမရယ် ဒီလောက်မပြောသင့်ပါဘူး"

"ကဲ...စကားအပိုတွေပြောမနေနဲ့ တန်ရာတန်ကြေး မပေးနိုင်ရင် ထွက်သွား။ ဟဲ့ တစ်အိမ်လုံးက ဘယ်ရောက်နေလဲ ဒီမှာ ပြဿနာရှာနေတဲ့ သူ့ကို ဆွဲထုတ်စမ်း"

"နှမရယ်...ဒီလိုအရှက်တကွဲဖြစ်အောင် မလုပ်ပါနဲ့ ကျုပ်ပေးရမယ့်ငွေ နောက်နေ့"

မဟာဓနသူဌေး၏ စကားပင်ဆုံးအောင် နားမထောင်ဘဲ လှည့်ထွက်သွားသည်။ သူတို့ အရှင်မက မျက်နှာလွှဲသွားပြီးဆိုတော့ အိမ်စေကျွန်များက သူကုပ်ကိုဆွဲပြီး တံခါးမှ တွန်းထုတ်လိုက်သည်။

ဗာရာဏသီသူဌေးသည် သူ့တစ်သက်တာပတ်လုံး ဤသို့ အပြုအမူမျိုးမခံရဘူး၍ တုန်လှုပ်သွားသည်။ ရှက်လည်း ရှက်သွားသည်။ ပြည့်တန်ဆာမ၏အိမ်ကို စိမ်းစိမ်းကားကား ကြည့်လိုက်မိတော့သည်။

* * *

ဗာရာဏသီပြည်တွင်လည်း ဗြဟ္မဒတ်မင်း မင်းပြုစဉ် သားတော် တစ်ပါးဖွားမြင်သည်။ ဗြဟ္မဒတ္တသတို့သားဟုခေါ်တွင်သည်။ ထိုအချိန်မှာပင် ဗာရာဏသီသူဌေး၌လည်း သားတစ်ယောက်ဖွားမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာနေသတို့သားဟုခေါ်သည်။ မင်းနှင့် သူဌေးဟူသော ဆက်သွယ်မှုအရ သူတို့၏သားများဖြစ်သော ဗြဟ္မဒတ္တနှင့် မဟာနေတို့သည်လည်း အဆွေခင်ပွန်းဖြစ်သည်။ ငယ်စဉ်ကပင် အတူတူကြီးပြင်းခဲ့သည့်နည်းတူ ပညာသင်ချိန်ရောက်သော် ဆရာတူထံ အတူတကွ ပညာသင်ကြသည်။

မင်းသားသည် အဘလွန်သော် ဗာရာဏသီမင်းဖြစ်ပြီး မဟာနေသည်လည်း အဘလွန်သော် အချီးမြှောက်ခံ သူဌေးဘွဲ့ရသည်။ မင်းထံ၌ သာနေ့စဉ် ခံစားပြီး တိုင်းရေးပြည်မှု အစုစုကို နှီးနှောတိုင်ပင်လျက် ငြိမ်းချမ်းစွာ နေထိုင်ကြသည်။

ဗာရာဏသီပြည်တွင် အလွန်အဆင်းလှသည့် အမျိုးသမီးငယ်ရှိသည်။ တင့်တယ်သည်။ သွက်လက်ချက်ချာသည်။ အဆင်း၏ လှပမှုဂုဏ်ကြောင့် ပြည့်တန်ဆာမအရာချီးမြှောက်ခံရသည်။ ပြည့်တန်ဆာမဆိုငြားလည်း အခမ်းအနားခွေအရံများ သတ်မှတ်ပေးထားသည်။ တစ်ညတာ ပျော်ပါးလျှင် အသပြာတစ်ထောင်ပေးမှ ပျော်ပါးခွင့်ရသည်။ အသပြာတစ်ထောင်ဟူသော ပမာဏသည် သာမန်လူတို့ဖြင့် မတတ်နိုင်။ မင်းညီမင်းသား၊ သူဌေးသူကြွယ်များသာ တတ်နိုင်သဖြင့် ဂုဏ်သရေရှိသော ပြည်ကြီးတန်ဆာဖြစ်သည်။

ပြည့်တန်ဆာမတစ်ယောက်သည် ရုပ်ဆင်းရူပကာလှပရသည်။ စကားအပြောအဆိုတတ်မြောက်ရသည်။ ကခြင်း၊ သီခြင်း၊ အတတ်



ကျွမ်းကျင်ရသည်။ ပုရိသယောက်ျားတို့ကို မြူဆွယ်ဖျော်ဖြေနိုင်သော အတတ်တတ်ရသည်။ အထူးသဖြင့် အခြားတစ်ပါးနိုင်ငံမှ အရေးကြီးသည့် သတင်းများရယူလျက် မင်းထံ သတင်းပေးရမည်။ နိုင်ငံတော်အတွက် ထောက်လှမ်းရေးတာဝန် ယူသောသူဖြစ်၍ ဂုဏ်ရှိန်မသေးဟုဆိုရသည်။

မဟာနေသူဌေးသားသည် ပြည့်တန်ဆာမ၏ ရုပ်ရည်ကို နှစ်သက်သဖြင့် အမြဲတစေလိုလို ဝင်ထွက်လေ့ရှိသည်။ ဖခင်သူဌေးကြီးကွယ်လွန်၍ သူဌေးအရိုက်အရာရချိန်တွင်လည်း ပြည့်တန်ဆာမထံဝင်လေ့ရှိသည်။ တစ်နေ့လျှင် သုံးကြိမ်ကျ မင်းထံဝင်ထွက်ခံစားလေ့ရှိပြီး ပြန်လာလျှင် ပြည့်တန်ဆာမအိမ်ဝင်လေ့ရှိသည်။ တစ်ရက်တွင်မူ မင်းကြီးနှင့် အရေးတကြီးကိစ္စတိုင်ပင်နေ၍ အချိန်လွန်သွားသည်။ အိမ်သို့ပင် မပြန်နိုင်တော့ဘဲ ပြည့်တန်ဆာမအိမ်ဝင်သွားရာ ငွေအသပြာမပါလာ၍ မောင်းထုတ်ခံရသည်။

မဟာနေသူဌေးရှက်စိတ်ဖြစ်သွားသည်။

"ဗာရာဏသီပြည်မှ အကျော်ဒေးယရှိတဲ့ ငါမဟာနေသူဌေးဟာ အသပြာတစ်ထောင်တောင် မတန်ပါလား"

ပြည့်တန်ဆာမ၏ ယုံကြည်မှုကင်းသည့် အပြုအမူကြောင့် ရှက်စိတ်ဖြင့် တွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ဒီသူငယ်မဟာ ငါဘယ်သူဆိုတာလည်း သိတယ်။ ငါ့ဥစ္စာဓနကိုလည်း သိတယ်။ ဒါကောင် မထောက်မထား ဆက်ဆံတယ်။ သူ့ကို အသပြာတစ်ထောင်မက ပေးနိုင်ပါတယ်။ ကုဋေရှစ်ဆယ် အသပြာဟာ ငါ့ဘဝတစ်သက်လုံးမကုန်တဲ့ စည်းစိမ်ပါ။ သင်းကို ဝယ်ခွင့်ရရင် ငွေနဲ့စက်ဝယ်နိုင်ပါတယ်"

ငွေကြေးနှင့် ပတ်သက်ပြီး အပြောခံရ၍ ပစ္စည်းမာနစကားပြော ဖြစ်သည်။

"အင်း ငါနေ့စဉ် ပေးပေးနေတဲ့ အသပြာဟာ သင်းဆီမှာ မနည်းတော့ဘူး။ ဒါတောင် ယုတ်ယုတ်မာမာ ဆက်ဆံတယ်။ တော်တော်ကျေးဇူး မသိတဲ့ မိန်းမ။ စက်ဆုပ်စရာကောင်းတဲ့ မိန်းမ။ တကယ်ဆို အရှင့်ကို ယုံပါတယ်။ အသပြာတစ်ထောင်မပေးလည်း အရှင့်ကျေးဇူးတွေရှိပါတယ်လို့ ပြောရင် ဘဏ္ဍာတိုက်ထဲက ငွေတွေဟာ သူ့အတွက်ချည်းပဲ ဖြစ်မှာ...ခုတော့"

မဟာဓနသူဌေး၏ စွဲလမ်းတပ်မက်စိတ်သည် ပြည့်တန်ဆာမ အပေါ် ကုန်ခန်းသွားသည်။ ပြည့်တန်ဆာမ၌သာမဟုတ် မိန်းမသားတိုင်းအပေါ် ကုန်ခန်းသွားသည်။ မိန်းမမှန်လျှင် ဤသို့အကျင့်တန်သူများသာဖြစ်မည်ဟု တွက်ပြီး အိမ်ထောင်ပြုလိုစိတ်ပင် ပျောက်သွားသည်။ ထို့ကြောင့် အိမ်ကိုပင် ပြန်မဝင်တော့ဘဲ တောသို့ပင်သည်။



အင်္ဂါမြစ် ကမ်းဘေးတွင် ကျောင်းတစ်ဆောင်ဆောက်လျက် ရသေ့ရဟန်းလုပ်ရန် ဆုံးဖြတ်လိုက်တော့သည်။

ဗာရာဏသီမင်းသည် နေ့စဉ် အခစားဝင်လေ့ဝတ်ပျက်သည့် မဟာဓနသူဌေးကို မမြင်သဖြင့် မေးသည်။ ထိုအခါ သူဌေးဖြစ်ရပ်သိနေသူများက အကျိုးအကြောင်း လျှောက်တင်သော် မင်းကြီးသည် ပြည့်တန်ဆာမကို ခေါ်စေသည်။

"အချင်းပြည့်တန်ဆာမ သင်ဟာ အသပြာတစ်ထောင်မပေးနိုင်လို့ ငါ့မိတ်ဆွေလည်ဂုတ်ဆွဲပြီး အိမ်ကနှင်လွှတ်တယ်ဆိုတာ မှန်လား"

"မှန်ပါတယ် မင်းကြီး"

"အချင်းပြည့်တန်ဆာမ သင်ဟာ ယုတ်မာလှပေတကား။ ဗာရာဏသီသူဌေးဟာ ဒီမျှအသပြာမပေးနိုင်တာနဲ့ ရိုင်းရိုင်းပျပျဆက်ဆံတယ်။ သင်ဟာ မိတ်ဆွေအပေါ် ယုတ်မာသူပဲ အခုချက်ချင်း ငါ့မိတ်ဆွေကို တောင်းပန်ပြီး ခေါ်ခဲ့။ မခေါ်နိုင်ရင် သင့်အသက်သေပြီသာမှတ်တော့"

ဗာရာဏသီမင်း၏ အမိန့်ကြောင့် ပြည့်တန်ဆာမတုန်လှုပ်သွားသည်။ သေဘေးကြောင့် ဆောက်တည်ရာ မရဖြစ်ပြီး ချက်ချင်းပင် ရထားစီး၍ အရှင်မြတ်ရှိရာ တောကျောင်းသို့ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား တပည့်တော်ကို သည်းခံတော်မူပါ"

"ငါသည်းခံပေတယ်။ သင်ဟာ ငါ့ရဲ့ပြိုးသူ၊ ရန်ဘက်မဟုတ်လို့ အပြစ်တင်ဖွယ်မရှိ"

"အရှင်ဘုရား၊ ဒီလိုခွင့်လွှတ်ရင် တပည့်တော်မနဲ့အတူ ရထားစီးပြီး၊ ဗာရာဏသီပြည်ကို လိုက်ခဲ့ပါ။ အရှင်မြတ်မလိုက်လာရင် တပည့်တော်မဘဝ ပျက်ပါလိမ့်မယ်"

"ပြည့်တန်ဆာမ၊ သင်နဲ့အတူလိုက်ဖို့ မသင့်။ မြစ်တို့ဟာ ကုမုဒြာကြာလွှမ်းပြီး မစီးမသွားနေမှ ငါနဲ့သင်အတူ ပေါင်းဖော်ရမယ်"

"မဟုတ်ပါဘူး အရှင်"

"ပြည့်တန်ဆာမ၊ ဥဩငှက်ဟာ ခရုသင်းနယ်ဆွတ်ဆွတ်ဖြူရင်သော်လည်းကောင်း၊ သပြေပင်မှ ထန်းသီးသီးရင်သော်လည်းကောင်း သင်နဲ့ငါအတူယှဉ်တွဲနိုင်ပေမယ်"

ပြည့်တန်ဆာမသည် ရသေ့စကားကိုကြားသော် လွန်စွာ စိတ်ပျက်မိသည်။

"အရှင်သား တောင်းပန်ပါတယ်။ ကျွန်တော်မျိုးမနဲ့ လိုက်ခဲ့ပါ"

ဟု ပန်ကြားသည်။ ထိုအခါ ရသေ့က တည်ငြိမ်စွာ ငြင်းပယ်ပြန်သည်။



"ပြည့်တန်ဆာမ၊ လိပ်မွေးနဲ့ ရက်သောအဝတ်ကို ဆောင်းအခါ ခြုံဖြစ်မှ သင်နဲ့ လိုက်နိုင်ပေမယ်။ သို့မဟုတ် ယုန်ချိုနှင့် စောင်းတန်းလှေကားလုပ်ပြီး နတ်ပြည်တက်နိုင်မှ သင်နဲ့ငါပေါင်းဖော်နိုင်မယ်။ သို့တည်းမဟုတ် ယင်ဟာတစ်ကောင်တစ်လုံးကျသေရည်သောက်ကာ ယစ်မူးမှ သင်နဲ့ပေါင်းဖက်နိုင်မယ်၊ သို့တည်းမဟုတ် ကျီးနဲ့ခင်ပုတ်မိတ်ဆွေဖြစ်မှ သင်နဲ့ငါပေါင်းဖက်နိုင်မယ်။ သို့တည်းမဟုတ် မိုးဒဏ်ကာကွယ်တဲ့ ကြာရွက်ထီးဆိုင်းနိုင်ခဲ့မှ သင်နဲ့ငါပေါင်းဖက်နိုင်မယ်။ သို့မဟုတ်က ငါဟာ မိန်းမဟူသော အသံကိုပင် မကြားချင်တော့"

ပြည့်တန်ဆာမသည် ရသေ့စကားကြားသော် လွန်စွာစိတ်ပျက်သွားသည်။ မိမိ၏မှားယွင်းသည့် အပြုအမူအပေါ်လည်း ကြီးစွာနောင်တရမိသည်။ သို့သော် အမှားကို ပြင်နိုင်စွမ်းမရှိ၍ ရသေ့ကို ကန်တော့ပြီး ပြန်ခဲ့တော့သည်။

ဗာရာဏသီသူဌေးသည် မယဉ်ပါးသင်ကို ယဉ်ပါးမိသည်။ မိတ်မဖွဲ့သင့်သူကို မိတ်ဖွဲ့မိသည်။ မတွယ်တာအပ်သည့် ကာမဂုဏ်ကို တရှိုက်မက်မက် နှစ်သက်မိ၍ ပြည့်တန်ဆာမ၏ မောင်းမဲမှုခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်ရှုပ်ကောင်းအောင်လည်း ဂုတ်ကိုဆွဲလျက် အိမ်ထဲမှ နှင်ထုတ်ခံခဲ့ရသည်။ အမှန်တော့ သူ့အပေါ် ရှိုင်းရှိုင်းစိုင်းစိုင်းဆက်ဆံသူက အခြားမဟုတ်၊ ပြည့်တန်ဆာမ သူ့ကျေးဇူးကိုပင် မသိတတ်သော ပြည့်တန်ဆာမ။ ကျေးဇူးမသိ၊ အကျင့်ဖောက်ပြန်၊ ရှိုင်းစိုင်းသည့် အမူအရာရှိသော မိန်းမသားကား ကြောက်စရာကောင်းသော မိန်းမသားပင်ဖြစ်တော့သည်။

ကျမ်းကိုး-အဋ္ဌာနဇာတ်

○○○



www.burmeseclassic.com

www.burmeseclassic.com

အမိကိုလုပ်ကျွေးဖို့ ၊ ကျေးဇူးရှင်ကို မပြစ်မှားဖို့
ဆုံးမလေ့ရှိတဲ့ ဘုရားရှင်ရဲ့ စကားကို ငါမပယ်ရှားဘူး။
ငါ့အမိဟာ ဆိုးသွမ်းတဲ့ မိန်းမကြမ်းကြီးဖြစ်ကောင်း ဖြစ်မယ်။
ဒါပေမယ့် အမေကအမေပဲ။

## ဓိတ်ထားယုတ်ညံ့သည့် မိန်းမသား

"ချစ်သား၊ အမိအိုကို လုပ်ကျွေးရတဲ့ သင့်မှာ ပင်ပန်းလှတယ်၊ ကူဖော်လောင်ဖက်ရအောင် အိမ်ထောင်ပြုလော့"

"ကျွန်တော် မပြုလိုပါဘူး အမေ...အမေ့ကို အလုပ် အကျွေး ပြုရတာနဲ့ ပြည့်စုံပါပြီ"

"မဟုတ်သေးပါဘူးသား၊ လူဖြစ်လာတဲ့ ငါ့သားက မျိုးဆက် အမွေထိန်းဖို့ တာဝန်ရှိတယ်...တို့အမျိုးကို မတုံးပါစေနဲ့"

မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အမျိုးအမည် မထင်ရှားသည့် အမျိုးသားကောင်းတစ်ယောက်ရှိသည်။ သူသည် လိမ္မာရေးခြားရှိ၏။ အကျင့်သီလနှင့် ပြည့်စုံသည်။ အသနာ ထွန်းကားရာ သာဝတ္ထိမြို့တွင်နေသဖြင့် ဘုရားရိုပ်၊ တရားရိုပ်၊ သံဃာရိုပ်

www.burmeseclassic.com

www.burmeseclassic.com



၌ ခိုလှုံခွင့်ရသည်။ အချိန်ရသည်နှင့် ဘုရားကျောင်းတော်သွားလျက် ဝေယျာဝစ္စဆောင်ရွက်သည်။ တရားနာသည်။ ဥပုသ်သီတင်းဆောက်တည်သည်။ သူ၏ဖခင်သည် ငယ်ရွယ်စဉ်ကပင် ကွယ်လွန်သဖြင့် မိခင်မုဆိုးမကြီးကို ရိုသေစွာ လုပ်ကျွေးနေသည်။

"အမေ…ဟောဒီမှာ မျက်နှာသစ်ရေနဲ့ ဒန်ပူ၊ ဒီမှာက တဘက်။ လိုအပ်တာပြောနော်၊ မျက်နှာသစ်ပြီးရင် အဆင်သင့်သောက်ဖို့ ယာဂုထမင်းချက်ထားတယ်။ ပူပူလေးသောက်ရအောင် နွေးထားလိုက်မယ်"

"သာခု…သာခုပါရှင် ဘုန်းကြီးပါစေ…သက်ရှည်ပါစေ… မိအိုကြီးကို လုပ်ကျွေးပြုစုရတဲ့ အကျိုးကြောင့် မကောင်းတဲ့ မိတ်ဆွေနဲ့လွဲပြီး ကောင်းကျိုးပြုတဲ့ အဆွေခင်ပွန်းနဲ့ တွေ့ရပါစေ"

မိခင်အိုကြီးက သား၏ပြုစုမှုခံရတိုင်း ရင်ထဲရှိသမျှ ဆုတွေ အရှည်ကြီးရွတ်ဆိုလေ့ရှိသည်။ "ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"ဟု သားဖြစ်သူက ရင်တွင်းမှ ရေရွတ်ပြီး ပြုမှုပေးရမည့် အလုပ်များဆက်၍ ဆောင်ရွက်နေသည်။

နံနက်စာအတွက် ယာဂုထမင်းသောက်ချိန်တွင် အမေက တောင်းဆိုမြဲစကားကို အစကောက်သည်။ သားဖြစ်သူ ပင်ပန်းသည်ကို မကြည့်ရက်၍ အကူအညီရအောင် အိမ်ထောင်ပြုရန်သာ တိုက်တွန်း



သည်။ တိုက်တွန်းတိုင်း သားဖြစ်သူက ငြင်းပယ်လေ့ရှိသည်။ ထိုအခါ အမေ့မျက်နှာက ညှိုးလျှသွားသည်။

"သား အမေတို့ မန္တျမသားတွေ အလေးအနက်ထားတာမျိုးဆက်အမွေပဲ။ ငါ့သားက အိမ်ထောင်မပြုရင် ဘယ်မှာလည်း အမေ့မြေး၊ ဘယ်မှာလဲ အမေ့မြစ်။ ကဲ…သားလည်း တစ်နေ့ကျရင် အိုမင်းသွားမယ်။ မမြဲတဲ့ သင်္ခါရတရားအရ သေဆုံးရမယ်။ ဒီအခါ သာဝတ္ထိပြည်သူ အဘွားကြီးရဲ့ မျိုးဆက်ဆိုတာ ဘယ်မှာလက်ညှိုးထိုးပြမလဲ။ ဒီတာဝန်က ငါ့သားမှာရှိတယ်။ သန်မာတဲ့ ယောက်ျားကောင်းတစ်ယောက်ဟာ အိမ်ထောင်ပြုရမယ်သား"

အမေက ရှည်ရှည်ဝေးဝေးရှင်းပြတိုင်း သားဖြစ်သူက စိတ်ညစ်ရသည်။ အမိကိုသာ အသက်ထက်ဆုံး လုပ်ကျွေးလိုကြောင်း အမေဆုံးပါးလျှင် ကိစ္စများမြောင်သည့် လူ့ဘောင်ကို ခွာပြီး ရဟန်းပြုရန် စိတ်ကူးကြောင်း ရှင်းပြသည်။ သို့သော် မိခင်ကြီးက မျိုးဆက်တုံးမည့် အပြုအမူကို မလိုလား။ သားအတွက် ဇနီးသည်ကို မိခင်ကိုယ်တိုင်ရှာဖွေလာသည်။

"ငါ့သား၊ သူလေးဟာ အမေ့မျက်စိအောက်မှာပင် ကြီးပြင်းလာလို့ အကျင့်စာရိတ္တပိုင်းက ပြောဖို့မလိုဘူး။ မိခင်တစ်ယောက်ရဲ့ ဆန္ဒအားလည်း ပြည့်စုံလို့ တို့မျိုးရဲ့မျိုးဆက်ကို ပေးနိုင်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးရှာလာသော အမျိုးသမီးသည် အကင်းပါးသည်။ ဤအိမ်၏ အခရာမှာ မိခင်ဖြစ်ပြီး၊ အမိကို လုပ်ကျွေးသော သားသည် အမိစကားမလွန်ဆန် ဤမိခင်ကိုသာ လုပ်ကျွေးပြုစုလျှင် လင်သားဖြစ်သူ၏ မြတ်နိုးမှုရမည်ဟု တွက်လိုက်သည်။ သို့ဖြစ်၍ ခင်ပွန်းလောင်းရှေ့တွင် မိခင်ကြီးကို အတိုင်းအဆမရှိ ကျိုးနွံပြပြီး အတိုင်းအဆမရှိ စောင့်ရှောက်ပြသည်။ အဆုံးတွင် မိခင်ကြီး၏ ဩဇာကို မလွန်ဆန်နိုင်သည့် သားငယ်က အမျိုးသမီးကို လက်ထပ်လိုက်တော့သည်။

* * *

မိမိကိုယ်စား မိခင်ကြီးအပေါ် ပြုစုစောင့်ရှောက်သည့် ဇနီးသည်၏ အပြုအမူမြင်ရသော လုလင်သည် ကျေနပ်အားရသွားသည်။

"ငါ့ကိုယ်စား မိခင်ကို စောင့်ရှောက်မည့် သူရှိလာတော့ ငါက စီးပွားရှာဖို့ အချိန်ရတယ်။ ဥပုသ်သီတင်းစောင့်ဖို့ အချိန်ရတယ်။ ငါ့အမိကို ပြုစုချင်အောင် သူ့ကိုထောက်ပံ့ရမယ်"ဟု တွေးလိုက်သည်။ သို့ဖြစ်၍ ရှာဖွေရသမျှ အကုန်အစင်အပ်နှံသည်။ အစားကောင်းရလာလျှင်လည်း ဇနီးသည်ကိုသာ အပ်သည်။ ဇနီးကိုပေးလျှင် အိမ်ထဲ ရောက်လိမ့်မည်ဟူသော အတွေးနှင့် ပြုမူခြင်းဖြစ်သည်။ သို့သော် ဇနီးသည်ကမူ ဤအတွေးမျိုးမရှိ။ အမိကို လွန်၍ သူ့ကို ဦးစားပေး



ခြင်းမှာ မိခင်ကြီးကို ဖယ်ထုတ်နိုင်မည့် အကြံအစည်ကို တွေးကြံနေမိသည်။

"အမောင်...အမောင့်အမေလုပ်ပုံက ကောင်းသေးလား"

"ဟော...ဘာဖြစ်လို့လဲ နှမရယ်"

ဇနီးသည်ထံက မမျှော်လင့်သည့် ပြစ်မှုစကားကြားလိုက်ရ၍ တုန် လှုပ်သွားသည်။ ဤစကားသံသည် သူနားနားကပ်ပြီး မိုးကြိုးနှင့် ခွင်းသည့် အလားထင်မှတ်လိုက်သည်။

"မောင် စဉ်းစားကြည့်၊ နှမက မောင့်အမေကို ကိုယ့်အမေလို သဘောထားဆက်ဆံပါရက်နဲ့ အခြောက်တိုက်ဆဲရေးတယ်"

"ဟင်...ဟုတ်ရဲ့လားကွယ်။ အမေက ဒီလိုရိုင်းစိုင်းတဲ့ စကားဘယ်တုန်းကမှ မပြောဖူးပါဘူး"

အမိဖြစ်သူအား အပြစ်ပြောသည်ကို လိုလားဟန်မပြ၍ ပရိယာယ်ဖြန့်ကြံစည်မှသာ ဖြစ်မည်ဟု တွေးလိုက်သည်။ ကောက်ကျစ်သည့် အကြံလည်း ခေါင်းထဲ ချက်ချင်းဝင်လာသည်။ ထိုနေ့က ဟင်းကို ဆားငန်အောင် ခပ်ပြီး ကျွေးလိုက်သည်။

" ဟဲ့ ဆားငန်လှချည်လား...ဟင်းအိုးထဲ ဆားခွက်များ မှောက်ကျသလား...ဘယ်နှယ်တော်၊ ဒီလောက်ငန်တဲ့ဟင်း ဘယ်လို[illegible] မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မေ့ပြီး နှစ်ခါခပ်မိသလား မသိဘူးအမေ"

"အို…အေ…ဟင်းချက်တယ်ဆိုရင် ဆားလျှော့ခပ်၊ မြည်းကြည့်၊ လိုတယ်ထင်လည်း စားခါနီးမှ ထပ်ခပ်ပေါ့အေ…"

ဆားငန်သည့်ပြဿနာက လင်တော်မောင်နားရောက်သွားသည်။ အပြစ်မဆိုသော်လည်း သံသယအကြည့်နှင့် ကြည့်သည်။ သတိမေ့ပြီး ခပ်မိသလား မသိဘူး…ဟူသော အဖြေကြောင့် စကားရှည်မနေတော့။

နောက်တစ်ရက် နှစ်ရက်ကြာတွင် ဟင်းချက်ရာ၌ ဆားလုံးလုံး မထည့်ဘဲ ကျွေးလိုက်ပြန်သည်။ အမေ၏ ဗျစ်တောက်ဗျစ်တောက် အသံက လင်တော်မောင်နားရောက်သွားပြန်သည်။ တမင်စီစဉ်ထားသည့် သဘောမရောက်အောင် ဆားသင့်တင့်ရုံခပ်ပြီး ပြင်ကျွေးလိုက်သည်။ ဤသို့နှင့် ဟင်းကို ပူပူလောင်လောင်ချကျွေးသည်။ အေးတိအေးစက်အနေအထားဖြင့် ကျွေးသည်။ မိခင်ကြီး၏ အလိုမကျသံတွေက ဆက်တိုက်ဆက်တိုက်ကြားလာတော့ လင်တော်မောင် စိတ်ညစ်ညူးလာပုံရသည်။ ထိုအချိန်တွင် နှစ်ကိုယ်ကြား တီးတိုးစကားဖြင့် သွေးတိုးလိုက်သည်။



"မောင်ပဲ စဉ်းစားကြည့်လေ မိအိုကြီးစားပါစေ…ခံတွင်းမြိန်ပါစေဆိုပြီး ဂရုစိုက်စီစဉ်ပေးတာပဲ။ ဆားပေါ့ ပေါ့ပြန်ပြီ။ ငန် ငန်ပြန်ပြီ။ အေး အေးပြန်ပြီနဲ့ အလိုကျတယ်ကို မရှိဘူး"

"အင်း…လူကြီးဆိုတော့ ပစိပစပ်ပြောတတ်တာပဲ။ သည်းခံပါကွာ"

"ဒီထက်သည်းခံရရင် ခေါင်းပေါ်တက် ချေးပါရုံပဲ ရှိတယ်။ မောင့်ကို ချစ်လွန်းလို့သာ ဒီလောက်သည်းခံနေတာ"

"အေးပါကွာ၊ ဒီအိမ်မှာ ဒီအမေနဲ့ ဒီသားပဲရှိတာ။ အချင်းချင်း ညှိညှိနှိုင်းနှိုင်းနေရင် ဘာမှပြဿနာ မဖြစ်နိုင်ပါဘူး။ အမှန်တော့ ယူတတ်ရင် ကုသိုလ်တောင်ရပါတယ်"

"ဘယ်လို မောင်…ကုသိုလ်ရမယ် ဟုတ်လား။ ကုသိုလ်မရဘဲ ငရဲရနေတာ ထည့်မစဉ်းစားဘူး။ အလိုမကျတော့သူ၊ ဆူတော့ ဒီကပြုစုမိရော…စေတနာထားချင် စိတ်ကုန်ရော…ဘယ်မလဲ ကုသိုလ်"

"ခက်ပါလားကွာ…သုံးယောက်တည်းနေတာ ပူညံပူညံဖြစ်ရတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"လူသုံးယောက်နေရင် တစ်ယောက်ခလောက်ဆံတဲ့ မောင်ရေ… မောင်နဲ့ ကျွန်မရဲ့သာယာတဲ့ အိမ်ထောင်ရေးမှာ မောင့်အမေ ခလောက်ဆံလုပ်နေလို့ အသံတွေထွက်နေတာ"

အမိကို လုပ်ကျွေးပြုစုသည့် အမျိုးသားသည် ဇနီးသည်၏ လီဆယ်စကားပေါ် အဟုတ်ထင်မိသည်။ မိခင်ကိုလည်းငြိုငြင်စဖြစ်လာသည်။

အတန်ကြာလောင်မြိုက်ခဲ့သည့် မီးက အတန်ကြာငြိမ်းသေသွား၍ စိတ်ချမ်းသာသလို ရှိခဲ့သည်။ သို့သော် ထိုးမည့်ဆင်နောက်တစ်လှမ်း ဆုတ်သည့်အလား အရှိန်ယူမှန်း နောင်မှသိလိုက်သည်။

တစ်နေ့တွင် မိခင်ကြီးက ချွေးမဖြစ်သူကို ခေါ်သည်။ သူအိပ်သည့် ခုတင်ညောင်စောင်းက ကြမ်းပိုးကိုက်သည်ဆိုပြီး သုတ်သင်နိုင်းသည်။ အကြံအစည်ရှိသော ချွေးမက မိခင်ကြီး၏ ခုတင်မှကြမ်းပိုးကို မသုတ်သင်ရုံသာမက သူတို့ ခုတင်မှကြမ်းပိုးကိုပင် ခါချသည်။ ကြမ်းပိုးကင်းစင်ပြီ ထင်ပြီး စိတ်ချလက်ချအိပ်သည့်အခါ ယမန်နေ့ကထက် ပိုကိုက်သဖြင့် မိခင်ကြီးဒေါ်ပွသွားသည်။

"ဟဲ့ ဒီအိမ်မှာ မိခင်အိုကြီးကိစ္စဆောင်ရွက်ပေးနိုင်သူ မရှိတော့ဘူးလား"

"ဘာဖြစ်လို့လဲ အမေ"



"ဘာဖြစ်ရမလဲကွဲ့၊ ကြမ်းပိုးထိုးလွန်းလို့ ကြမ်းပိုးရှာစမ်းပါ။ သုတ်သင်ပြီးပြီဆိုတဲ့ ခုတင်က ပိုဆိုးနေတယ်…မင်းက မအေကိုတောင် မစောင့်ရှောက်နိုင်တော့ဘူးလား"

"အမေကလဲဗျာ…သားဒီလောက် ကြည့်ရှုနေရက်နဲ့"

"အဲဒါ မင်းစကားလေ…လက်တွေ့က အရင်နဲ့မတူတဲ့ သားတစ်ယောက် ငါမွေးထားမိမှန်း မသိဘူး"

သားဖြစ်သူကိုပင် အပြစ်တင်လာသည့် မိခင်၏စကားကြားတော့ မယားစကားမှန်လေစွ။ ကဂျီကဂျောင်လုပ်သည့် မိခင်သာလျှင် အပြစ်ဟု မြင်လာသည်။ ထိုအချိန် မယားဖြစ်သူက "သည်မိခင်နှင့် ဆိုလျှင် မနေနိုင်"ဟုဆိုလာသည်။

"မင်းစိတ်ထဲ ဒီလိုအကြံဆိုးမထားပါနဲ့။ ငယ်ရွယ်သူ မင်းအနေနဲ့ ဘယ်မှာရှာစားစားရပေမယ့် ငါ့အမေက အသက်ကြီးပြီ၊ ဆောက်တည်ရာမဲ့ပြီ။ သည်းခံနိုင်သမျှ သည်းခံပါ"

ဇနီးသည်က သည်နှယ်တင်းတင်းမာမာဆိုလာတော့ မိခင်ကိုလည်း မပစ်ရက်။ မယားကိုလည်း မကွာရက်…အခက်တွေ့တော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ဆုံးတွင် ဖနီးသည်၏ တိုက်တွန်းမှုကြောင့် မိခင်ကြီးကို အိမ်မှ ရိုက်ပုတ်နှင်ရန်ပင် တွေးမိတော့သည်။

* * *

အမိကိုအလုပ်အကျွေးပြုသော အမျိုးသားသည် စိတ်အေးသည့် အရပ်တွင် တစ်ယောက်တည်းထိုင်လျက် ဖြစ်ပျက်မှုအလုံးစုံကို ဆင်ခြင်ကြည့်၏။

*"ငါအမိကို ငါဟာကျိုးနွံစွာ လုပ်ကျွေးစဉ်က ပင်ပန်းသော်ငြားလည်း စိတ်မဆင်းရဲခဲ့။ အမိထံက ဒီစကားမျိုးလည်း မကြားရ။ ကျန်းမာပါစေ...အေးကင်းပါစေလို့ ဆုတောင်းစကားသာကြားရသည်။ အမိ၏တိုက်တွန်းမှုကြောင့် အမျိုးသမီးငယ်ကို လက်ထပ်လိုက်တယ်။ လက်ထပ်ပြီး ရက်ပိုင်းမျှသာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနေရပြီး၊ နေ့စဉ်သတင်းဆိုးကြားရတယ်။ ဒါဆို သားအမိနှစ်ယောက်တည်း နေစဉ်က ငြိမ်သက်တည်ငြိမ်ခဲ့တဲ့ ငါ့ဘဝကို လှုပ်ခတ်အောင် ဖန်တီးသူက ဖနီးသည်သာ ဖြစ်မယ်"*

သည်အတွေးရလိုက်သည်နှင့် မိခင်ကြီးနှင့်ဖနီး...သည့် ပြဿနာဖြစ်ခဲ့သည့်အစကို တွေးကြည့်လိုက်သည်။ အဖြစ်အပျက်များက



ကြေးမုံပြင်တွင် အရိပ်ထင်သကဲ့သို့ ပေါ်လွင်လာသည်။ ထို့ကြောင့် ပြတ်ပြတ် သားသားဆုံးဖြတ်ပြီး မျက်နှာချင်းဆိုင်လိုက်သည်။

"ဘယ်လိုလဲ မောင်...ဆုံးဖြတ်ပြီးပြီလား"

"အင်း...ဆုံးဖြတ်ပြီးပြီ"

"ဒါဆို မောင့်အမေကို နှင်ထုတ်တော့မယ်ပေါ့"

"မဟုတ်ဘူး၊ မင်းကို နှင်ထုတ်ရမှာ"

"ရှင်...ဘယ်လို ကျွန်...ကျွန်မကို"

"မှန်တယ် နှမ၊ ငါဟာမိခင်အိုကြီးကို တစ်သက်ပတ်လုံး လုပ်ကျွေးနေတာ ပြဿနာမရှိခဲ့ဘူး။ ငါနဲ့ငါ့အမေကြားမှာ အချစ်ပျက်ပြားစရာ အကြောင်းမရှိဘူး။ နှမ...ငါဟာ ဘုရားရှင်ရဲ့ ဥပါသကာပါ၊ ဘုရားရှင်ရဲ့ တရားကို မမှိတ်မသုန် ယုံကြည်သူပါ။ အမိကိုလုပ်ကျွေးဖို့၊ ကျေးဇူးရှင်ကို မပြစ်မှားဖို့ ဆုံးမလေ့ရှိတဲ့ ဘုရားရှင်ရဲ့ စကားကို ငါမပယ်ရှားဘူး။ ငါ့အမိဟာ ဆိုးသွမ်းတဲ့ မိန်းမကြမ်းကြီးဖြစ်ကောင်း ဖြစ်မယ်။ ဒါပေမယ့် အမေကအမေပဲ၊ ဒီအမေကိုပစ်ပြီး သောင်ပြင်လွှတ်ခံရတဲ့ ခွေးတစ်ကောင်လို နိုကိုးရာမဲ့ အဖြစ်မခံနိုင်ပါဘူး။ မင်းက ငယ်သေးတယ်။ အားကိုးစရာ မိဘလည်း ရှိသေးတယ်။ ဒီတော့ အိမ်ကထွက်သွားသင့်တာ မင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤစကားကြားလိုက်သော အမျိုးသမီးသည် ဦးနှောက်ပျက်မတတ် တုန်လှုပ်သွားသည်။ လင်သားအိမ်ကဆင်းသွားလျှင် တစ်လင်ကွာ မိန်းမဟူသည့်အဖြစ်ကို ကျရောက်မည့်အပြင် လူတို့၏ကဲ့ရဲ့မှုခံရမည်ဖြစ်ရာ လင်သားကို တောင်းပန်လျက် အပြစ်ကို ဝန်ခံလိုက်သည်။

သာဝတ္ထိမြို့သူ အမျိုးသမီးငယ်သည် သားနှင့်မိခင်ကြားထွေပြားသော စကားဆိုလျက် ယုတ်မာသောအကြံကြံမိသည်။ အနန္တဂိုဏ်းဝင်အမိကို စော်ကားသည့်အတွက် မဟာအဝီစိငရဲကျရောက်မည့် အခြေအနေကို ဖန်တီးခဲ့သည်။ အကယ်၍ လင်သားလုပ်သူသည် မလိမ္မာ၊ မယဉ်ကျေးသူဖြစ်က မယားစကားကိုယုံလျက် မိခင်ကို စော်ကားမိတော့မည်။ ညှဉ်းဆဲဖြစ်တော့မည်။ အပါယ်ငရဲရောက်အောင်ပို့သည့် စိတ်ထားယုတ်ညံ့သူ မိန်းမသားသည်ကား ကြောက်စရာမိန်းမသားပင် ဖြစ်ပေတော့သည်။

ကျမ်းကိုး - ၅၅၀၊ အဋ္ဌကနိပါတ်၊ ကစ္စာနီဇာတ်

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

ချစ်သားရဟန်း၊ ဝတ္ထု ကိလေသာ နှစ်ဖြာသော
ကာမဂုဏ် ကို ပယ်ခွာလျက် တပ်မက်မှု ပယ်ဖျောက်လော

## သာသနာဖျက်သည့် မိန်းမသား

"အမိတို့ တကယ်ပြောတာလား သင်တို့သား ရဟန်းဘဝက လူထွက်လာရင် ကျွန်မနဲ့ တကယ်ပေးစားမယ်ပေါ့"

"တို့ ကတိပေးပါတယ် ... လူကြီးစကားပါ"

"အဟင်းဟင်း အမေတို့ အဖေတို့ကို မယုံလို့မေးတာ မဟုတ်ပါဘူး။ ကျွန်မဘဝကို မယုံလို့ပါ။ ကျွန်မက ပြည့်တန်ဆာမလေ"

သာဝတ္ထိပြည့်တန်ဆာမလေး စကားကြောင့် စာနာစိတ်ဖြင့် မော့ကြည့်လိုက်ကြသည်။ နုနယ်ပျိုမျစ်သည့်အရွယ် ချောမောလှပသည့် အဆင်း၊ သွက်လက်ချက်ချာသည့် အမူအရာတို့က ပြည့်တန်ဆာမလေးကို ပို၍ ကြင်နာသွားမိသည်။ သြော် ... ငါတို့သမီးလေးများဆိုရင်

www.burmeseclassic.com



ဟူသော အတွေးစိတ်ကြောင့် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်။

"အေး ... သမီးဟာ ပြည့်ကြီးတန်ဆာဆိုတာ အမေတို့ သိပါတယ်။ အခု အမေတို့အရေးဟာ သားလေးလူ့ဘဝ ပြန်ရောက်လာဖို့။ ဒီကိစ္စထက် တခြားကိစ္စတွေက ဘာမှ အရေးမကြီးဘူး။ သမီးဟာ ပြည့်တန်ဆာဖြစ်လဲ အမေတို့ သားနဲ့ သဘောတူမှာပဲ"

"တကယ်နော် ... အမေ"

"ရော့၊ ဟောဒီ အမေတို့ ဘဏ္ဍာတိုက်သော့။ ဘဏ္ဍာတိုက်ထဲက ပစ္စည်းဟာ သမီးရဲ့ပစ္စည်းလို့သာ မှတ်လိုက်"

သမုဒ္ဒ သတို့သား၏ မိခင်ကြီးကမ်းပေးနေသော ဘဏ္ဍာတိုက်သော့ကို မိခင်ကြီးလက်ထဲ ပြန်ထည့်လိုက်သည်။ "ဒီလောက် မလိုပါဘူး အမေရယ်" ဟူသော အပြုံးဖြင့် မပွင့်တစ်ပွင့် ပြုံးလိုက်သည်။

"အမေတို့ကို ကျွန်မယုံပါတယ်။ ကျွန်မအတွက် ဒါတွေက အရေးမကြီးပါဘူး။ အရေးကြီးတာက ကတိစကားပါပဲ"

"အမေတို့ ရဲရဲကြီး ကတိပေးတယ်"

"ဒါဆို အမေတို့က တစ်ခုပဲ ကူညီ"

"ပြော ... အမေတို့ ဘာကူညီရမလဲ"

"ရာဇဂြိုဟ်ပြည်ရဲ့ အဓိကလမ်းမတစ်နေရာမှာ သင့်တင့်လျောက်ပတ်တဲ့ အိမ်တစ်လုံးဆောက်ပေးပါ"



"အင်း"

"ကျွန်မကို အလုပ်အကျွေးပြုဖို့ အခြွေအရံတချို့ ပေးလိုက်ပါ"

"အေး"

"ကျွန်မ သုံးစွဲဖို့ ငွေကြေးအချို့ပေးလိုက်ပါ"

"ဒါက ပြောနေစရာလိုသေးလား သမီးရယ် ... ဘဏ္ဍာတိုက်သော့ကို အပ်လိုက်ပြီဆိုကတည်းက သမီးလိုရာ ထုတ်သုံးပေါ့"

"ဒါဆို အမေတို့သား၊ အမေတို့အိမ်ပေါ် ပြန်ရောက်ပြီလို့သာ မှတ်လိုက်တော့"

"ဒီလိုဆိုရင် ငါတို့သားနဲ့ ဟောဒီသမီးလေးကို ထိမ်းမြားပေးလိုက်ပြီလို့သာ ယုံလိုက်တော့"

သမုဒ္ဒ၏ မိခင်ကြီးနှင့် ပြည့်တန်ဆာမလေးတို့သည် တစ်ဦးနှင့်တစ်ဦး အပေးအယူတည့်သွားသဖြင့် ဝမ်းမြောက်ဝမ်းသာ ပြေးဖက်လိုက်သည်။ ထိုအချိန်တွင် သူတို့နှစ်ဦးသည် ကွဲပြားခြားနားသော မျှော်လင့်ချက်ကိုယ်စီဖြင့် ကြည်နူးနေကြသည်မှာ ပြောဖွယ်ရာပင်မရှိတော့ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



သာဝတ္ထိမြို့နေ ကုဋေလေးဆယ်ကြွယ်ဝသည့် သူဌေးကြီးဇနီးမောင်နှံတွင် ရုပ်ရည်ချောမောပြီး ယောကျ်ားပီသသည့် သားလေးတစ်ယောက် ရှိသည်။ ရှားရှားပါးပါး မွေးဖွားခဲ့သည့် သားကို သုန္ဒရသမုဒ္ဒဟု အမည်မှည့်ခေါ်သည်။ သုန္ဒရသမုဒ္ဒသည် မိဘနှစ်ပါး၏ အချစ်မေတ္တာကို ရာနှုန်းပြည့်ရထားသည့် သားဖြစ်သည်။ သို့ဖြစ်၍ သုန္ဒရသမုဒ္ဒ အလိုရှိသည်ဆိုလျှင် ဘာမဆိုဖြည့်ဆည်းပြီး ဖြစ်သည်။ သားမျက်နှာ အပြုံးပြင်ပင် မခံနိုင်ကြ၍၊ ရွှေတိုက်တံခါး အသင့်ဖွင့်ထားပြီး သုံးချင်သမျှ ယူသုံးတော့ဟု ခွင့်ပြုထားသည်။ သို့သော် သုန္ဒရသမုဒ္ဒ လိမ္မာသည်။ လော်လီဖောက်ပြားမှု ကင်းသည်။ သူဌေးသားဟူငြားလည်း စည်းမဲ့ကမ်းမဲ့ မနေတတ်သဖြင့် တခြား သူဌေးသားများနှယ် ဖြုန်းတီးခြင်း မရှိချေ။

သာဝတ္ထိမြို့သူ၊ မြို့သားတို့၏ ထုံးစံအတိုင်း ဇေတဝန်ကျောင်းသို့ လူအများ သွားကြ၊ လာကြ၊ ဗုဒ္ဓဝေယျာဝစ္စ၊ သံဃာဝေယျာဝစ္စ လုပ်ကြ၊ တရားနာယူကြ လုပ်နေသည်ကို သုန္ဒရသမုဒ္ဒ တွေ့သည်။ အားကျမိသဖြင့် ဇေတဝန်ကျောင်းသို့ တရားနာရန် ရောက်သွားသည်။ ဘုရားရှင်က သုန္ဒရသမုဒ္ဒကိုမြင်သော် တရားထူးရမည့် ဥပနိဿရ



ကို မြင်သဖြင့် တရားစဉ်အတိုင်း ဟောပြောသည်။ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာတို့ကို နားလည်အောင် ဟောပြသည့်အဆုံးတွင် သုန္ဒရသည် လောကီအာရုံကာမဂုဏ်ကို ငြီးငွေ့သွားသည်။ ရဟန်းဝတ်ချင်စိတ် ဖြစ်လာသည်။ ဘုရားရှင်ထံ ခွင့်ပန်လျှောက်ထားသော် အမိ၊အဖတို့၏ ခွင့်ပြုချက်ရဖို့လိုကြောင်း မိန့်လိုက်သဖြင့် မိဘတို့ကို အကြောင်းပြန်ရသည်။

"ဘယ်လို ... ဘယ်လိုကွဲ့။ ရဟန်းဝတ်ချင်တယ် ဟုတ်လား။ ဘယ်နည်းနဲ့မှ ခွင့်မပေးနိုင်ဘူး"

"ကျွန်တော် ရဟန်းဝတ်မယ် အမေ"

"ဟဲ့ ... ရဟန်းဝတ်မယ်ပြောနေတာ ရဟန်းဘဝဘယ်လောက် ဆင်းရဲတယ်ဆိုတာ မင်းသိလား"

"သိပါတယ် အမေ၊ ရဟန်းဘဝရဲ့ သုခကို ကျွန်တော်တွေ့ခဲ့ပါတယ်"

"ဘယ်လို ရဟန်းဘဝ ချမ်းသာတယ် ဟုတ်လား၊ လျော်တော သင်္ကန်းကိုရုံ၊ အနားတိုအိုးပိုက်၊ အိမ်စဉ်လည်ဆွမ်းခံ၊ သစ်ပင်ခြေရင်းပင်ရိပ်မှာနေ၊ မြေပြင်မှာ အိပ်ရတဲ့ဘဝဟာ ချမ်းသာတယ်တဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတာ စိတ်ခံစားမှုအပေါ်သာ တည်ပါတယ် အမေ"

"မဖြစ်ပါဘူး တို့မှာ သားသမီးဆိုလို့ မင်းတစ်ယောက်ပဲ ရှိတယ်။ အမွေခံသားက စွန့်ခွာသွားတော့ တို့ပစ္စည်းတွေ ဘာလုပ်ရမလဲ"

"ရေထဲ လွှင့်ပစ်လိုက်ပါအမေ"

"ဘာရယ် လွှင့်ပစ်ရမယ်။ မင်းအဖေတစ်သက်လုံး ကြိုးစားရှာထားတဲ့ ပစ္စည်းကို ဒီလိုပဲ ဖြုန်းတီးရမလား။ မရူးမမိုက်စမ်းပါနဲ့ သားရယ်။ အမေတို့ ပိုင်ဆိုင်ထားတဲ့ငွေကုဋေလေးဆယ် သုံးမယ့်သူဆိုလို့ ငါ့သားပဲရှိတယ်။ ဒီစည်းစိမ်နဲ့ နှစ်သက်တဲ့မိန်းကလေးတစ်ယောက် ယူပါ။ အမေတို့ရဲ့ မျိုးဆက် ထားခဲ့ပေးပါ"

"ဒါတွေ ကျွန်တော် မယူချင်ဘူး။ မရချင်ဘူး။ ကျွန်တော် ရချင်တာ ရဟန်းဘဝ"

"ပြောရခက်ပါလား ဒီမယ် သုန္ဒရ မင်းရဟန်းမဝတ်ရဘူး။ ဝတ်ချင်လည်း တို့သေမှဝတ်တော့"

"ရဟန်းမဝတ်ရရင် ကျွန်တော် အစာမစားတော့ဘူး။ ရဟန်းမဝတ်ရရင် သေတာကမှ မြတ်သေးတယ်"



မိဘများက ခွင့်ပြုချက်မပေး၍ သုန္ဒရ အစာငတ်ခံသည်။ အခန်းထဲက မထွက်ဘဲ လဲလျောင်းနေရာ အားပြတ်သွားသည်။ ကြာလျှင် သေတော့မည်။ ရဟန်းဝတ်ဖို့ ခွင့်ပြုလျှင် သားမျက်နှာကို အလွမ်းပြေ ကြည့်နိုင်သေးသည်။ သေသွားလျှင် သားဟူသော အမှတ်သညာပင် မတွေ့နိုင်တော့ဟု တွေးလျက် ခွင့်ပြုလိုက်ရသည်။

သုန္ဒရသမုဒ္ဒသည် ရဟန်းဘဝ ကူးပြောင်းပြီး ခေတ္တခဏသာ သာဝတ္ထိ၌နေသည်။ မကြာခဏ ကျောင်းလိုက်လာပြီး ငိုခါရယ်ခါဖြစ်နေသည့် မိခင်ကြီးအဖြစ်က သူ့တရားလမ်းအတွက် အနှောင့်အယှက်ဖြစ်နေသည်ဟု တွေးသည်။ သို့ဖြစ်၍ ဘုရားရှင် ရာဇဂြိုဟ်မြို့ ကြွသည်နှင့် ဝေးရာကို တစ်ခါတည်း လိုက်သွားတော့သည်။

* * *

သုန္ဒရသမုဒ္ဒ၏ ရဟန်းဘဝကို ဖျက်ဆီးရန် အကြံနှင့် ပြည့်တန်ဆာမလေးသည် ရာဇဂြိုဟ်၏ လမ်းမတစ်နေရာတွင် အိမ်ကြီးတစ်ဆောင် ဆောက်သည်။ အခြွေအရံအသင်းအပင်းတွေနှင့် နေသည်။ အများအမြင်တွင် နုနယ်ပျိုမျစ်သည့် သူဌေးမလေးဟု ထင်ခဲ့သည်။

ပြည့်တန်ဆာမလေးသည် သုန္ဒရသမုဒ္ဒ၏ ကြိုက်တတ်သော ဟင်းလျာ၊ ခုံမင်သည့် အစားအစာကို မေးမြန်းခဲ့သည်။ အလှူခံရလာ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဆန်ကြမ်းထမင်း၊ ပုန်းရည်ဟင်းတို့က သူဌေးသားတဖြစ်လဲ ရဟန်းပျိုလေးအတွက် အခက်အခဲဖြစ်မည်ကို တွက်ရသည်။ ထို့ကြောင့် ကြိုက်နှစ်သက်သည့် ဟင်းလျာချက်ပြုတ်ပြီး လောင်းလှူသည်။ "နေ့စဉ် ဆွမ်းခံကြွပါ။ ကုသိုလ်ယူပါရစေ"ဟု ဖိတ်ကြားလိုက်သည်။ ချိုသာသည့်အသံ၊ ပြေပြစ်ချောမောသည့် ရုပ်အဆင်းက သုန္ဒရသမုဒ္ဒကို မဖမ်းစားနိုင်သောလည်း ရသာတစ်ဏှာကမူ နှစ်ရက်သုံးရက်နှင့် ဖမ်းစားနိုင်ခဲ့သည်။

သုန္ဒရသမုဒ္ဒဆွမ်းခံလာတိုင်း ပြည့်တန်ဆာမလေးကိုယ်တိုင် လောင်းလှူသည်။ မတော်တဆ ထိမိဟန်ဖြင့် အသားချင်းထိမိအောင် ပြုသည်။ ရသာတဏှာ၊ ကိုယ်အတွေ့အထိတို့က ကိလေသာမကင်းပြတ်သေးသည့် ပုထုဇဉ်ရဟန်းကို ဖမ်းစားနိုင်သည် အမှန်ပင်။ လူရိပ်လူကဲခတ်တတ်သည့် ပြည့်တန်ဆာမလေး တဖြည်းဖြည်းနှင့် အိမ်ထဲရောက်အောင် ကြံစည်သည်။ ကလေးသူငယ်များကို မုန့်ပေးလျက် အိမ်ရှေ့တွင် ဆော့ခိုင်းသည်။ ဖုန်အမှိုက်တွေ ထအောင် ဖန်တီးစေသည်။ မိမိက ဟန်လုပ် ဟန့်တားသော်လည်း ရပ်တန့်ခြင်းမပြုလုပ်ရန် အချိန်းအချက်ပေးသည်။

သုန္ဒရသမုဒ္ဒသည် နေ့စဉ်ဆွမ်းခံမြဲအတိုင်း ကြွလာသော် ကလေးများက ဖုန်မှုန်ထအောင် ဆော့သည်။ ဆွမ်းဘောဇဉ်တို့ကို



အညစ်အကြေးတင်မည်။ အိမ်ပေါ်တက်ပြီး ခံယူတော်မူပါ၊ ဆွမ်းလုပ်ကျွေးပါရစေဟု ဖိတ်ခေါ်သည်။ ရသာတဏှာ၏ ဆွဲဆောင်မှုခံထားရသော သမုဒ္ဒသည် ဖိတ်ခေါ်သည့်အတိုင်း အိမ်ပေါ်တက်သည်။ ပရိယာယ်မာယာများသည့် ပြည့်တန်ဆာမသည် သုန္ဒရသမုဒ္ဒအား အပိုင်အနိုင်ချုပ်ကိုင်လျက် သိမ်းသွင်းတော့သည်။

"အရှင်ဘုရားက ဒီရာဇဂြိုဟ်မြို့သားလာ ဘုရား"

"မဟုတ်ဘူး ဒကာမ"

"သာဝတ္ထိကပါ"

"သြော် ... သာဝတ္ထိကလား။ မိဘနှစ်ပါး မရှိတော့ဘူးထင်တယ်"

"ရှိပါတယ် ဒကာမ"

"ဒါဆို ... ဆိုးလွန်းလို့ ပစ်ပယ်ထားတာလား"

"မဟုတ်ပါဘူး"

"မိဘက ရဟန်းဝတ်တာ ကြည်ကြည်ဖြူဖြူ ခွင့်ပြုထားတာလား ... ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကျုပ်ဆန္ဒအရပါ"

"အို ... ယယ်ယယ်ရွယ်ရွယ်နဲ့ ရဟန်းဘဝကို ဘာကြောင့် ကူးရတာလဲ ဘုရား၊ အရှင်ဘုရားအရွယ်က အရွယ်ကောင်းပါသေးတယ်။ အဆင်းလည်း ရှိတယ်။ အိမ်ထောင်တစ်ခုကိုလည်း ထိန်းသိမ်းနိုင်စွမ်းရှိတယ်။ ဘာကြောင့်များ ရဟန်းဖြစ်ချင်တာလဲ"

ဆွမ်းဒကာမက မဆိုင်သည့် ကိစ္စများမေးလျက် ပရောပရီ ဆက်ဆံလာကတည်းက အခြေအနေကို ရိပ်စားမိလိုက်သည်။ မကြံစည်အပ်သော အကြံအစည်ဖြင့် ကြံစည်လေပြီဟူသော အသိကြောင့် ဘုရားရှင်ကို တလိုက်မိသည်။

မြတ်ဘုရားသည် လေးဆယ့်ငါးယူဇနာဝေးကွာသည့် ဇေတဝန်ကျောင်းမှနေ၍ ထိုအဖြစ်အပျက်ကို သိသည်။ အာနန္ဒာမထေရ်ကို အသိပေးလိုက်သည်။

"ချစ်သား၊ အာနန္ဒာ၊ ရာဇဂြိုဟ်မြို့ရှိ ဘုံခုနစ်ဆင့်မြင့်တဲ့ ပြာသာဒ်ထက်မှာ ငါ့၏သားတော် သုန္ဒရမထေရ်နဲ့ ပြည့်တန်ဆာမတို့ဟာ သူနိုင်ကိုယ်နိုင် အပြိုင်စစ်ခင်းနေကြပြီ"



"ရှင်တော်ဘုရား၊ အဘယ်သူက အနိုင်ရပါ့မလဲ ဘုရား"

"သုန္ဒရသမုဒ္ဒ အနိုင်ရပေမယ် ချစ်သား"

ဘုရားရှင်က ဤသို့ မိန့်ကြားပြီး ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးစေလျက် သုန္ဒရသမုဒ္ဒအား သတိပေးတရားပြလိုက်သည်။

"ချစ်သားရဟန်း၊ ဝဋ္ဋ ကိလေသာ နှစ်ဖြာသော ကာမဂုဏ်ကို ပယ်ခွာလျက် တပ်မက်မှု ပယ်ဖျောက်လော့"

ဤသို့ တရားပြလိုက်သည့်အဆုံးတွင် သုန္ဒရသမုဒ္ဒသည် ကိလေသာကို ပယ်ခွာလျက် အရဟတ္တမဂ်သို့ ဆိုက်လေ၏။ ထိုအခါ တန်ခိုးစွမ်းအင်ဖြင့် ကောင်းကင်ကို ပျံတက်ကာ ပြာသာဒ်အမိုးကို ဖောက်ပြီး ဘုရားရှင်ထံမှောက်သို့ အရောက်လှမ်းကြွသွားတော့၏။

* * *

သာဝတ္ထိမြို့သူ ပြည့်တန်ဆာမသည် ကာမဂုဏ်အာရုံ၌ နှစ်မျောနေသူပီပီ စည်းစိမ်ကို မက်မော၏။ လောကီအာရုံငါးဝကာမဂုဏ်ကို လိုလား၏။ ထို့ကြောင့် ကုဋေလေးဆယ်ကြွယ်ဝသည့် သူဌေးလင်မယား အကူအညီတောင်းသည်ကို အလွယ်တကူ လက်ခံလိုက်သည်။ သူ၏ လှည့်ဖြားတတ်သော မာယာအတတ်ကို အသုံးချလျက်

www.burmeseclassic.com


www.burmeseclassic.com



သုန္ဒရသမုဒ္ဒဘာဝကို ဖျက်ရန်ကြံစည်သည်။ အကယ်၍ သူ့အကြံအစည်သာ အောင်မြင်လျှင် သာသနာတော်၌ အဖိုးတန်ပုဂ္ဂိုလ်တစ်ဦး ဆုံးရှုံးရတော့မည်။ ဤသို့သော ပြည့်တန်ဆာမမျိုး အမြောက်အမြားရှိလျှင် သာသနာတော်၌ ရဟန်းဟူ၍ပင် ကျန်စရာမရှိ။ သာသနာဖျက်သည့် ပြည့်တန်ဆာမလေးကား ကြောက်စရာကောင်းသည့် မိန်းမသားပင်ဖြစ်တော့သည်။

ကျမ်းကိုး။

ဓမ္မပဒ၊ ဗြဟ္မကာဝင်၊ သုန္ဒရသမုဒ္ဒဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

မိဖုရားသည်ကျွန်ကို ကျွန်ဟုမမြင်တော့။
ကာမအမှောင်၏ပိတ်ဖုံးမှုကြောင့် အမြင်အာရုံက
စုံလုံးကန်းတော့သည်

## ယုတ်မာယောက်ပြား မိန်းမသား

ဗာရာဏသီမင်း၏သားတော်သည် တတ်အပ်သော အတတ်ကို သင်ယူတတ်မြောက်သော် ဆရာအားထိုက်တန်သော အခကြေးငွေပူဇော်လျက် တိုင်းပြည်သို့ပြန်ခဲ့သည်။ ဗြဟ္မဒတ်မင်းက အိမ်ရှေ့မင်းအရာပေးသည်။ မင်းသားသည် တိရစ္ဆာန်တို့၏စကားကို ကျွမ်းကျင်စွာတတ်မြောက်သည်။

တစ်နေ့တွင် မြွေခွေးမသည် သားငယ်နှစ်ကောင်နှင့်အတူ ပြွန်ပေါက်မှမြို့တွင်းဝင်လာသည်။ အစာကိုလှည့်ပတ်ရှာ၏။ ဇရပ်ပေါ်တွင် လူတစ်ယောက်အိပ်နေသည်။ ဖိနပ်ကိုချွတ်ထားသည်ကို ခွေးငယ်တို့ကမြင်သော် စားရန်အားထုတ်သည်။ မိခင်ခွေးမက ပိုင်ရှင်အိပ်

www.burmeseclassic.com

www.burmeseclassic.com



သေး၊ အိပ်မှစားဟုသွန်သင်သည်။ တိရစ္ဆာန်အချင်းချင်းပြောသည့်စကားကိုဇရပ်နှင့်မနီးမဝေးရှိ အိမ်ရှေ့မင်းသားစံအိမ်မှကြားရသည်။ မင်းသားကဇရပ်ပေါ်မှ လူကိုအသိပေး၍ ဖိနပ်ကိုသိမ်းဆည်းသဖြင့် ခွေးတို့ဖိနပ်မစားရတော့ချေ။

တစ်ကြိမ်တွင်လည်း အရက်သမားတစ်ယောက်က ကန်တွင်းဆင်းရာရေနစ်သေသည်။ လူသေကိုစားရန်ခွေးငယ်လေးများက တိုင်ပင်သည်။ မင်းသားကသိသဖြင့် အလောင်းကိုမြေမြှုပ်စေသဖြင့် စားခွင့်မရပြန်။

"အမေ… ကျုပ်တို့ ပါးစပ်ထဲရောက်လုနီးတဲ့အစာကို ဒီလူ ပုတ်ချတာနှစ်ခါရှိပြီဗျ"

"သူက မန္တန်အတတ် တတ်နေတာကိုး"

"ဒါဆို ကျုပ်တို့အစာငတ်ပြီပေါ့"

"စိတ်ရှည်စမ်းပါသားရယ်… နောက်သုံးရက်ကြာရင် တခြားမင်းတစ်ပါး ဒီတိုင်းပြည်ကိုစစ်ထိုးလိမ့်မယ်။ ရန်သူမင်းကသင်းကိုလည်းဖြတ်သတ်လိမ့်မယ်။ အဲဒီအခါကျတော့ ဒီလူ့အသားအဝသာစားတော့"

မြေခွေးမ၏စကားကို မင်းသားကြားသည်။ အခြေအနေကို အကဲခတ်စောင့်ကြည့်သည်။ ရန်သူမင်းသည် သုံးရက်မြောက်နေ့တွင် စစ်ထိုးလာသည်။ ထိုအခါ ဖခင်ဗြဟ္မဒတ်မင်းက ရန်သူကိုထွက်



တိုက်ရန် အမိန့်ပေးသည်။ ကြိုတင်သိထားသည့် နိမိတ်ရှိသဖြင့် စစ်မထိုးလို။ သို့ ဘ် မင်းမိန့်မလွန်ဆန်ဝံ့သဖြင့် စစ်သည်များခေါ်ဆောင်လျက် အခြားအရပ်သို့ တိမ်းရှောင်သည်။ ဗြဟ္မဒတ်မင်းသည် မိမိအသက်ကို မိမိသာလျှင် စောင့်ရှောက်ရတော့အံ့ဟု တွေးလျက် မိဖုရား၊ ပုရောဟိတ်၊ ပုဏ္ဏားနှင့် ကျွန်တစ်ယောက်ကိုခေါ်လျက် တောသို့ပြေးဝင်သည်။

ဖခင်နှင့်မိဖုရားတို့ပြေးသော် မင်းသားသည် စစ်သည်အလုံးအရင်းနှင့် မြို့တွင်းပြန်ဝင်လျက် ခုခံသည်။ ရန်သူမင်းစစ်ရှုံး၍ ထွက်ပြေးသော် မင်းသားသည် ထီးနန်းစိုးစံလေ၏။

* * *

ဗြဟ္မဒတ်မင်းသည် တစ်ခုသောမြစ်နားတွင် သစ်ခက်တဲဆောက်လျက်နေသည်။ ဘုရင်နှင့်ပုရောဟိတ်သည် နံနက်မှစ၍ သစ်သီးရှာထွက်ရာ ညနေစောင်းမှ ပြန်ရောက်လေ့ရှိသည်။ မိဖုရားကို စောင့်ရှောက်ရန် ကျေးကျွန်ပရန္တပကို ထားရစ်လေ့ရှိသည်။ တောကြီးမျက်မည်းထဲတွင် နှစ်ယောက်တည်းနေရသဖြင့် မိဖုရားသည်ကျွန်ကို ကျွန်ဟုမမြင်တော့။ ကာမအမှောင်၏ပိတ်ဖုံးမှုကြောင့် အမြင်အာရုံက စုံလုံးကန်းတော့သည်။ ရက်ရှည်ကြာသော် မိဖုရားနှင့်ကိုယ်ဝန်တည်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အမောင်ပရန္တပ။ သင်နှင့်ငါဖောက်ပြန်သည်ကို ဘုရင်မင်းမြတ်သိလျှင်မလွယ်"

မိဖုရားစကားကြားသော် ပရန္တပပြင်းစွာတုန်လှုပ်သွားသည်။ သခင်ကိုမျက်နှာချင်းဆိုင်ဖို့ပင် မဝံ့အောင်ဖြစ်ရသည်။

"ဒါ... ဒါဆို"

"သူမသတ်ခင် ကိုယ်ကဦးအောင်သတ်လေ"

"အဲဒါခက်တာပဲ။ နဂိုကမျက်နှာတော်ကို မော်မဖူးဝံ့တာ"

"ဟဲ့ ပရန္တပ။ ဗြဟ္မဒတ်မင်းလည်းယောကျ်ား၊ သင်လည်းယောကျ်ားမဟုတ်တုံလော သတ္တိနည်းသူကို ငါမလိုလားဘူး"

"ဒါဆို... ဘယ်လိုသတ်ရမလဲ"

"မင်းကြီးရေချိုးစဉ် သန်လျက်နဲ့ရေသနုပ်ယူထားရတယ်မဟုတ်လား၊ အမှတ်တမဲ့ဖြစ်နေစဉ် သန်လျက်နဲ့ပိုင်းခေါင်းကိုဖြတ်ပြီးအဲဒီနေရာမှာပဲမြှုပ်ခဲ့"

"ကောင်းပါပြီ အရှင်မ၊ ဒီအစီအစဉ်အတိုင်းလုပ်ပါ့မယ်"

တစ်နေ့သော် ပုရောဟိတ်တစ်ယောက်တည်း သစ်သီးရှာထွက်သည်။ မင်းကြီးသည် ရေချိုးရန် ပရန္တပကိုခေါ်လျက်ရေဆိပ်ဆင်းသည်။ အခွင့်အရေးပေါ်ပြီဟု တွက်လျက် မင်း၏ဆံပင်ကိုဆွဲသည်။



သန်လျက်ဖြင့်ရွယ်သည်။ မင်းသည် သေမည့်ဘေးကိုကြောက်ရွံ့သဖြင့် အော်ဟစ်အကူအညီတောင်းသည်။ မင်းကြီး၏အော်သံကို သစ်သီးရှာထွက်နေသော ပုရောဟိတ်ကြားရသည်။ တစ်စုံတစ်ရာ ထူးခြားပြီဟု တွက်လျက် သစ်ပင်ထက်တက်ကြည့်သော် မင်းကြီးကို ပရန္တပလုပ်ကြံသည်ကိုမြင်သည်။ အခြေအနေက ရှုပ်ထွေးနေသည့်ပြင် ပရန္တပလက်ထဲ၌ ဓားသန်လျက်ရှိနေသဖြင့် သစ်ပင်မှဆင်းပြီးချုံတစ်ခုတွင် ဝင်ပုန်း နေလိုက်သည်။

ပုရောဟိတ်သည် ညနေစောင်းမှ ချုံတွင်းကထွက်ပြီး ဘာမျှမသိလေဟန်ပြုသည်။ ပတ်ဝန်းကျင်ကို မသိလေဟန်ဖြင့် မျက်စိကန်းသူနှယ် ဟန်ဆောင်ပြန်လာသည်။

"ပုရောဟိတ်၊ ဘယ်လိုအန္တရာယ်ကြုံလာလဲ"

"အရှင်မင်းကြီး သစ်သီးရှာစဉ် မိုးရွာချလို့ သစ်ပင်ရိပ်ဝင်ခိုရာ ထိုအဝင်အောက်ရှိ တောင်ပို့မှမြွေကအဆိပ်လွှတ်လို့ မျက်စိကန်းသွားပါပြီ"

ပုရောဟိတ်သည် အိမ်စေကျွန်ပရန္တပမှန်းသိလျက် မင်းကြီးဟု တမင်ခေါ်လိုက်သည်။ ပရန္တပနှင့်မိဖုရားကြီးက ပုရောဟိတ်အမှန်[illegible] မျက်လုံးကွယ်လေပြီ။ တို့တွင်အန္တရာယ်မရှိတော့ဟု တ[illegible]လျက် ဝမ်းသာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ပုဏ္ဏားသင်မစိုးရိမ်လင့်။ ငါ့အပေါ်သစ္စာစောင့်တဲ့ သင့်ကို ငါလုပ်ကျွေးအံ့”

ထိုအချိန်မှစ၍ ပရန္တပသည်မိဖုရားနှင့် လွတ်လပ်စွာပေါင်းဖော်နေသည်။ သစ်သီးကိုလည်း ရှာကြံကျွေးသည်။ မကြာမီတွင် မိဖုရား၌ သားတော်တစ်ပါးဖွားမြင်လေသည်။ ပုရောဟိတ်သည် မျက်မမြင်ဟန်ဆောင်လျက် သားငယ်နှင့်ရင်းနှီးအောင် ပြုစုစောင့်ရှောက်ခဲ့ပေသည်။

* * *

“ပရန္တပ၊ သင်ကမင်းကိုသတ်စဉ် တစ်စုံတစ်ယောက်မြင်သလား”

“ချစ်သောမိဖုရား၊ မည်သူမျှမမြင်ပါ။ သစ်ရွက်သစ်ခက်လှုပ်ရှားသံတော့ ကြားမိသလိုပဲ”

“ဟုတ်လား... ဘယ်လိုလှုပ်တာလဲ... လူလား... တိရစ္ဆာန်လား”

“အဲဒါမသိ၊ ဘာမျှမမြင်ရပါ။ ဒါပေမယ့် စိတ်ထဲမှာ တစ်နေ့နေ့တော့အန္တရာယ် ရောက်မယ်ထင်နေတယ်”



မိဖုရားနှင့်ပရန္တပသည် ပုရောဟိတ်ကို အလေးအနက်မထားဘဲ ကာမဂုဏ်ရေယဉ်ကြောတွင် နစ်မျောနေသည်။ ထိုစဉ်ခိုက် သူတို့၏ ဖြောင့်ဖြူးနေသည့်ဘဝတွင် အနှောင့်အယှက်ဖြစ်မည်ထင်၍ တီးတိုးတိုင်ပင်သံကို ကြားရသည်။

မျက်မမြင်ပုဏ္ဏားနှင့် မိဖုရားသည်ပရန္တပကို မှီခိုနေရ၍ ပရန္တပ ပင်သစ်သီးရှာကြံကျွေးနေရသည်။ တစ်ရက်တွင်ပရန္တပ သစ်သီးရှာထွက်ချိန် ပုရောဟိတ်သည် မန္တန်ကိုရွတ်၏။

သစ်ခက်သစ်ရွက်လှုပ်သံသည် ပရန္တပကို စိတ်ဆင်းရဲစေသည်။ ငါသည်လည်း ကျန်ရစ်သော ပုဏ္ဏားမကိုသတိရသဖြင့် စိတ်ဆင်းရဲရ၏”

မန္တန်ရွတ်သံကြားသော် အဘယ်အရာဆိုသနည်းဟု မိဖုရားက မေးသည်။ အန္တရာယ်ကင်းဂါထာပါဟု လိုးလွှဲဖြေသည်။ ဤသို့ဖြင့် အချိန်များကုန်လွန်ခဲ့ရာ မင်းသားငယ်သည် (၁၆) နှစ်အရွယ်သို့ပင် ရောက်လာသည်။ ပုရောဟိတ်သည် ဝတ်ကြီးဝတ်ငယ်ပြုစုပေးရင်း ပညာသင်ပေးသည်။ တစ်ရက်တွင် မင်းသားငယ်ကို တောင်ဝှေးကိုင်စေလျက် ရေဆိပ်သို့ဆင်းခဲ့သည်။ ရေဆိပ်ရောက်သော် လူကောင်းသို့ ပြုမူသဖြင့် မင်းသားအံ့ဩနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ပုရောဟိတ်၊ သင်ကန်းနေသည်မဟုတ်လော..."

"မင်းသား ငါမကန်း။ တစ်စုံတစ်ခုသောအကြောင်းကြောင့် ကန်းယောင်ဆောင်နေတာ ဖြစ်တယ်"

"ဘယ်လိုအကြောင်းလဲ"

"မင်းသား သင့်အဖေကိုသိသလော"

"ပရန္တပဟာ ကျွန်ုပ်ဖခင်မဟုတ်လော"

"သင့်အဖေမဟုတ်။ ဗြဟ္မဒတ်မင်းကသင့်အဖေ။ ပရန္တပက သင်တို့ကျွန်၊ သင့်ရဲ့မိခင်ကပရန္တပနဲ့ ဖောက်ပြန်ကျူးလွန်ပြီး သင့်အဖေကိုသတ်ပစ်တယ်။ ဒီရေဆိပ်မှာမြှုပ်ထားတယ် မင်းသား"

ပုရောဟိတ်သည် မင်း၏အရိုးတို့ကို တူးဖော်ပြသည်။ မင်းသားသည်အံ့သြတုန်လှုပ်မိသည်။ ဖခင်အတွက်လည်း စိတ်သောကဖြစ်ရသည်။

"ဆရာ ဘယ်သို့လုပ်ရမလဲ"

"သင့်ဖခင်ကိုရေဆိပ်မှာ သတ်သလို ပရန္တပကိုလည်း သတ်သင့်တယ်"

တစ်နေ့တွင် မင်းသားသည်ပရန္တပနှင့်အတူ ရေဆိပ်သို့သွားသည်။ ပရန္တပရေချိုးနေစဉ် မင်းသားငယ်က သန်လျက်ဆွဲလျက် ပရန္တပ



သျှောင်ကိုဆွဲသည်။ "သင်သည်ငါ၏ဖခင်ကိုသတ်သည့်နည်းတူ သင်လည်းသေအံ့" ဟုကြိမ်းမောင်းသည်။

"သစ်ခက်လှုပ်သံလာချေပြီ... တစ်စုံတစ်ယောက်က သစ်ခက်ကိုလှုပ်သည်၊ ထိုသူကသင့်ကိုပြောပြီ။ သစ်ရွက်လှုပ်စဉ် လူဟူ၍လည်းကောင်း၊ တိရစ္ဆာန်ဟူ၍လည်းကောင်း မထင်ရှား။ ထိုစဉ်ကတည်းက သေဘေးဖြစ်လတ္တံ့ဟု မြင်ခဲ့သည်။ ခုသေဘေး ရောက်ချေပြီတကား"

ပရန္တပသည် ကြောက်ရွံ့တုန်လှုပ်စွာ ရေရှုတ်နေစဉ်မှာပင် ဗြဟ္မာဒတ်မင်း၏သားတော်က ခေါင်းကိုဖြတ်၏။ မြေမြှုပ်ထားခဲ့ပြီး ကိုယ်လက်သန့်စင်လျက် တဲသို့ပြန်ခဲ့သည်။

"သားတော်မောင်... ပရန္တပရော"

"ကျွန်ုပ်ဖခင်သတ်မှုအား လက်စားချေခဲ့ပြီ"

"အို... "

"မိခင်၊ သင်ဟာ ကျေးဇူးသစ္စာရှိတဲ့ ဖခင်ဘုရင်မင်းမြတ်အပေါ် သစ္စာဖောက်ပြားမှားယွင်းမှားခဲ့သည်။ ဒီအဖြစ်ရဲ့တရားခံက အမိပါပဲ"

"မှားခဲ့မိပြီ သားတော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်၏မိခင်ဖြစ်လို့ ပဉ္စာနန္ဒီယကာံထိုက်မှာစိုး၍ ကျွန်ုပ်ခွင့်လွှတ်ပြီး။ သို့သော် လင်သားအပေါ်ဖောက်ပြားလျက် သစ္စာမဲ့သည့်မိခင်ကို ပြည်သူများက နှစ်လိုဖွယ်မရှိ။ ဤအမှုကို ကျွန်ုပ်မစီရင်။ ပြည်သူတွေစီရင်မယ်လေ"

မင်းသားသည် ပုရောဟိတ်ကို ခေါ်လျက် ဗာရာဏသီပြည်သို့ ပြန်လာသည်။ နောင်တော်ဗြဟ္မဒတ်မင်းသည် ညီငယ်အားကြိုဆိုလျက် အိမ်ရှေ့အရာ အပ်နှင်းသည်။ သစ္စာမဲ့သောမိခင်ကိုမူ အိမ်နိမ့်ချသာစံစေလေ၏။

ကျမ်းကိုး:

သတ္တနိပါတ်၊ ဂန္ဓာရဝဂ်၊ ပရန္တပဇာတ်

ooo



www.burmeseclassic.com

www.burmeseclassic.com

မောင်စိတ္တသည် ဖခင်အကျိုးလိုလားသည့်
သားသမီးနှယ် ဆရာကြီး၏အကျိုးကို
လိုလားစွာဖြင့် အမြဲမပြတ် ဂရုစိုက်နေသည်။
ထိုအခါ ဆရာကြီးငနိုးသည်၏
ဖောက်ပြားမှုကိုမျက်ဝါးထင်ထင် မြင်ရသည်။

# လော်လီဖောက်ပြား မိန်းမသား

"ဆရာကြီး၊ ကျွန်တော်ခြေဆုပ်လက်နယ် ပြုပါရစေ"

"သာဓုပါဗျာ... သာဓု"

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာကြီး ဖြစ်သည်။ အမြို့မြို့အနယ်နယ်မှ လာရောက်သော မင်းညီမင်းသား၊ သူဌေးသား၊ ပုဏ္ဏားတို့၏သားများသည် ဆရာကြီးထံအတတ်သင်ယူကြသည်။ ငွေကြေးတတ်နိုင်သူက အဖိုးအခငွေပေးသင်ကြသော်လည်း အချို့ကမူ အသပြာ ငွေမတတ်နိုင်သဖြင့် အမှုလုပ်အဖြစ်ထမ်းဆောင်ပြီး ပညာသင်ကြသည်။ မည်သို့သော ပညာသင်ဖြစ်စေ၊ ဆရာကြီးသည် စေတနာထားလျက် သင်ပြပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တပည့်ငါးရာအနက် မောင်စိတ္တသည် လိမ္မာရေးခြားရှိပြီး တပည့်တာဝန်ကျေပွန်သူဖြစ်သည်။ မောင်စိတ္တသည်အဖိုးအခအဖြစ် အမှုလုပ်ပညာသင်ရသည်ဟု မမြင်ဘဲ ဆရာကြီးအား အဝေးမှာရှိသည့် မိဘနှင့်မခြား မြတ်နိုးသည်။ မိဘတာဝန်ကိုကျေပွန်စေသည့် နည်းတူ ဆရာကြီး၏ ကိုယ်ရေးကိုယ်တာ၊ ဆရာကြီး၏ဇနီးသည်၏ ကိုယ်ရေးကိုယ်တာ၊ အိမ်မှုကိစ္စပါမကျန် စေတနာပါပါဖြင့် ဆောင်ရွက်သည်။ မောင်စိတ္တ၏စေတနာ၊ မေတ္တာကို တန်ဖိုးထားသည့်အနေဖြင့် ဆရာကြီးကလည်း သားသမီး တစ်ယောက်နှယ် ဆိုးဟိုင်ပင်၊ ကောင်းတိုင်ပင် ပြုလေ့ရှိသည်။

မောင်စိတ္တသည် ဖခင်အကျိုးလိုလားသည့် သားသမီးနှယ် ဆရာကြီး၏အကျိုးကို လိုလားစွာဖြင့် အမြဲမပြတ် ဂရုစိုက်နေသည်။ ထိုအခါ ဆရာကြီးဇနီးသည်၏ ဖောက်ပြားမှုကိုမျက်ဝါးထင်ထင် မြင်ရသည်။ ဆရာကြီးကိုယ်စားရင်ထဲနာကျင်မှု ခံစားရသည်။

ယင်းသတင်းကိုသိလျှင် သိခြင်းဖခင်ဆရာကြီးအား သတင်းပေးချင်သည်။ သို့သော်ထိုသတင်းကို ဆရာကြီးလက်ခံပါမည်လား... ဘယ်နည်းနှင့်မျှ လွယ်လွယ်ကူကူ လက်မခံနိုင်။ ချစ်မြတ်နိုး၍ ယူထားသည့်ဇနီးသည်၏ မကောင်းသတင်းကိုဘယ်လင်သားမှ မကြားချင်။ ကြားလျှင်လည်း လွယ်လွယ်ကူကူ ယုံနိုင်ဖို့ခက်ခဲသည်။ ထိုစကား



လက်မခံလျှင် မဟုတ်မမှန်လုပ်ကြံပြောသည့် တပည့်မိုက်ဟု အပြစ်တင်မည်။ စေတနာက ဝေဒနာဖြစ်သွားနိုင်သဖြင့် ချီတုံချတုံ စဉ်းစားခဲ့သည်။ သို့နှင့် သီတင်းတစ်ပတ်သာသာ စောင့်ကြည့်ခဲ့သည်။ အခြေအနေက ရပ်တန့်ခြင်းမရှိဘဲ ကဲလွန်လာသဖြင့် မှန်းလျှင်လည်း မှန်းစေတော့ဟု ဆုံးဖြတ်လိုက်တော့သည်။

* * *

မောင်စိတ္တနှိပ်နယ်ပေးသည်ကို မှိန်းလျက် အညောင်းအညာဖြေခံနေသော ဆရာကြီး၏မျက်နှာကို အကဲခတ်လိုက်သည်။ ပကတိအေးချမ်းတည်ငြိမ်သော ဆရာကြီး၏မျက်နှာသည် သူ့စကားတစ်ခွန်းကြောင့် ရှင့်ရော်သွားမည်၊ ညှိုးရော်သွားလေမည်လားဟု တွေးပြီးတုံ့ဆိုင်းနေပြန်သည်။ သို့သော် တပည့်ကောင်းတစ်ယောက်အနေဖြင့် သတင်းမှန်ကိုပေးသင့်သည်ဟု တွက်လိုက်သည်။

"ဆရာကြီး"

"ဟေ... ပြောမောင်စိတ္တ၊ ဘာပြောစရာရှိလဲ"

"ဆရာကြီးအကျိုး၊ ဆရာကတော့်အကျိုးအတွက် ကျွန်တော်စကားတစ်ခွန်းလောက် ပြောလို့ရမလား"

"ရပါတယ်... "

"ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုခွင့်ပေးလိုက်ပြီး နှိပ်နယ်မှုအစသတ်သည့် သဘောဖြင့် ခြေကိုရုပ်သည်။ လျှောင်းရာမှထထိုင်သည်။ တည်ငြိမ် သည့်အပြုံး တစ်ချက်ဖြင့် တုံ့ပြန်ကြည့်ပြီး "မင်းအမေဖောက်ပြန်တာ တွေ့လိုက်ပြီနဲ့တူတယ်" ဟု တုံးတိတိပြောလိုက်သဖြင့် အံ့ဩသွားသည်။ ဆရာကြီးမျက်နှာကိုလည်း အလွန်တရာအံ့အားသင့်ဟန်ဖြင့် ကြည့်နေမိသည်။

"သားမောင်ပြောတဲ့ကိစ္စ ကြိုသိနေလို့ အံ့ဩနေလား"

"ဟုတ်ကဲ့။ ဆရာကြီးသိနေတဲ့အတွက် စဉ်းစားရခက်နေတာ"

"အင်း... ဟုတ်တယ်။ မင်းရဲ့အမိ၊ ဆရာကြီးရဲ့ကတော်ဟာ ကိလေသာအာရုံကာမဂုဏ် အားကြီးသူပဲ။ သူဟာတွေ့ရာလူနဲ့ ဆက်ဆံလေ့ရှိတာကို ဆရာကြီးသိတယ်"

"သိတယ်... ။ ဒါနဲ့များ ဆရာကြီးရယ်"

"အဟင်း သိရက်နဲ့ ဘာဖြစ်လို့မတားသလဲ။ ဘာကြောင့် သည်းခံခွင့်လွှတ်နေလဲ။ ဘာဖြစ်လို့မဆုံးမလဲလို့ ပြောချင်တာလား"

"ကောက်နေတဲ့ခွေးမြီးကို ကျည်တောက်စွပ်ထားတုန်းပဲ ဖြောင့်မယ်။ အဲဒီကျည်တောက်ဖြုတ်ရင် ကောက်မြဲကောက်တာသဘာဝပဲ။ အခုလည်း မင်းအမေဟာ ဒီကိစ္စကိုဝါသနာအရေး၌ ပြောရလိမ့်မယ်"



မောင်စိတ္တသည် ဆရာကြီး၏မှတ်ချက်ကို ဘဝင်မကျနိုင်။ ဝါသ အရဟုဆိုရမည့် ခွင့်လွှတ်ရမည့်ကိစ္စမျိုးမဟုတ်။ အပြစ်ကိုဖော်ထုတ်ရမည်၊ ရှုတ်ချရမည်၊ ပြုပြင်မှုရှိမရှိစောင့်ကြည့်ရမည်။ အကယ်၍ မပြုပြင်လျှင်... ။

"သားမောင် မြစ်ဟာ အလုံးစုံသော အရာနဲ့ဆက်ဆံသလို ခရီးလမ်းဆိုတာကလည်း အလုံးစုံသော သူတို့နဲ့ဆက်ဆံရသလို သေတင်းကုပ်ဟာလည်း လူမျိုးစုံနဲ့ဆက်ဆံရတယ်"

"အဖဆရာ... အခုဟာက သေတင်းကုပ် မဟုတ်ဘူးလေ"

"မှန်တယ်။ ဇရပ်ဟာ အလုံးစုံသောသူတို့ရဲ့ တည်းခိုခွင့်ရှိတယ်။ လမ်းဘေးရေအိုးစင်လည်း လူတိုင်းဝင်သောက်ခွင့်ရှိတယ်"

"အမိက လမ်းဘေးရေအိုးစင် မဟုတ်ဘူးအဖ"

"သူက မိန်းမလေ... မိန်းမသား။ "မိန်းမသားမှာ မိန်းမသားစရိုက်ရှိတာ ဆန်းသလားသား"

"အများအတွက်မဆန်းပေမယ့် ဆရာကြီးအတွက်တော့ ဆန်းပါတယ်။ အပြည့်ပြည့် အရပ်ရပ်က ရောက်လာသူတွေကို အသိပညာပြည့်စုံတဲ့ ဆရာကြီးဟာ ဒီကိစ္စအတွက်ဂုဏ်သိက္ခာ ထိခိုက်ပါတယ်"

www.burmeseclassic.com



"သားမောင်။ မင်းရဲ့အမေဖောက်ပြန်လို့ ဆရာ့ဂုဏ်သိက္ခာ ထိခိုက်တယ်ဆိုတာ ယေဘုယျသဘောပါ။ တကယ့်သိက္ခာကျတာက သူပါပဲ။ သားမောင်ကို အဖအမှာစကားပြုချင်တာ တစ်ခုရှိတယ်"

"ပြောပါအဖ"

"ဤမိန်းမသည် ဤသူစိုးပိုင်၏လို့ပိုင်းခြားသတ်မှတ်ချက် မရှိပါဘူး။ လင်မယားဆိုတာ ပညတ်ချက်တစ်ခုပဲ။ မတည်ငြိမ်ဖောက် ပြန်တော့လည်း သူ့သဘောသူဆောင်တယ်လို့သာ မှတ်ယူပါသား"

မောင်စိတ္တသည် အဖဆရာကြီး၏စကားအတိမ်အနက်ကို ဝေဖန်သုံးသပ်နိုင်စွမ်း မရှိသော်လည်း ဖောက်ပြန်နေသော မိန်းမသားအ ပေါ်သည်းခံခွင့်လွှတ်နိုင်ခြင်းမှာ အံ့ဩမိသည်။

အမှန်မှာမူ ဆရာကြီးသည် အတိုင်းတိုင်းအပြည်ပြည်၊ အမင်းမင်းတို့က လေးစားကြည်ညိုရသူ။ မြောက်မြားစွာသော တပည့် များသည် ဆရာကြီး၏အဆုံးအမနာယူခဲ့ဖူးသည်။ ထိုသို့သော ပုဂ္ဂိုလ် ကြီးက ဇနီးမယားကိုပင် လိမ္မာရေးခြားရှိအောင် မဆုံးမနိုင်ပါသလား ဟု အပြစ်မတင်လို။ ဆရာကြီးသည် မိန်းမတို့၏သဘောသဘာဝ



ကို ကျမ်း ကြေအောင်သိထားသူဖြစ်သည်။ ဤမကောင်းမှုကံသည် လည်း သူ့အပြစ်၊ သူ့ကံဖြင့် သူ့လမ်းသူစီရင်မည်ကို သိသည်။ မသိသူက လော်လီဖောက်ပြား၊ စိတ်ကစားတတ်သည့် မိန်းမသားသာ။

မောင်စိတ္တသည်အမေအရင်းနှယ် သဘောထားသည့် ဆရာကတော် အတွက် ရင်လေးနေမိတော့သည်။

* * *

**ကျမ်းကိုး**

ဓမ္မပဒ၊ မအလဝင်၊ အမျိုးသားတစ်ဦးဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

# ကြောက်စရာမိန်းမသား

မောင်ဝေနွ

(လယ်ဝေး)

BURMESE CLASSIC .com



www.burmeseclassic.com